# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## တပ်မက်မှုကို စွန့်လွှတ်

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ ဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**


၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့ | ၂၀၁၈ ခုနှစ်၊ ဧပြီ ၁၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၉၇)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဟာသင်္ကြန်ရေသဘင်ပွဲ ပါဝင်ဆင်နွှဲ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချိုအား အတာရေပက်ဖျန်းစဉ်။ ဓာတ်ပုံ-ကိုသာဗျော

**နေပြည်တော် ဧပြီ ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မဟာသင်္ကြန်အကျနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ နေအိမ်အနီး တိုက်ချီတိုတို့ ရေကစားမဏ္ဍပ်သို့ ရောက်ရှိပြီး မဟာသင်္ကြန်ရေသဘင်ပွဲကို ပါဝင်ဆင်နွှဲသည်။

အဆိုပါ ရေကစားမဏ္ဍပ်၌ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချို၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရွှေလှမ်း၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး နှင့် တာဝန်ရှိသူများလည်း ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

# တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းသို့ နေရပ်စွန့်ခွာမိသားစုဝင်ငါးဦး ပြန်လည်ဝင်ရောက်

**တောင်ပြိုလက်ဝဲ ဧပြီ ၁၄**

မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာသွားခဲ့ကြသည့် မိသားစုဝင်များအနက် အစ္စလာမ်ဘာသာဝင် အဲဖ်တာအာလွမ်ပါ မိသားစုဝင်ငါးဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့ ပြန်လည်လက်ခံရေးစခန်းသို့ ပြန်လည်ဝင်ရောက်လာကြသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသော မိသားစုဝင်ငါးဦးအား ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ၁၉၈၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံသားဖြစ်မှု ဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ နိုင်ငံအတွင်း အမှန်တကယ်နေထိုင်ခဲ့ခြင်း ရှိ၊ မရှိ စိစစ်ခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး သတ်မှတ်ချက်နှင့်ညီသော မိသားစုဝင်များအား NV(National Verification) ကတ်ပြားများကို နေ့ချင်းပြီး ပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြန်လည်ဝင်ရောက်လာသော မိသားစုဝင်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်နယ်ကျန်းမာရေးဦးစီးဌာနက မိသားစုဝင်တစ်ဦးချင်းတို့ကို ကျန်းမာရေးစစ်ဆေးပေးခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်၊ ခြင်ထောင်၊ စောင်၊ တီရှပ်၊ ကျားဝတ်၊ မဝတ် လုံချည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကာ နေရပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❖

## ထူးခြားသည့် နေ့အပူချိန်များ

၁၄-၄-၂၀၁၈

| | | |
|---|---|---|
| ချောက်မြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ကြေးမုံမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၁ | ဒီဂရီစင်တီဂရိတ် |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၄-၄-၂၀၁၈

| | |
|---|---|
| မုံရွာမြို့ | ၀ ဒသမ ၄၇ လက်မ |
| လားရှိုးမြို့ | ၀ ဒသမ ၃၁ လက်မ |
| ကြေးမုံမြို့ | ၀ ဒသမ ၂၈ လက်မ |
| မိုးကုတ်မြို့ | ၀ ဒသမ ၀၈ လက်မ |

**ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေကစားမဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေး** စာ » ၃

**ရန်ကုန်သင်္ကြန်အကျနေ့ လမ်းလျှောက်သင်္ကြန်နှင့်အတူ မဏ္ဍပ်ကြီးများ၊ လမ်းမကြီးများပေါ်တွင် ရေကစားသူများဖြင့် စည်ကား** စာ » ၅



မြန်မာ့အလင်း

# မြန်မာ-တရုတ် စီးပွားရေး စင်္ကြံလမ်း

နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံတို့သည် ထာဝရလက်တွဲရမည့်မိတ်ဖက်နိုင်ငံများဖြစ်ပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ထာဝရလက်တွဲရမည့် မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ထာဝရမိတ်ဖက်နိုင်ငံတို့ဟူသည် ထာဝရအကျိုးစီးပွားတို့ကို အပြန်အလှန် ဖန်တီးပေးနိုင်စွမ်းရှိရမည်ဖြစ်ပါသည်။ ပကတိအခြေအနေ၌လည်း မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံကြား ထာဝရအကျိုးစီးပွားတို့ကို အပြန်အလှန် ဖန်တီးပေးမည့်အခြေအနေကောင်းတို့ တည်ရှိနေကြပါသည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် မဟာ့မဟာ ရောမစီမံကိန်းကြီးဖြစ်သည့် တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (OBOR) ကို စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ဤတစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (OBOR) ၌ တစ်စိတ်တစ်ဒေသပါဝင်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံး၏ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား ပိုမိုကောင်းမွန်သော စီးပွားရေးကွန်ရက်တစ်ခုအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေးကို ဦးတည်လျက် တရုတ်-မြန်မာနှစ်နိုင်ငံစီးပွားရေးနယ်ပယ် ပူးပေါင်းဖလှယ်ရေးစင်မြင့်သစ် ဖန်တီးရေးလုပ်ငန်းစဉ်တို့ ဖြစ်ထွန်းပေါ်ပေါက်နေပြီ ဖြစ်ပါသည်။

တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (OBOR) ၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ရွက်မည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်းဟု ရည်ညွှန်းပြောဆိုကြပါသည်။ ဤ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်းစီမံကိန်း၌ မြန်မာလုပ်ငန်းရှင်များပါဝင်ဆောင်ရွက်နိုင်ရေးကို ဦးတည်လျက် မြန်မာ-တရုတ် စီးပွားရေးကောင်စီကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးကလည်း မြန်မာ-တရုတ် စီးပွားရေးကောင်စီ (သို့မဟုတ်)မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်းစီမံကိန်းအောင်မြင်ရေး၌ မြန်မာနိုင်ငံ၏လူသားရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အခြေခံအကြောင်းရင်းတစ်ရပ်အဖြစ် ပါဝင်လျက်ရှိပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ လူသားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံး၏သတင်းထုတ်ပြန်ချက်အရ တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာအစိုးရဝန်ကြီးဌာနများအပါအဝင် ကဏ္ဍအသီးသီးအတွက် ရက်တို Training သင်တန်းစုစုပေါင်း ၁၆၈ ခု စီစဉ်ပေးခဲ့သည်သာမက Seminar သင်တန်းနှင့် Bilateral သင်တန်းတို့ကိုလည်း စီစဉ်ပေးခဲ့ပါသည်။

မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်းစီမံကိန်း၏ ထာဝရအောင်မြင်မှုသည် ဤစီမံကိန်းက နှစ်နိုင်ငံစလုံးအတွက် အကျိုးစီးပွားတို့ကို အပြန်အလှန်ထာဝရဖန်တီးပေးနိုင်စွမ်းအပေါ် မူတည်နေပါသည်။ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်း စီမံကိန်းအနေဖြင့် သက်ဆိုင်ရာတစ်နိုင်ငံချင်းစီ၏ အားသာချက်တို့ကို နှစ်နိုင်ငံစလုံး၏အကျိုးစီးပွားအတွက် အပြန်အလှန် ဖန်တီးပေးနိုင်မှသာ ထာဝရအောင်မြင်မှုကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံလမ်းစီမံကိန်း၏ ထာဝရအောင်မြင်မှုအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာ နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

# မြန်မာ-ဂျပန်ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေး

နေပြည်တော် မေ ၁၄

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် မေ ၁၂ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ပြုလုပ်သည့် မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းရှင်များ ၊ ဂျပန်နိုင်ငံမှ အဆိုကျော် Suwa Junko နှင့် အဖွဲ့တို့အား တွေ့ဆုံဆွေးနွေးမှာကြားသည်။**

မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ကာလတွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင် ဗဟိုမဏ္ဍပ်၌ ဂျပန်နိုင်ငံမှ ဖက်ရှင်ပညာရှင် Junko Koshino၊ အဆိုကျော် Suwa Junko တို့သည် မြန်မာနိုင်ငံမှ အနုပညာရှင်များနှင့် ပူးပေါင်း၍ မြန်မာ-ဂျပန် နှစ်ဘာသာဖြင့် သရုပ်ဖော်တေးသီချင်းများကို မဟာသင်္ကြန်အတက်နေ့ (မေပြီ ၁၆ ရက်) နံနက်ပိုင်းတွင် ဖျော်ဖြေတင်ဆက်နိုင်ရန် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနေ့ မွန်းလွဲပိုင်းတွင် ဂျပန် ဧည့်သည်များသည် မြန်မာ့ရိုးရာ ရေကစားမှုအား မင်္ဂလာပါအမိုးဖွင့် မော်တော်ယာဉ်နှစ်စီးဖြင့် ရန်ကုန်မြို့တွင်း ရေပက်ခံကစား၍ လှည့်လည်ကြည့်ရှုကြသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှုနှင့် ခရီးသွားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာရေးအတွက် လည်းကောင်း၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် ချယ်ရီပန်းပွဲတော်ကို ၂၀၁၇-၂၀၁၈ခုနှစ်များတွင် နေပြည်တော်၌ (၂) ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။ ထို့အပြင် ၂၀၁၈ ခုနှစ် မတ်လအတွင်း၌လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစု သဘာဝအလှတရားအား သိရှိနိုင်ရေး၊ ပင်လယ်ပြင်ဆိုင်ရာဒိုင်ဗင်ကျွမ်းကျင်သူ ဂျပန်အဖွဲ့များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ သွားရောက်လေ့လာစေခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်မြို့က ရခိုင်တိုင်းရင်းသားရိုးရာသင်္ကြန် ကြိတ်ကြိတ်တိုးစည်ကား

**ရန်ကုန် မေ ၁၄**

(၁၅) ကြိမ်မြောက် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် (ရန်ကုန်)ကို ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး ရခိုင်လူမှုရေးအဖွဲ့အစည်းများ စုပေါင်းကာ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ သင်္ကြန်အကျနေ့အဖြစ် ရေပက်ကစားလျက်ရှိရာ ရေပက်ကစားကြသူများဖြင့် တိုးမပေါက်အောင် ကြိတ်ကြိတ်တိုးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ ဒီသင်္ကြန်မှာ ရခိုင်မှာရှိတဲ့ မျိုးနွယ်စုတွေလည်း ပါဝင်ရမယ်ဆိုတော့ ကျွန်တော်တို့ ခမီတိုင်းရင်းသားတွေလည်း ပါဝင်တာပါ၊ ဒါပေမယ့် ဒီမဏ္ဍပ်က ခမီနဲ့သက်လူမျိုးတွေပေါင်းပြီး ကျင်းပတာပါ၊ ဒါ ခမီတိုင်းရင်းသားတွေအနေနဲ့ ရန်ကုန်မှာ ပထမဆုံးသင်္ကြန်ပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု ခမီမဏ္ဍပ်ဦးဆောင်သူ ဦးသန်ဋ္ဌေးက ပြောသည်။

အဆိုပါ ရခိုင်တိုင်းရင်းသားရိုးရာသင်္ကြန်တွင် ရန်ကုန်ရောက် ရခိုင်မြို့နယ်အသင်းများဖြစ်သော ကျောက်တော်၊ မြောက်ဦး၊ ရမ်းဗြဲ၊ ရသေ့တောင်၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်း၊ မြေပုံ၊ ဘူးသီးတောင်၊ စစ်တွေ၊ မင်းပြား၊ မောင်တောနှင့် ပေါက်တောမြို့နယ်များမှ မြို့နယ်အသင်းများအပြင် ရခိုင်မျိုးနွယ်သက်နှင့်ခမီလူမျိုးများ၊ ရခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်း၊ လေးတောင်နယ်အသင်း၊ ရခိုင်အမျိုးသားအသင်းချုပ်၊ ရခိုင်အမျိုးသမီးအသင်း၊ ရခိုင်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ တောင်ဒဂုံရခိုင်အသင်း၊ ယိုးတရုတ်ရခိုင်သင်း၊ မင်္ဂလာဒုံ ရခိုင်သာရေးနာရေးအသင်းတို့ဖြစ်ကြသည်။



မြို့အသင်းများ အမည်ကိုလည်း ကစ္ဆပပျိုဖြူ၊ မြောက်ဦးနန်းသူ၊ ရမ္မာပျိုဖြူ၊ မေယုသဇင်၊ သန္တာမြေ၊ နတ်မြစ်ပျိုဖြူ၊ ရာမောင်ပျိုဖြူ အစရှိသဖြင့် ကဗျာဆန်ဆန်လှပစွာ အမည်ပေးထားသည်ကို တွေ့ရသည်။ ရခိုင်ရိုးရာသင်္ကြန်ကို နံ့သာသွေးပွဲ၊ ဘုရားရေသပ္ပာယ်ပွဲနှင့် သင်္ကြန်ရေလောင်းပွဲဟူ၍ အဆင့်သုံးဆင့်ဖြင့် ကျင်းပလေ့ရှိကြောင်း သိရသည်။

ယခုနှစ် ရခိုင်ရိုးရာသင်္ကြန်တွင် ရန်ကုန်ရောက်ရခိုင်ပြည်နယ်မှ မြို့နယ်အသင်းများ၊ လူမှုရေးအသင်းအဖွဲ့များအပါအဝင် ရခိုင်ရေကစားမဏ္ဍပ် ၂၁ ခုရှိသည်။ မဏ္ဍပ်တိုင်းတွင် ရေပက်ကစားကြသူများ၊ ကခုန်မြူးထူးကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၄-၄-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၀/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၈ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၁ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၀ ·၀ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၄ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၃ ·၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂ ၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေကစားမဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေး





**နေပြည်တော် ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန် အကျနေ့ဖြစ်သော ယနေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက မဟာသင်္ကြန်ရေသဘင်ပွဲအား ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့်အတူ တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ရှေ့ရှိ ရေကစားမဏ္ဍပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းအနီး ရေကစားမဏ္ဍပ်များသို့ သွားရောက် ကြည့်ရှုအားပေးကြပြီး **(အပေါ်ပုံ)** မဏ္ဍပ်များအလိုက် ကပြဖျော်ဖြေခဲ့ကြသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင်လည်း နေပြည်တော် ဇေယျာသီရိဂေါက်ကွင်းရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၊ ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်နှင့် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေး စခန်းရှေ့ရှိ ရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိပြီး ရေကစားမဏ္ဍပ်များတွင် မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆို ကပြ ဖျော်ဖြေကာ လာရောက်ရေကစားကြသူများအား စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မဟာသင်္ကြန်မဏ္ဍပ်များတွင် စတုဒိသာများ ကျွေးမွေးလှူဒါန်းလျက်ရှိ

**ရန်ကုန် ဧပြီ ၁၄**

မဟာသင်္ကြန်အကျနေ့ဖြစ်သော ယနေ့တွင် ရန်ကုန်မြို့ရှိ မဟာသင်္ကြန်မဏ္ဍပ်များတွင် စတုဒိသာများ ကျွေးမွေးလှူဒါန်းလျက်ရှိရာ လာရောက်စားသောက်သူများဖြင့် စည်းကားလျက်ရှိသည်ကို တွေ့ရသည်။

စတုဒိသာများ ကျွေးမွေးလှူဒါန်းသူများအနေဖြင့် မွန်းတည့် ၁၂ နာရီနောက်ပိုင်း ရေပက်ခံခေတ္တအနားယူချိန်တွင် အဆာပြေစားသောက်ရန် လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။ ကျောက်မြောင်းဈေး မိသားစုများက ရေပက်ခံ သင်္ကြန်လည်ပတ်သူများအား မုန့်ဟင်းခါးဖြင့် အလှူဒါနပြုလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် ယာယီတာမွေဈေးရှေ့ရှိ စတုဒိသာမဏ္ဍပ်တစ်ခုမှလည်း ကြာဆံကြော်များ လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။ အဆိုပါ စတုဒိသာမဏ္ဍပ်မှ မမီးမီးက "မနေ့က မုန့်လက်ဆောင်းတို့ ပေါင်မုန့်အုန်းနို့ဆမ်းတို့ ကျွေးတယ်၊ ဒီနေ့လည်း ကြာဆံကြော်ကျွေးမှာပါ၊ အကြတ်နေ့၊ အတက်နေ့တွေမှာလည်း ခေါက်ဆွဲကြော်တို့၊ နေတိုင်းလှူဒါန်းသွားမှာပါ၊ ဒါကလည်း စုပြီး လှူဒါန်းဖြစ်တာပါ၊ ဒီနှစ်နဲ့ဆို သုံးနှစ်ရှိပါပြီ"ဟု ပြောကြားသည်။

တာမွေမြို့နယ်အတွင်းရှိ "အို" ပရဟိတ မဟာသင်္ကြန်မဏ္ဍပ်တွင် စတုဒိသာ ကျွေးမွေးလှူဒါန်းမှုသာမက မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါန နွားဘေးမဲ့အလှူများကိုပါ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဘေးမဲ့လွှတ်ရန်အတွက် လွှန်ခဲ့သော သီတင်းပတ်မှစ၍ နွားအကောင် ၂၀ ကို ဝယ်ယူထားကြောင်း မဏ္ဍပ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့ရှိ လမ်းလျှောက်သင်္ကြန်ကျင်းပရာနေရာများတွင်လည်း အချိုရည်ထုတ်လုပ်သော ကုမ္ပဏီများမှ ကိုကာကိုလာ၊ သံပရာနှင့် လိမ္မော်အချိုရည်များ ဝေငှလှူဒါန်းလျက်ရှိပြီး စတုဒိသာလှူဒါန်းသော မဏ္ဍပ်များတွင် ထမင်း၊ ဟင်းလှူဒါန်းမှုများအပြင် မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း စသော သင်္ကြန်ကာလ အစားအသောက်များဖြင့် တစ်ပိုင်တစ်နိုင် အလှူဒါနပြုကြသူများကို တွေ့မြင်ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ -ထိန်လင်း**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၁၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## တာချီလိတ်မြို့ မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့ ညနေပိုင်းတွင် အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

**တာချီလိတ် ဧပြီ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့ ညနေပိုင်းတွင် ဗဟိုမဏ္ဍပ်၌ တေးသံရှင်များက ဖျော်ဖြေတင်ဆက်လျက်ရှိရာ သင်္ကြန်ချစ်သူပြည်သူများက အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ရှမ်းရိုးမကွင်းရှေ့ရှိ ဗဟိုမဏ္ဍပ်တွင် တေးသံရှင် ဂျေညီညီ၊ ရုပ်ရှင်နှင့် ဗီဒီယိုဟာသသရုပ်ဆောင် ဆင်မနှင့်အဖွဲ့များက ဧည့်ခံဖျော်ဖြေလျက်ရှိရာ သင်္ကြန်ချစ်ပြည်သူများ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။ အလားတူ ည ၇ နာရီမှစတင်၍ သင်္ကြန်ယိမ်းအဖွဲ့များ ယှဉ်ပြိုင်ခြင်းနှင့်အတူ တေးသံရှင်များကလည်း သင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာ ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

ယင်းနောက် ရခိုင်တိုင်းရင်းသူများက ပျိုအလှနှင့် ခါသင်္ကြန်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစား**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်းတို့နှင့်အတူ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက ရခိုင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

**ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ခြင်း**

ယခုနှစ် နေပြည်တော်သင်္ကြန်တွင် လမ်းလျှောက်သင်္ကြန်နှင့် ရခိုင်ရိုးရာယဉ်ကျေးမှုသင်္ကြန်မဏ္ဍပ်တို့ကို စတင်ထည့်သွင်း ကျင်းပခြင်းဖြစ်ပြီး ယခင်က နေပြည်တော်တွင် ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ခြင်း စသည့်အစီအစဉ်များသာ ကျင်းပခဲ့ကြောင်း သိရသည်။

**သီဆိုကပြဖျော်ဖြေ**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာ ရွှေလှမ်းတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေသံလွင်ကုမ္ပဏီမိသားစု မြန်မာ့ရိုးရာ ရေကစားမဏ္ဍပ်သို့ သွားရောက်၍ ယိမ်းအဖွဲ့များ၏အကအလှများ၊ နာမည်ကျော် တေးသံရှင်တို့၏ ခေတ်ပေါ်တေးသီချင်းများ သီဆိုကပြဖျော်ဖြေမှုနှင့် ပြည်သူများ ပျော်ရွှင်စွာရေကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်း နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေသံလွင်ကုမ္ပဏီမိသားစု ရေကစားမဏ္ဍပ်၌ ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။** သတင်းစဉ်



**နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေသံလွင်ကုမ္ပဏီမိသားစု ရေကစားမဏ္ဍပ်၌ တိုင်းရင်းသား တိုင်းရင်းသူများ ဖျော်ဖြေနေစဉ်။** သတင်းစဉ်



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်းနှင့်အဖွဲ့ ရွှေသံလွင်ကုမ္ပဏီမိသားစု ရေကစားမဏ္ဍပ်၌ အနုပညာရှင်များနှင့်အတူ ပါဝင်ဆင်နွှဲကြစဉ်။** သတင်းစဉ်

❖ *ကျောဖုံးမှ*

တေးသံရှင်များနှင့် အနုပညာရှင်များက မဟာသင်္ကြန် တေးသီချင်းများဖြင့် ဖျော်ဖြေကြကာ အနုပညာဦးစီးဌာနမှ ယိမ်းအကအဖွဲ့များက အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

အလားတူ နေပြည်တော်ဇေယျာသီရိမြို့နယ်ရှိ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နှင့် နေပြည်တော်ရေပန်းဥယျာဉ်တို့တွင်လည်း အနားယူအပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်။

Sky Net ရေကစားမဏ္ဍပ်၌ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေမှုများကြောင့် အထူးစည်ကားခဲ့ပြီး လာရောက်ရေကစားကြသူများလည်း ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။



**နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ရေပက်ခံထွက်သူများ၊ ဖျော်ဖြေရေး လာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။** သတင်းစဉ်



**နေပြည်တော်ဟိုတယ်ဇုန် ရွှေသံလွင်မဏ္ဍပ်၌ ရေပက်ခံထွက်သူများ၊ ဖျော်ဖြေရေး လာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။** သတင်းစဉ်

နေပြည်တော်ကောင်စီနယ်မြေတွင် သင်္ကြန်ကာလအတွင်း ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ စတုဒိသာ ကျွေးမွေးအလှူဒါနပြုကြသူများ၊ ဥပ္ပါတသန္တိစေတီတော်၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်၊ ကိုးခမ်းကြီးဘုရား၊ ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်ကြီး စသည့်ဘုရားကျောင်းကန်များတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ ဇမ္ဗူသီရိမြို့နယ် သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်နှင့် တရားစခန်းများတွင် တရားဘာဝနာရှုမှတ်ပွားများကြသူများလည်း များပြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၈ ခုနှစ် တောင်ငူသင်္ကြန်ပွဲတော် အကျနေ့ စည်ကားနေ

**တောင်ငူ ဧပြီ ၁၄**

တောင်ငူမြို့တွင် ဗဟိုမဏ္ဍပ်အပါအဝင် ဖျော်ဖြေရေးမဏ္ဍပ်ကြီး ရှစ်ခုတို့၌ တေးသံရှင် သရုပ်ဆောင်များ၊ ယိမ်းအဖွဲ့ ၁၂ ဖွဲ့နှင့် သံချပ်အဖွဲ့များဖြင့် နေ့စဉ် ဖျော်ဖြေလျက်ရှိသည်။

ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် လှျပ်စစ်လမ်းထောင့်တွင်(၂) ရပ်ကွက် မိသားစုမဏ္ဍပ်၊ အမှတ် ၂ ကျောင်း ဘောလုံးကွင်းရှေ့တွင် နာရေးကူညီမှုအသင်း (တောင်ငူ)မဏ္ဍပ်၊ ဆရာဖြေလမ်းထိပ်တွင် ၁၁ ရပ်ကွက် မိသားစုမဏ္ဍပ်၊ ပန်းချီတံခါးလမ်းထိပ်တွင် ရပ်ကွက် ၇၊ ၈၊ ၉၊ ၁၀ နှင့် သဖန်းကျေးရွာတို့၏ စုပေါင်းမဏ္ဍပ်၊ ကန်လမ်း ဗိုလ်ချုပ်ရင်ပြင်အနီးတွင် ရပ်ကွက်ပေါင်း ၁၁ ခု ပူးပေါင်း( ရပ်ကွက် ၁၂ မှ ၂၂ အထိ)မဏ္ဍပ်၊ ရန်ကုန်-မန္တလေးလမ်းမဘေး ချစ်စုတိုင်းရင်းဆေးဆိုင်ရှေ့တွင် ပြည်တော်ဝင်မိသားစုမဏ္ဍပ်စသည့် မဏ္ဍပ်ကြီး ခုနစ်ခုတို့ ပါဝင်မည်ဖြစ်ပြီး သံချပ်ဖျော်ဖြေမှုများ၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ယိမ်းအကအလှများအား ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



# ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ သင်္ကြန်အကျနေ့တွင် မဏ္ဍပ်များ၌ အတာရေကစား

**ဘားအံ ဧပြီ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့၏ မဟာသင်္ကြန်အကျနေ့ ဧပြီ ၁၄ ရက် နံနက် ၈ နာရီခွဲမှ စတင်၍ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကမ်းနားလမ်းတစ်လျှောက်ရှိ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနမဏ္ဍပ်များတွင် အတာရေအေးပက်ဖျန်း၍ အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။




နေပြည်တော်တိုက်ချိုတိုတို့ ရေကစားမဏ္ဍပ်တွင် ရေကစားနေကြသည်ကို တွေ့ရစဉ်။ သတင်း-ရွှေဖုံး၊ ဓာတ်ပုံ-ကိုသာဗျော

### ရင်းရင်းနှီးနှီးအားပေးကြည့်ရှု

ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့သံလွင်မြစ် ကမ်းနားလမ်းတစ်လျှောက်ရှိ မဏ္ဍပ်ကြီးများဖြစ်သော ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာန မဏ္ဍပ်ခြောက်ခုတို့တွင် လှည့်လည်ရေကစားခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား သက်ဆိုင်ရာမဏ္ဍပ်များမှ သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သီဆိုကပြည့်ခံဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် စတုဒိသာညှိခံကျွေးမွေးမှုအား သုံးဆောင်အားပေးခြင်း၊ သင်္ကြန်ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများအား ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခြင်းနှင့်အတူ ရေကစားမဏ္ဍပ်များတွင် အများပြည်သူ၏ လွတ်လပ်ပျော်ရွှင်စွာ အတာရေကစားနေမှုအား ရင်းရင်းနှီးနှီး အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန် သင်္ကြန်အကျနေ့ လမ်းလျှောက်သင်္ကြန်နှင့်အတူ မဏ္ဍပ်ကြီးများ၊ လမ်းမကြီးများပေါ်တွင် ရေကစားသူများဖြင့် စည်ကား

**ရန်ကုန် ဧပြီ ၁၄**

၁၃၇၉ ခုနှစ် မဟာသင်္ကြန် ရေသဘင်ပွဲတော် အကျနေ့တွင် ရန်ကုန်မြို့၌ လမ်းလျှောက်သင်္ကြန်နှင့်အတူ မဏ္ဍပ်ကြီးများနှင့် လမ်းမကြီးများပေါ်တွင် သင်္ကြန်ရေကစားသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်သင်္ကြန်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ဒီနှစ်မှာဆိုရင် နိုင်ငံတကာအလယ်မှာ ကျွန်တော်တို့နိုင်ငံကို အားလုံးက စိတ်ဝင်စားမှုရှိအောင် ရိုးရာသင်္ကြန်တွေနဲ့အညီ ရန်ကုန်မြို့အနှံ့အပြားမှာ လမ်းလျှောက်သင်္ကြန်ပွဲတွေကို ထည့်သွင်းပြီး ဆောင်ရွက်ခဲ့ပါတယ်၊ လူငယ်၊ လူကြီးအားလုံး မြန်မာ့ရိုးရာအစဉ်အလာနဲ့အညီ ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းနိုင်ဖို့အတွက် ပြင်ဆင်ခဲ့ပါတယ်"ဟု ရန်ကုန်သင်္ကြန်နှင့်ပတ်သက်၍ ပြောကြားသည်။

ယခုနှစ်သင်္ကြန်တွင် ယခင်နှစ်များနှင့်မတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မြို့နယ်များအလိုက် ဗဟိုမဏ္ဍပ်များကို ခွင့်ပြုခဲ့သည့်အပြင် မြန်မာ့ရိုးရာနန်းတွင်း ရှေးခေတ်သင်္ကြန်၊ ကျေးလက်သင်္ကြန်နှင့် ခေတ်ပေါ်သင်္ကြန် (ခေတ်သုံးခေတ်)တို့ကို ကိုယ်စားပြုသည့် လမ်းလျှောက်သင်္ကြန်ကိုလည်း မဟာဗန္ဓုလပန်းခြံ လမ်းတစ်လျှောက်နှင့် ကန်တော်ကြီးပန်းခြံ၊ ဦးဥတ္တမပန်းခြံ (ကန်တော်မင်္ဂလာပန်းခြံ) တို့တွင် ကျင်းပခဲ့ရာ ယနေ့တွင် မဟာဗန္ဓုလပန်းခြံလမ်းတစ်လျှောက် လမ်းလျှောက်သင်္ကြန်တွင် ပိုမိုစည်ကားခဲ့သည်။

ရန်ကုန် လမ်းလျှောက်သင်္ကြန်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက "လမ်းလျှောက်သင်္ကြန် မဏ္ဍပ်လေးတွေ စီစဉ်ထားတော့ ကားနဲ့မသွားဘဲနဲ့ ဟိုးတုန်းကလိုပဲ ကလေးတွေလည်း ပျော်ပျော်ပါးပါး ရေခွက်လေးတွေနဲ့ ရေပက်ကြမယ်၊ လမ်းလေးလျှောက်ပြီး သွားကြမယ်၊ စတုဒိသာတွေကျွေးမယ်၊ အဲဒီလိုစီစဉ်ပေးထားတော့ အားလုံးပါဝင်ပေးလို့ရတယ်၊ မြန်မာ့ရိုးရာသင်္ကြန်ကို ပိုမိုပြီးလှပအောင်၊ ပြည့်စုံအောင်၊ ယဉ်ကျေးအောင်လုပ်ရမယ်လို့ ထင်ပါတယ်"ဟု သူ၏အမြင်ကို ပြောသည်။

လမ်းလျှောက်သင်္ကြန်နှင့် ပတ်သက်၍ ကြည့်မြင်တိုင်မြို့နယ်မှ ကိုအောင်ဝင်းက "ပျော်ဖို့ကောင်းပါတယ်၊ ပြီးခဲ့တဲ့နှစ်တုန်းက သူငယ်ချင်းတွေနဲ့အတူတူ လမ်းလျှောက်သင်္ကြန် လုပ်ခဲ့ဖူးတယ်၊ အခုလို အစိုးရက စီစဉ်ပေးတဲ့ လမ်းလျှောက်သင်္ကြန်မျိုးတော့ မဟုတ်ပါဘူး၊ လူငယ်တွေစုပေါင်းပြီး ပန်းဆိုးတန်းနားက လမ်းတွေတစ်လျှောက် ရေပက်ခံထွက်ကြတာပါ၊ ဒီနှစ် လမ်းလျှောက်သင်္ကြန်ကတော့ လူပိုစည်တာပေါ့"ဟု ပြောသည်။

ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန် ရေသဘင် ဗဟိုမဏ္ဍပ်တွင်လည်း နံနက်ပိုင်းမှစတင်၍ နိုင်ငံကျော် အနုပညာရှင်များ၏ ဂီတဖျော်ဖြေမှုများနှင့်အတူ ယိမ်းအဖွဲ့များက ကပြဖျော်ဖြေကြရာ ရေကစားသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်။



ရန်ကုန် မဟာသင်္ကြန်အကျနေ့တွင် အင်းလျားကန်ပေါင်ပေါ်၌ သင်္ကြန်ဆင်နွှဲသူများဖြင့် စည်ကားစွာတွေ့ရစဉ်။

ဖျော်ဖြေမှုနှင့်ပတ်သက်၍ မော်ဒယ်သရုပ်ဆောင် မေမြတ်နိုးက "သင်္ကြန်အကျနဲ့ အကြတ်နေ့တွေမှာ မြို့တော်ခန်းမမှာ သီချင်းဆိုမယ်၊ မနှစ်ကလည်း ရန်ကုန်မှာပဲ ဖျော်ဖြေခဲ့တယ်၊ ဒီနှစ်မှာလည်း မြို့တော်ခန်းမမှာပဲ မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့အတူ ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းသွားမှာပါ"ဟု ပြောသည်။

ရန်ကုန်သင်္ကြန်တွင် မဏ္ဍပ်ကြီးများ အများဆုံးစုစည်းတည်ရှိရာ လှိုင်မြို့နယ် (အင်းလျားကန်ပေါင်အနီး) ပြည်လမ်းပေါ်ရှိ မဏ္ဍပ်ကြီးများ၊ မြို့တွင်း လမ်းမကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အနော်ရထာလမ်းပေါ်ရှိ မဏ္ဍပ်ကြီးများနှင့် မြို့နယ်များအလိုက် တည်ရှိသည့် မြို့နယ်ဗဟိုမဏ္ဍပ်များတွင် နာမည်ကျော် တေးသံရှင်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များ၏ တေးဂီတဖျော်ဖြေမှုများနှင့် ယိမ်းအဖွဲ့များက ဖျော်ဖြေကြရာ နံနက်ပိုင်းမှ ညနေပိုင်းအထိ ရေကစားသူများ၊ ရေပက်ခံထွက်သူများ၊ လာရောက်လည်ပတ်သူများနှင့်အတူ နိုင်ငံခြားသားများလည်း သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ရန်ကုန်မြို့ရှိ တန်ခိုးကြီးစေတီပုထိုးများနှင့် ဘုန်းကြီးကျောင်းများတွင် ဥပုသ်သီလ ဆောက်တည်သူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် တရားရိပ်သာများတွင်လည်း ယခင်နှစ်များထက် သင်္ကြန်ကာလ (ရက်တို) တရားစခန်းဝင်ရောက်သူ ပိုမိုများပြားလာကြောင်း တရားရိပ်သာများမှ သိရသည်။

ယခုနှစ် သင်္ကြန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ပြည်သူများ အန္တရာယ်ကင်းစွာဖြင့် ပျော်ရွှင်စွာ ရေကစားနိုင်စေရန်နှင့် မှုခင်းများ လျော့နည်းစေရန် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အင်အား ၇၀၀၀ ဖြင့် လုံခြုံရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများနှင့် ယာဉ်အန္တရာယ် ဖြစ်ပွားမှုမရှိစေရန်၊ သွားလာမှုလွယ်ကူ စေရန်တို့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၁၀၄၉ ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရန်ကုန်သင်္ကြန်ပွဲတော်ကို ပိုမိုစည်ကားစေရန် တိုင်းဒေသကြီး အစိုးရအနေဖြင့် စီးပွားဖြစ် မဏ္ဍပ်များ အပါအဝင် မဏ္ဍပ်ပေါင်း ၉၀ ကျော် ခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်၊ ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**



ရန်ကုန် မဟာသင်္ကြန်အကျနေ့တွင် ပြည်လမ်းတစ်လျှောက် ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ဆင်နွှဲနေသူများ ပျော်ရွှင်စွာရေကစားနေကြစဉ်။

# မဟာသင်္ကြန်အကျနေ့ ပျော်ရွှင်မြူးထူးပုံရိပ်များ



သင်္ကြန်အကျနေ့ ဝိုင်းမော်မြို့၌ သင်္ကြန်ရေပက်ကစားနေသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-မြို့နယ်(ပြန်/ဆက်)



ရန်ကုန်မြို့တော်ဝန် ရေကစားမဏ္ဍပ်၌ သင်္ကြန်အကျနေ့က ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်



မဟာသင်္ကြန်အကျနေ့က ရန်ကုန်မြို့ ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေပက်ကစားကြသူများကို တွေ့ရစဉ်။
ဓာတ်ပုံ-မောင်စိန်လွင်



မော်လမြိုင်ကျွန်းမြို့နယ်၌ မဟာသင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲနေကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ခင်ဆိုင်




မြိတ်မြို့ ရေကစားမဏ္ဍပ်၌ ဖျော်ဖြေနေမှုနှင့် အားပေးကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ခိုင်ထူး(ပြန်/ဆက်)



ကော့သောင်းမြို့၌ ပင်လယ်သင်္ကြန်ပွဲ လာရောက်ဆင်နွှဲသည့် ပြည်တွင်း ပြည်ပ ခရီးသွားများကို တွေ့ရစဉ်။
ဓာတ်ပုံ-ကျော်စိုး(ကော့သောင်း)



ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက် ရေကစားမဏ္ဍပ်၌ ရေပက်ခံနေသူများကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်ဝင်းကို



ကွတ်ခိုင်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ ကျင်းပစဉ်။
ဓာတ်ပုံ- ဆိုင်ဖြူ(ပြန်/ဆက်)

# မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကျနေ့ တိုးမပေါက်အောင် စည်ကား

**မန္တလေး ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကြီးကို နိုင်ငံအနှံ့အပြား၌ ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိရာ ယခုနှစ် မန္တလေးမြို့တော် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို အထူးနှစ်ခြိုက်ခဲ့ကြပြီး ကျုံးတောင်ဘက် ၂၆ လမ်းတစ်လျှောက် ၆၆ လမ်းမှ ၇၀ လမ်းအတွင်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မိသားစုလိုက်၊ အဖွဲ့လိုက် သင်္ကြန်ရသကို ပျော်ရွှင်စွာ ခံစားဆင်နွှဲလျက်ရှိကြသည်။ အထူးသဖြင့် မန္တလေး မြန်မာအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအသင်းမဏ္ဍပ်၊ ခရီးသွားမြှင့်တင်ရေး ဟိုတယ်ဆိုင်ရာလုပ်ငန်း ရှင်များအသင်း ရေကစားမဏ္ဍပ်၊ စိန်စပ္ပာယ်ဖူး၊ 'MPT မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ် အစရှိ သည့် သင်္ကြန်မဏ္ဍပ်တို့နှင့် သင်္ကြန် ထမင်းဟင်း၊ အအေး အချိုရည်များဖြင့် ကျွေးမွေးနေသော အလှူရှင် များ၏ စတုဒိသာမဏ္ဍပ်ရှေ့များတွင် စည်ကားနေပြီး သင်္ကြန်မဏ္ဍပ်ရေကစားမဏ္ဍပ်တို့မှလည်း ရုပ်ရှင် ဂီတ အနုပညာရှင်များ၊ အဆိုတော်များသည် ယိမ်းအဖွဲ့တို့နှင့် တွဲဖက်၍ အဆိုအကအလှတို့ဖြင့် ညို့ခံဖျော်ဖြေ တင်ဆက်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဆင်နွှဲပျော်ကြသည့် သင်္ကြန်ချစ်သူ ပြည်သူများ သည် မဏ္ဍပ်ရှေ့တွင် တိုးမပေါက်အောင် အထူးစည်ကားသည်ကို တွေ့ရသည်။



မဟာသင်္ကြန်အကျနေ့က မန္တလေးမြို့ ရေကစားမဏ္ဍပ်များ၌ ရေပက်နေသူများ၊ ရေပက်ခံသူများ တိုးမပေါက်အောင်စည်ကားနေသည်ကို တွေ့ရစဉ်။

### ကုသိုလ်ပြုကြသူများဖြင့် စည်ကား

မွန်းလွဲပိုင်း အပူလွန်ကဲချိန်တွင် ရေသဘင်ပွဲ ဆင်နွှဲပျော်ကြသူများသည် မန္တလေးမြို့ရှိ တိရစ္ဆာန် ဥယျာဉ်များ၊ အမရပူရရှိ တောင်သမန်အင်းဦးပိန်တံတား၊ မယ်ဇယ်ပင်တန်းတို့တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် စက်ဘီးများဖြင့် သွားရောက်နားခိုအပန်းဖြေကြရာ ထိုနေရာ၌ ရေပက်ခံလာရောက် ကြသူများနှင့် စတုဒိသာ သင်္ကြန်ထမင်း၊ အအေးတို့ဖြင့် ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိ သည်။

### တေးသီချင်းများ သီဆိုဖျော်ဖြေ

ထို့ပြင် မန္တလေးမြို့တွင်း မြို့ပြင်တို့နှင့် ကျုံးအရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်ရှိ ဌာနဆိုင်ရာ မိသားစုသင်္ကြန်ရေကစားမဏ္ဍပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ သင်္ကြန်ရေကစားမဏ္ဍပ်တို့တွင် နာမည်ကြီး တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သင်္ကြန်တေးအဆိုတော်များ၊ ဂီတအနုပညာရှင်များက ပရိသတ်အကြိုက် တေးသီချင်းများ သီဆိုဖျော်ဖြေကြပြီး မဏ္ဍပ်မှ လုပ်ျိဖြူတို့ကလည်း ရေပိုက်များဖြင့် ရေပက် ကစားလျက်ရှိရာ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် လာရောက်ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားသည်ကို တွေ့ရသည်။





မန္တလေးမြို့ တောသင်္ကြန် ညဈေးရောင်းပွဲတွင် ဈေးသည်ဈေးဝယ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

### သင်္ကြန်အလှပြယာဉ် သံချပ်အဖွဲ့

ညနေပိုင်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်မှ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြမည့် သင်္ကြန် အလှပြယာဉ် သံချပ်အဖွဲ့တို့ကို အကဲဖြတ်စိစစ်ပေးလျက်ရှိပြီး သင်္ကြန်မဏ္ဍပ်မှ အဆိုတော် အနုပညာရှင်များက တေးဂီတအဖွဲ့တို့နှင့်တွဲဖက်၍ မန်းစည်ပင်သင်္ကြန်ယိမ်းအဖွဲ့တို့နှင့်အတူ သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြရာ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အဖွဲ့ဝင်များ၊ ညို့သည်တော်များ၊ စည်ပင်မိသားစုများ တက်ရောက်အားပေးကြသည်။ သင်္ကြန်မဏ္ဍပ်ရှေ့၌လည်း သင်္ကြန်ချစ်သူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ လမ်းလျှောက်သင်္ကြန်ကို နှစ်သစ်အား စိတ်သစ်ဖြင့် လမ်းလျှောက်သင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲလျက်ရှိကြသည်။

### တောသင်္ကြန် ညဈေးရောင်းပွဲတော်

ညပိုင်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပ သော တောသင်္ကြန် ညဈေးရောင်းပွဲတော်တွင် မန္တလေးမြို့မှ ဒေသခံပြည်သူအနီးတစ်ဝိုက်မှ ပြည်သူများ၊ နိုင်ငံတကာမှ ခရီးသွားများဖြင့် အထူးစည်ကားလျက်ရှိသည်။

**တင်မောင်(မန်းကိုယ်ပွား)၊ အေးမြ(မန္တလေး)**

# သင်္ကြန်ကာလ ယာဉ်စီးခပိုမိုတောင်းခံနေသော YBS ယာဉ်များ တိုင်ကြားလာပါက ထိထိရောက်ရောက် အရေးယူမည်

ရန်ကုန် ဧပြီ ၁၄

**ရန်ကုန်မြို့တွင်း သင်္ကြန်ကာလ ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများ သင်္ကြန်အကြိုနေ့မှစတင်ကာ သတ်မှတ်ယာဉ်လမ်းကြောင်းနှင့် ယာဉ်စီးရေအတိုင်း ပြေးဆွဲလျက်ရှိရာ တချို့ YBS ယာဉ်များမှာ မူလဈေးနှုန်းထက် ပိုတောင်းခံ နေသော်လည်း ပြည်သူများအနေဖြင့် သက်ဆိုင်ရာသို့ တိုင်ကြားမှုများရှိလာပါက သတ်မှတ်စည်းကမ်းနှင့် အညီ ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း ရန်ကုန် တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ရုံးချုပ်မှ သိရသည်။**

### အရေးယူဆောင်ရွက်

"ကျွန်တော်တို့လည်း ယာဉ်လိုင်း တချို့ စည်းကမ်းဖောက်ပြီး သတ်မှတ် ဈေးနှုန်းထက် ပိုတောင်းခံနေတယ်ဆို တဲ့ သတင်းကြားပါတယ်၊ အဲဒါကြောင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီ အနေနဲ့ လိုက်လံစုံစမ်းမှုတွေ လုပ်ဆောင် နေပါတယ်၊ လက်လှမ်းမီသလောက်၊ ထိန်းသိမ်းသင့်သလောက်တော့ လိုက်လံ ကြပ်မတ်ထိန်းသိမ်းနေပါတယ်၊ ယနေ့ သင်္ကြန်အကျနေ့အထိတော့ ပြည်သူ တွေအနေနဲ့ YRTA က ပေးထားတဲ့ Hot Line ဖုန်းနံပါတ်တွေကို တိုင်ကြား မှု မရှိသေးပါဘူး၊ တိုင်ကြားလာရင်တော့ ပြစ်မှုပေါ်မူတည်ပြီး ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင် ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ပြောသည်။

### စည်းကမ်းချက်များ လိုက်နာမှုမရှိ

ရန်ကုန်တိုင်းဒေသကြီး သယ်ယူ ပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာ ပိုင်အဖွဲ့ (YRTA) က ယခုနှစ် သင်္ကြန် ကာလ ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူ များအဆင်ပြေရန် YBS ယာဉ်လိုင်း ပေါင်း ၆၁ လိုင်းမှ ယာဉ်အစီးရေ ၇၆၉ စီး ပြေးဆွဲရန် စီစဉ်ခဲ့သည်။ သင်္ကြန် ကာလအတွင်း သတ်မှတ်နှုန်းထားများ ထက်ပိုမိုကောက်ခံမှုမပြုရန်နှင့် မူးယစ် သောက်စားပြီး မောင်းနှင်မှုမပြုရန် စသော စည်းကမ်းသတ်မှတ်ချက်များ ချမှတ်ခဲ့သော်လည်း စတင်ပြေးဆွဲသော သင်္ကြန်အကြိုနေ့နှင့် ယနေ့သင်္ကြန် အကျနေ့တို့တွင် ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာမှုမရှိ ဘဲ ယခင်နှစ်များနည်းတူ သတ်မှတ် နှုန်းထားထက် ပိုမိုကောက်ခံမှုများ ပေါ်ပေါ်တင်တင် ပြုလုပ်နေကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

"အခု စီးလာတဲ့ YBS ဆို ယခင် ငွေထည့်တဲ့ပုံးကိုတောင် ဖုံးအုပ်ထား သေးတယ်၊ ယာဉ်နောက်လိုက်က လည်း မှတ်တိုင်မှာ ကားထိုးရပ်လိုက် တာနဲ့ ဘယ်စီးစီး ငွေကျပ် ၅၀၀ နော် ၅၀၀ အော်ဆင်းလာတာ၊ ကျွန်တော် ပြည်သူတစ်ယောက်အနေနဲ့၊ ခရီးသည် တစ်ယောက်အနေနဲ့ ပြောချင်တာ ကတော့ ဒီစနစ်ဆိုးကို ထိထိရောက် ရောက်အရေးယူနိုင်ပါမှ ရမယ်လို့မြင် ပါတယ်"ဟု ဗဟန်းမှ မြောက်ဒဂုံသို့ သွားမည့် ခရီးသည် ဦးသက်နိုင်က ပြောသည်။





သင်္ကြန်ကာလ ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိသော YBS ယာဉ်တစ်စီးကို တွေ့ရစဉ်။

### တိုင်ကြားမှုမရှိသေး

သင်္ကြန်ကာလ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော YBS ယာဉ်လိုင်းများ အနေဖြင့် YRTA မှ ချမှတ်ထားသော စည်းကမ်းချက်များအပေါ်လိုက်နာမှုမရှိ လျှင် ခရီးသွားပြည်သူများက ယာဉ် စည်းကမ်း ထိန်းသိမ်းရေး Hot Line ဖုန်းများဖြစ်သော ၀၉-၄၄၈၀၄၇၁၄၉ နှင့် ၀၉-၄၄၈၀၄၇၁၅၄ တို့သို့ ဆက်သွယ် တိုင်ကြားနိုင်ကြောင်း ရန်ကုန်တိုင်း ဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ် ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)မှ ထုတ်ပြန်ထားသော်လည်း ယနေ့သင်္ကြန် အကျနေ့အထိ ခရီးသည်များအနေဖြင့် တိုင်ကြားမှုမရှိသေးဘဲ အဝေးပြေး ယာဉ်လိုင်းတချို့မှ သတ်မှတ်နှုန်းထား ထက် ပိုမိုတောင်းခံသည့်အပေါ် တိုင်ကြား လာသော အမှုနှစ်ခုသာရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင် ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) ရုံးချုပ်မှ သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

# ကျွန်တော်တို့ အစိုးရက မှန်ကန်တဲ့ စိတ်ရင်းစေတနာနဲ့ မှန်ကန်တဲ့လမ်းစဉ်၊ ဥပဒေနဲ့အညီ တရားဥပဒေစိုးမိုးမှုတွေလည်းဖြစ်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုတွေလည်းရရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**

**သူရဇော်**

**နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ မှန်ကန်မြန်ဆန်စွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၀ ရက်မှ ၁၃ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး နေရပ်စွန့်ခွာသူများစခန်း၌ နေရပ်စွန့်ခွာသူများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့အပါအဝင် အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။**

အဆိုပါ ခရီးစဉ်အတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းပြီး ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည် -

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

အဲဒီစခန်းမှာ ရောက်နေသူအချို့က မြန်မာစကားတတ်ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာစကားနဲ့ ဆွေးနွေးခဲ့ကြပါတယ်။ ကျွန်တော်တို့ ပြောနိုင်တာတွေကို ရှင်းရှင်းလင်းလင်းပွင့်ပွင့်လင်းလင်း ပြောနိုင်ခဲ့ပါတယ်။ အဓိကကဘာလဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံထဲမှာနေခဲ့ပြီး နေရပ်စွန့်ခွာသွားတဲ့ သူတွေဆိုရင် ပြန်လည်လက်ခံဖို့အစိုးရမှာ တာဝန်ရှိတယ်။ အဲဒီတာဝန်ကို ကျွန်တော်တို့က ကျေပွန်အောင် ထမ်းဆောင်တယ်။ သူတို့ကို ပြန်လက်ခံမယ့် အစီအစဉ်ကိုလည်း နှစ်နိုင်ငံ သဘောတူညီချက်လုပ်ထားပြီး အစီအစဉ်တွေလည်း ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါတွေကို အဲဒီဒုက္ခသည်စခန်းမှာရှိတဲ့ နေရပ်စွန့်ခွာလာတဲ့ သူတွေက တကယ်ရော ဂဃနဏ သိရဲ့လားဆိုတာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် သူတို့နဲ့ တွေ့ဆုံပြီး ကျွန်တော်တို့ ပြန်လည်လက်ခံဖို့ ဆောင်ရွက်ထားတဲ့ အစီအစဉ်တွေကို ရှင်းပြခဲ့ပါတယ်။

အဲဒီအခါမှာ သူတို့ကလည်း သူတို့မှာရှိတဲ့အခက်အခဲတွေကို ပြန်လည်ပြောပြပြီး လိုအင်ဆန္ဒတွေကို တင်ပြကြပါတယ်။ ဒါပေမယ့် အဓိက ဘာသွားတွေ့သလဲ ဆိုတော့ တကယ်တော့ သူတို့အနေနဲ့ ပြန်လာချင်သလား၊ အဓိက မိမိဆန္ဒနဲ့ မိမိ ပြန်လာချင်ရင် ပြန်လာလို့ ရပါတယ်။ ကျွန်တော်တို့က မေးတော့ အများစုက အားလုံးနီးပါးက ပြန်လာချင်ကြပါတယ်လို့ ပြောတယ်။ သို့သော် ပြန်ဖို့ဘာလုပ်နေသလဲလို့ မေးတော့၊ ဘာမှမလုပ်ရသေးဘူး။ အမှန်က ပြန်မယ်ဆိုရင်၊ သူတို့အနေနဲ့ ဘင်္ဂလားဒေ့ရှ်က သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူတွေကို ပြန်ချင်တဲ့အကြောင်းကို ပြောရမယ်။ ပြောရုံတင်မကဘူး၊ ပုံစံပါဖြည့်ရမယ်။ ဒါပေမယ့် အဲဒီပုံစံကို သူတို့က မတွေ့ဖူးကြဘူး။ ပုံစံလည်း သူတို့တစ်ခါမှ မရဘူး ဖြစ်နေတယ်။ သဘောတူညီချက်အတိုင်းမှာ ဘင်္ဂလားဒေ့ရှ်ဘက်က တာဝန်ရှိသူများက ဒီပုံစံတွေ အဲဒီကဒုက္ခသည်စခန်းတွေမှာ ဖြန့်ဝေရမယ်။ ပြီးရင် ပြန်ချင်တဲ့သူရှိရင် ပုံစံကိုဖြည့်ပါလို့ ပြောရမယ်။ လိုအပ်တဲ့အချက်အလက်တွေကို ဖြည့်ဆည်းပြီး မြန်မာနိုင်ငံဘက်ကို ပြန်ပို့ရမယ်။

**ဥပဒေနဲ့အညီ ဆောင်ရွက်နေ**

မြန်မာနိုင်ငံဘက်ကမှ ရောက်ရှိလာတဲ့ စာရင်းတွေကို စိစစ်မယ်။ စိစစ်မယ်ဆိုတာက အကြမ်းဖက်သမားတွေ ပါဝင်ခြင်းရှိမရှိ အပါအဝင် နှစ်နိုင်ငံသဘောတူညီချက်တွေ အတိုင်းစိစစ်ရပါမယ်။ စိစစ်ပြီးစာရင်းပြန်ပို့မှ ဘင်္ဂလားဒေ့ရှ်ဘက်က အသုတ်လိုက်၊ အသုတ်လိုက် ပြန်ပို့မယ်ပေါ့။ အဲဒီအစီအစဉ်ကို စခန်းထဲမှာရှိတဲ့သူတွေက ဂဃနဏ သိပ်မသိဘူးဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့က ဘင်္ဂလားဒေ့ရှ်ကိုလာပြီး ဒုက္ခသည်စခန်းကသူတွေကိုတွေ့ပြီး အဲဒီအကြောင်းအရာတွေကို ပြန်ပြောပြမှ သူတို့လည်း သဘောပေါက်သွားကြပါတယ်။ တချို့ကလည်း သူတို့လိုလားချက်တွေကို တင်ပြခွင့်ရကြပါတယ်။ သူတို့တင်ပြချက်တွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က ဥပဒေနဲ့အညီ ဆောင်ရွက်နေတယ်။ ဒါ့အပြင် ရသင့်ရထိုက်တဲ့အခွင့်အရေးကို ဥပဒေနဲ့အညီရမယ်။

အဲဒီတော့ ကျွန်တော်တို့ ဆောင်ရွက်ထားတာတွေက ဘာတွေရှိတယ်ဆိုတာကို ရှင်းပြတယ်။ လက်ခံရေးစခန်းတွေ လုပ်ထားတယ်။ ခေတ္တခဏနေရမယ့် နေရာတွေလုပ်ထားတယ်။ နောက်ပြီးတဲ့ အခါကျတော့ သက်ဆိုင်ရာနေရာအလိုက် မိမိတို့နေခဲ့တဲ့ နေရာအလိုက် အနီးဆုံးနေရာမှာ ပြန်ပြီးနေရာချထားမယ်။ နေရာချထားတဲ့အခါမှာ မူလအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ဖြစ်အောင်ဆိုပြီး ကျွန်တော်တို့ရဲ့ ဘေးဒုက္ခနဲ့ပတ်သက်ပြီး စီမံခန့်ခွဲတဲ့ ဥပဒေထဲမှာလည်းပါတယ်။

ဥပဒေထဲမှာ ဘေးဒုက္ခရောက်ပြီးတဲ့သူကို မူလအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ကို ကြိုးစားဆောင်ရွက်ပေးဖို့ အစိုးရမှာ တာဝန်ရှိတယ် ဆိုတာပါတော့ ဒီအတိုင်းကို ဆောင်ရွက်ဖို့ စီစဉ်ထားတဲ့အကြောင်း ရှင်းပြခဲ့ပါတယ်။ ဒါတွေကို ဒုက္ခသည်စခန်းမှာ တွေ့တုန်းပြောပြပေးနိုင်ခဲ့ပါတယ်။

အဲဒီမှာလည်း ကျွန်တော်တို့ တချို့ကို တွေ့တယ်။ ဥပမာ - ပညာရေးဝန်ထမ်းပဲ တွေ့တဲ့အခါကျတော့ သူလည်းဒီရောက်နေတဲ့အတွက် သူနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ပေးမယ် စသဖြင့် တစ်ဦးချင်း၊ တစ်ဦးချင်းမှာ လိုအပ်ချက်လေးတွေကို တွေ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အမြန်ကူညီလို့ရမယ့် အချက်လေးတွေကိုလည်း တွေ့ခဲ့ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားမြို့ UKhia စခန်းရှိ နေရပ်စွန့်ခွာသူများအား တွေ့ဆုံစဉ်။

**တွေ့ခွင့်မရခဲ့**

ဒုက္ခသည်စခန်းက အတော်ကို ကျယ်ဝန်းတဲ့အတွက် အများစုကို အပြင်ကနေ လိုက်ကြည့်တယ်။ စခန်းရဲ့တစ်နေရာမှာ စခန်းရောက်နေသူတွေရဲ့ကိုယ်စားလှယ်တချို့နဲ့ တွေ့ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်တို့ တောင်းဆိုထားတာက ကျွန်တော်တို့ဘက်က ပို့ထားတဲ့ ဟိန္ဒူ ၅၀၈ ယောက်နဲ့ မူဆလင် ၇၅၀ ကိုတွေ့ချင်တယ်ဆိုတာက သီးခြားတွေ့ခွင့်မရခဲ့ဘူး။ နောက်ထပ်ဘင်္ဂလားဒေ့ရှ်ဘက်က ပေးတဲ့ ၈၀၀၀ ကျော်စာရင်းထဲ စိစစ်ပြီးသား ၆၀၀ ကျော်ရှိတယ်၊ ဒီလူတွေနဲ့ တွေ့ချင်တယ်ဆိုတော့လည်း တွေ့ခွင့်မရခဲ့ဘူး။

ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒုက္ခသည်စခန်းမှာရှိတဲ့ ဒုက္ခသည်တွေနဲ့ ကိုယ်စားလှယ်တွေကို တွေ့ခွင့်ရခြင်းဟာ ကျွန်တော်တို့အတွက် အမြတ်ပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ကတစ်ဆင့်ထပ်ပြီး ဒီသတင်းတွေကို ပြန်ဖြန့်ပေးဖို့လိုတယ်။ သူတို့ ဘာကြောင့် ဒီဘက်ကို ပြန်လာဖို့ အစီအစဉ်ကို မစနိုင်သေးတာလဲဆိုတဲ့ အချက်ကိုလည်း ကျွန်တော်တို့ ဖော်ထုတ်နိုင်ခဲ့တယ်။ ဒါဟာ ဒီခရီးစဉ်ရဲ့ အမြတ်ပဲဖြစ်ပါတယ်။

**အောင်မြင်မယ်**

နောက်တစ်ခုပိုပြီး အမြတ်ထွက်တာက မေ ၁၂ ရက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးတို့ကိုတွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ လိုအပ်ချက်တွေနဲ့ နှစ်နိုင်ငံသဘောတူညီချက်ပုံစံအတိုင်း ဖြည့်ဆည်းပေးမယ်ဆိုရင် ပြန်လည်လက်ခံရေး အစီအစဉ်က ပိုပြီးမြန်ဆန်အောင်မြင်မယ်လို့ ဆွေးနွေးတဲ့အခါမှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနဲ့အဖွဲ့က လိုလိုလားလားနဲ့ပဲ ဒီကိစ္စကို ပူးပေါင်းဆောင်ရွက်ပါ့မယ်၊ ပုံစံကျ ဖြစ်အောင် ဆောင်ရွက်ပါ့မယ်ဆိုတဲ့ ကတိရခဲ့တယ်။

ပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်တွေကိုလည်း ကျွန်တော်တို့ ချမှတ်နိုင်ခဲ့တယ်။ ဒါဟာ အင်မတန်ကောင်းတဲ့ တွေ့ဆုံမှုဖြစ်ပါတယ်။ နောက်ပြီး နှစ်နိုင်ငံမှာ ဆောင်ရွက်ရမယ့် အချက်တွေကိုလည်း ဆွေးနွေးပြီး ဖြေရှင်းဆောင်ရွက်နိုင်ခဲ့တာရှိပါတယ်။ အဓိကကတော့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာနဲ့ ပူးပေါင်းဆောင်ရွက်ရင် အောင်မြင်မယ်ဆိုတဲ့ အဖြေကို လက်တွေ့ရခဲ့တယ်။

နောက်ပြီးတော့ နှစ်နိုင်ငံဆောင်ရွက်ရမယ့် ကိစ္စလေးတွေလည်း ကျွန်တော်တို့ ဆွေးနွေးပြီး ဖြေရှင်းဆောင်ရွက်နိုင်ခဲ့တယ်။ အဓိကကတော့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရင် အောင်မြင်မယ်ဆိုတာ ဒီနေ့အဖို့ လက်တွေ့ရခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံခြားရေးဝန်ကြီးနဲ့ ဦးဆောင်ပြီး ဆွေးနွေးတဲ့ပွဲမှာ ကျွန်တော်တို့ဘက်က ဖြစ်နေတဲ့၊ ကြုံတွေ့နေရတဲ့ အခက်အခဲပေါ့၊ ဒါတွေ အကုန်လုံးကို ကျွန်တော်တို့ ရှင်းပြနိုင်ခဲ့တယ်။

ဒါတွေအကုန်လုံးကိုလည်း တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရအနေနဲ့ ပူးပေါင်းကူညီမယ်။ ပူးပေါင်းကူညီမယ့် နည်းလမ်းတွေကိုလည်း ပြောပြလိုက်တယ်။ ကျွန်တော်တို့နဲ့ ညှိနှိုင်းအောင်မြင်ခဲ့တယ်ပေါ့။ ကျွန်တော်တို့ ခရီးစဉ်ရဲ့ အောင်မြင်မှုဖြစ်ပါတယ်။ ခြုံငုံပြီးပြောရမယ်ဆိုရင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကျွန်တော်တို့ လာရောက်တဲ့ ရည်ရွယ်ချက်က နှစ်ခုဖြစ်ပါတယ်။ တစ်ခုက ဒုက္ခသည်များနဲ့ တိုက်ရိုက်တွေ့ဆုံပြီး သူတို့လိုအပ်ချက်ကို ကျွန်တော်တို့သိမယ်။ ကျွန်တော်တို့ရဲ့ ပြန်လည်လက်ခံတာနဲ့ ပတ်သက်ပြီး ပြင်ဆင်ထားမှုကို တိုက်ရိုက်သူတို့နဲ့ထိတွေ့ပြီး ပြောနိုင်ဖို့ အခွင့်အရေးပေါ့။ ဒါကို ကျွန်တော်တို့ ရခဲ့တယ်။

ဒါပေမယ့် ဒုက္ခသည်စခန်းက ကျယ်ပြန့်လွန်းတော့ အားလုံးကိုတော့ တွေ့ဆုံခဲ့ရတာ မရှိဘူး။ ကျွန်တော်တို့ လိုချင်သလောက် စိတ်တိုင်းကျ လူအများကြီးနဲ့တော့ တွေ့ဆုံခဲ့ရတာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ်တွေ့ခဲ့ရတဲ့ လူတွေအပေါ်မှာမှ ကျွန်တော်ထင်တယ်။ အခြားသူတွေနဲ့ တွေ့ရင်လည်း ဒီပုံစံ၊ ဒီအခက်အခဲပဲ ရှိမှာပဲ။

အဓိကကတော့ နှစ်နိုင်ငံ သဘောတူစာချုပ်ထဲမှာပါတဲ့ ပုံစံကို မဖြည့်စွက်ရသေးဘူး။ ဒီပုံစံနဲ့ ပတ်သက်ပြီး သူတို့မသိသေးဘူးဆိုတာ အဓိက အချက်ဖြစ်နေတယ်။ အဲဒါကို ကျွန်တော်တို့က အစိုးရအဖွဲ့ထဲမှာပါတဲ့ ဝန်ကြီးများနဲ့ တွေ့တဲ့အခါ ညှိနှိုင်းပြီး ဝန်ကြီးများကလည်း စိတ်ပါလက်ပါနဲ့ တကယ့်ကို ကူညီချင်တဲ့စိတ်၊ ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်နဲ့ ဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်မှု ရခဲ့ပါတယ်။ အဲဒီတော့ မကြာခင်မှာပဲ ပြန်လည်လက်ခံမယ့် ကိစ္စကို စနိုင်မယ်လို့ ကျွန်တော်တို့ကတော့ ယုံကြည်တယ်။ အဲဒီအတွက်ကိုလည်း အင်တိုက်အားတိုက် ဆက်လက်ပြီး ပူးပေါင်းကြိုးစားသွားရမှာဖြစ်ပါတယ်။

**ဆက်စပ်နေ**

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေပါတယ်။ တရားဥပဒေစိုးမိုးရေးကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေပြီး ၎င်းနဲ့အတူ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ ဆက်စပ်နေတယ်။ တည်ငြိမ်အေးချမ်းဖို့ တရားဥပဒေစိုးမိုးမှု ရှိရမယ်။

အဲဒီပုံစံလိုပဲ ရခိုင်ဒေသမှာလည်း တရားဥပဒေစိုးမိုးမယ်၊ တည်ငြိမ်အေးချမ်းမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်လာမှာပဲဖြစ်ပါတယ်။ အခုဖြစ်ပွားခဲ့တဲ့ကိစ္စတွေကို

*စာမျက်နှာ ၉ သို့*

**“အဓိကကတော့ နှစ်နိုင်ငံ သဘောတူစာချုပ်ထဲမှာပါတဲ့ ပုံစံကိုမဖြည့်စွက်ရသေးဘူး၊ ဒီပုံစံနဲ့ပတ်သက်ပြီး သူတို့မသိသေးဘူးဆိုတာ အဓိကအချက်ဖြစ်နေတယ်၊ အဲဒါကို ကျွန်တော်တို့က အစိုးရအဖွဲ့ထဲမှာပါတဲ့ ဝန်ကြီးများနဲ့တွေ့တဲ့အခါ ညှိနှိုင်းပြီး ဝန်ကြီးများကလည်း စိတ်ပါလက်ပါနဲ့ တကယ့်ကိုကူညီချင်တဲ့စိတ်၊ ပူးပေါင်းဆောင်ရွက်လိုတဲ့စိတ်နဲ့ ဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်မှုရခဲ့ပါတယ်၊ အဲဒီတော့ မကြာခင်မှာပဲ ပြန်လည်လက်ခံမယ့်ကိစ္စကို စနိုင်မယ်လို့ ကျွန်တော်တို့ကတော့ ယုံကြည်တယ်၊ အဲဒီအတွက်ကိုလည်း အင်တိုက်အားတိုက် ဆက်လက်ပြီး ပူးပေါင်းကြိုးစားသွားရမှာဖြစ်”**

❖ *ရှေ့ဖုံးမှ*

ပြန်လည်ဝင်ရောက်လာသူ ငါးဦးအား ပြန်လည်လက်ခံရေးနှင့် NV ကတ် ပြုလုပ်ပေးရေး ဆောင်ရွက်ရာသို့ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်၊ တောင်ပြိုလက်ဝဲမြို့ အုပ်ချုပ်ရေးမှူး၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဥက္ကာကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုသော်၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝင်းဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုပြန်လည်ဝင်ရောက်လာသည့် မိသားစုဝင် ငါးဦးအား မောင်တောမြို့ပေါ်ရှိ ၎င်းတို့၏ ဆွေမျိုးများအိမ်၌ ယာယီနေရာချထားပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာစဉ် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ အခြားမိသားစုဝင်များ၏ အခြေအနေမှန်ကို တွေ့ဆုံမေးမြန်းပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုနိုင်မည့်အချက်များကို ဆက်လက်စုံစမ်းဆောင် ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**အောင်ကျော်ဦး၊ တင်စိုး**



ပြန်လည် ဝင်ရောက်လာသော မိသားစုဝင်ငါးဦးအား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ပြန်လည်ဝင်ရောက်လာသော မိသားစုဝင်များအား ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက လိုအပ်သော စစ်ဆေးမှုများပြုလုပ်ပြီး ထုတ်ပေးထားသော NV(National Verification) ကတ်ပြားများနှင့်အတူ တွေ့ရစဉ်။



ပြန်လည်ဝင်ရောက်လာသော မိသားစုဝင်ငါးဦးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

*စာမျက်နှာ ၈ မှ*

ပြန်စဉ်းစားလိုက်မယ်ဆိုရင် ဒါတွေအားလုံးဟာ ပဋိပက္ခတွေဖြစ်တယ်။ တိုးတက်မှုတွေ ဆုံးရှုံးတယ်။ ဒါဟာ တစ်နေရာမှာ ဆုံးရှုံးရင် တစ်နိုင်ငံလုံးမှာ ထိခိုက်တာပဲ၊ ဒါကို ဆုံးရှုံးတယ်လို့ ပြောနိုင်ပါတယ်။

**အားလုံးပူးပေါင်း**

နောက်ပြီး ရခိုင်ပြည်နယ်အရေးဟာ နိုင်ငံတကာနဲ့ ဆက်စပ်နေတဲ့အတွက်ကြောင့် ရခိုင်အရေးမှာ ဆုံးရှုံးရင် နိုင်ငံတကာမှာ ဆုံးရှုံးတာနဲ့တူနေပါတယ်။ ဒါကြောင့် နိုင်ငံတကာမှာလည်း အရှုံးမရှိရအောင် တိုင်းပြည်မှာလည်း တကယ်အရှုံးမရှိဘဲနဲ့ အောင်မြင်မှုတွေရအောင် အားလုံးပူးပေါင်း ဆောင်ရွက်ရမှာပါ။

ဒါကြောင့် ကျွန်တော်တို့ အစိုးရက မှန်ကန်တဲ့ စိတ်ရင်းစေတနာနဲ့ မှန်ကန်တဲ့လမ်းစဉ်၊ ဥပဒေနဲ့အညီ တရားဥပဒေစိုးမိုးမှုတွေလည်းဖြစ်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုတွေလည်း ရရှိအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီလို ကြိုးစားဆောင်ရွက်ခြင်းဟာ တစ်နိုင်ငံလုံးတိုးတက်ဖွံ့ဖြိုးမှုကို ဦးတည်ပြီး ရခိုင်ဒေသကို ဆောင်ရွက်နေခြင်း ဖြစ်တယ်ဆိုတာကို ပြည်သူများက သဘောပေါက်ပြီး ယခုထက်ပိုမို ပူးပေါင်းဆောင်ရွက်ရင် ကောင်းမှာဖြစ်ပါတယ်။ အခုလည်း ပူးပေါင်းဆောင်ရွက်နေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့လည်း တည်ငြိမ်အေးချမ်းအောင် ကြိုးစားသွားကြရမှာဖြစ်ပါတယ်။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

**(UEHRD ညှိနှိုင်းရေးမှူးချုပ်)**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ကျွန်တော်တို့ နှစ်နိုင်ငံ သဘောတူညီချက် လက်မှတ်ရေးထိုးထားတာက ၂၀၁၇ ခုနှစ် နိုဝင်ဘာလကထိုးခဲ့ပြီး ဇန်နဝါရီ ၂၃ ရက်မှာ ပြန်လည်လက်ခံဖို့အတွက် ညွှန်ကြားထားတဲ့အတွက် ကျွန်တော်တို့က လက်ခံနိုင်အောင် အမျိုးမျိုးကြိုးစားတယ်။ အဆင်သင့်လည်း အတော်လေး ဖြစ်နေတယ်။ ဒါပေမယ့် အခုကအချိန်ကရွေ့လာတယ်။ နောက်တစ်ခုက မကြာခင် မိုးကလည်း လာတော့မယ်။ ကျွန်တော်တို့အနေနဲ့က မိုးကျရင် ဟိုဘက်မှာလည်း အခက်အခဲရှိသလို၊ ဒီမှာနေရတဲ့သူတွေအတွက်လည်း စိန်ခေါ်မှုတွေက အတော်ရှိပါတယ်။ အဲဒါတွေကို ကျော်လွှားနိုင်အောင် အမြန်ဆုံးတော့ ဖြစ်စေချင်တယ်။ အမြန်ဆုံးဖြစ်ရုံတင်မကဘူး မှန်ဖို့လည်းလိုတယ်။

**မျှော်လင့်**

တစ်ချိန်တုန်းက ဖြစ်ခဲ့သလို မြန်တော့မြန်တယ်၊ မှားတာမျိုး မဖြစ်သင့်ဘူး။ အဲဒီတော့ မှန်အောင်လုပ်ပြီး နှေးတာမျိုးလည်း မဖြစ်သင့်ဘူး။ အဲဒီလောက် နှေးတာမျိုးကိုလည်း ကျွန်တော်တို့က လက်မခံနိုင်ဘူး၊ အဲဒါကြောင့် ကျွန်တော်တို့က မြန်လည်းမြန်ရမယ်၊ မှန်လည်းမှန်ရမယ်ဆိုတဲ့ အယူအဆတစ်ခုနဲ့ ကြိုးစားနေတာဖြစ်တယ်။ အခုလို နှစ်နိုင်ငံ တိုင်ပင်ညှိနှိုင်းပြီးတဲ့အခါမှာ ဒါတွေအားလုံးဟာ အကောင်အထည်ဖော်လာလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။



အာဇီးမူလား (ကော့ခ်ဘဇား နေရပ်စွန့်ခွာသူများ စခန်းတွင် နေထိုင်သူ)

**အာဇီးမူလား**

**(ကော့ခ်ဘဇား နေရပ်စွန့်ခွာသူများစခန်းတွင် နေထိုင်သူ)**

ကျွန်တော်တို့ မြန်မာနိုင်ငံကို ပြန်ဖို့အတွက် ပုံစံတွေ မရသေးပါဘူး။ ကျွန်တော်တို့ကို ဆန် အပါအဝင် ထောက်ပံ့မှုအချို့ ရဖို့အတွက် ကျား၊ မ ဘယ်လောက်စာရင်း ကောက်တာတွေ တော့ရှိပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ပြန်ဖို့အတွက် ဘာပုံစံမှ လာကောက်တာ မရှိသေးပါဘူး။

# ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်သည့် ဓာတ်တိုင်များအား ရွှေ့ပြောင်းပေးလျက်ရှိ

**တောင်ငူ ဧပြီ ၁၄**

နေ့စဉ် ကုန်စည်နှင့် ခရီးသည်အရေးအတွက် အများဆုံးအသုံးပြုလျက်ရှိသော ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးအား လေးလမ်းသွားအဖြစ်ချဲ့ထွင် ဖောက်လုပ်လျက်ရှိရာ မူလစိုက်ထူခဲ့သော ဓာတ်တိုင်များမှာ တိုးချဲ့လာသည့် ကားလမ်းမကြီးပေါ်၌ ရောက်ရှိသွားပြီး နေ့စဉ်ခရီးသွားလာလျက်ရှိသည့် ယာဉ်ကြီး၊ ယာဉ်ငယ်များအတွက် အန္တရာယ်ရှိနေကြောင်း ဒေသခံများ၏ သုံးသပ်ပြောကြားမှုများ ရှိနေရာ လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်း ကေတုမတီမြို့ လျှပ်စစ်အင်ဂျင်နီယာရုံး အင်ဂျင်နီယာ ဦးဖြိုးစည်သူဦးဆောင်သော ဝန်ထမ်းများက ကွန်ကရစ်တိုင်စိုက်ထူခြင်းလုပ်ငန်းများနှင့် ကားလမ်းပေါ်ရောက်ရှိနေသည့် ဓာတ်တိုင်များအား အမြန်ဆုံးရွှေ့ပြောင်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "ကျွန်တော်တို့ လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းက မတ်လ ၂၀ ရက်နေ့ကတည်းက အခုရွှေ့ပြောင်းရမယ့် ဓာတ်တိုင်တွေအတွက် ကွန်ကရစ်တိုင်အသစ်တွေ စိုက်ထူခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်၊ ကားလမ်းပေါ်ရောက်နေတာက နတ်စင်ကုန်းရွာမှာ ၂၂ တိုင်၊ ကျွန်းကုန်းမှာ ၁၈ တိုင် ရှိပါတယ်၊ ကြွေသီးခေါင်းတွေ သကြၤန်ပြီးလောက်ဆို ရောက်လာမှာ၊ ကျွန်တော်တို့ဘက်ကလည်း အများပြည်သူတွေ ခရီးသွားလာရေးမှာ အန္တရာယ်ရှိနေတဲ့အတွက် အမြန်ဆုံးဆောင်ရွက်သွားမှာပါ" ဟု လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးစည်သူက ပြောကြားသည်။

**ကိုလွင် (ဆွာ)**





# အိမ်တိုင်ရာရောက် မှုခင်းအသိပညာပေးဆွေးနွေး

**နေပြည်တော် ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် တောင်ညောင်ကုန်းကျေးရွာတွင် နေထိုင်သော ဦးထက်ထက် - ဒေါ်လှိုင်လှိုင်ဝင်းတို့၏နေအိမ်တွင် Home Visit အိမ်တိုင်ရာရောက် ရဲလုပ်ငန်းစနစ် မှုခင်းအသိပညာပေးဆွေးနွေးပွဲကို ဧပြီ ၁၃ ရက် မွန်းလွဲ ၃ နာရီက ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ညောင်ကုန်းရဲကင်း စခန်းမှူးရဲအုပ် မျိုးထွန်းက သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှု မရှိစေရေးမှုခင်းအသိပညာပေးဆွေးနွေးခဲ့ပြီး ပျော်ဘွယ်မြို့နယ် တောင်ညောင်ကုန်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးရဲမင်း၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ဦးထက်ထက် - ဒေါ်လှိုင်လှိုင်ဝင်းမိသားစုဝင်များ တက်ရောက်ခဲ့ကြောင်း တောင်ညောင်ကုန်းရဲကင်းစခန်းမှ သိရသည်။

**မြန်မာ့အလင်း**

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# စစ်တွေမြို့၌ မဟာသင်္ကြန်အကျနေ့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ရေသပ္ပာယ်ပူဇော်

**စစ်တွေ ဧပြီ ၁၄**

၁၃၇၉ ခုနှစ် ရခိုင်ရိုးရာ မဟာသင်္ကြန် အကျနေ့တွင် ဌာနဆိုင်ရာများ၊ မြို့ပေါ် ရပ်ကွက်အသီးသီးမှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ယနေ့ ညနေ ၃ နာရီတွင် စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား ရေသပ္ပာယ်ပူဇော်ပွဲ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ ဒက္ခိဏာရာမ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်သံဃာတော် အရှင်သူမြတ်များက မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်ပေးသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆရာတော်သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ ဒက္ခိဏာရာမ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ထံမှ ရေစက်ချတရား နာယူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တက်ရောက်လာကြသူများက သင်္ကြန်အကြိုနေ့တွင် ကျင်းပခဲ့သော နံ့သာသွေးပြိုင်ပွဲမှ အမွှေးနံ့သာရည်များဖြင့် စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား ရေသပ္ပာယ်ပူဇော်ပွဲ ကျင်းပကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**





# ကျိန်းတောင်ဇီဝ္ဂါဓာတ်တော်အား ဘုရားရေသပ္ပာယ်

**မင်းပြား ဧပြီ ၁၄**

မင်းပြားမြို့နယ်၏ အထင်ကရဘုရားတစ်ဆူဖြစ်သော ဘုရားရှင်၏ ဇီဝ္ဂါဓာတ်တော်အား ရခိုင်ရိုးရာအစဉ်အလာမပျက် ရေသပ္ပာယ်ပွဲတော်ကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

ညနေ ၄ နာရီတွင် ရခိုင်ရိုးရာမဟာသင်္ကြန် ဘုရားရေသပ္ပာယ်ရေးအဖွဲ့မှ ဦးဆောင်ကာ ရခိုင်စည်တော်များတီးခတ်ပြီး မြို့နယ်ပြည်လုံးချမ်းသာဓမ္မာရုံမှ စတင်ထွက်ခွာကာ မြို့တစ်ပတ်လှည့်လည်၍ ကျိန်းတောင်ပေါ်သို့ တက်ရောက်ပြီး ဘုရားရှင်၏ ဇီဝ္ဂါဓာတ်တော်၌ ငါးပါးသီလဆောက်တည်ကာ ဘုရားရေသပ္ပာယ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**မြို့နယ် (ပြန်/ဆက်)**

# မောင်တောမြို့နယ်ရှိ မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**နေပြည်တော် ဧပြီ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် နယ်မြေ(၅) ငါးခူရ (ဟိန္ဒူ) ကျေးရွာနေ ဇော်ဘော်ဒူး (၅၀ နှစ်)၏ နေအိမ်၌ ဧပြီ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ထမင်းချက်ရာမှ ထရံအား မီးကူးစက်လောင်ခဲ့ရာ ခနိမိုး၊ ထရံကာ နေအိမ် ၆၅ လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ဆုံးရှုံးမှုကြောင့် အိမ်ထောင်စု ၄၃ စု၊ လူဦးရေ ၄၁၉ ဦးတို့အား ငါးခူရ အခြေခံပညာအထက်တန်းကျောင်း၌ ယာယီနေရာချထားပေး၍ ဇော်ဘော်ဒူး အား ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

အဆိုပါ မီးဘေးသင့် ဟိန္ဒူလူမျိုး အိမ်ထောင်စု ၄၃ စု၊ လူဦးရေ ၄၁၉ ဦးတို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ်မှူး ဦးကျော်မင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မောင်တောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းနှင့် တာဝန်ရှိသူများက ကျားလုံချည်၊ မလုံချည်၊ စောင်၊ တဘက်၊ ဒန်အိုး၊ ဇလုံ၊ ဆပ်ပြာ၊ ခြင်ထောင်၊ ပလတ်စတစ်ပုံး၊ ရေခွက်၊ စတီးသောက်ရေခွက်၊ မီးဖိုချောင်သုံး (စတီးခား) တို့အား တစ်မျိုးလျှင် အခု ၇၀၊ ပန်းကန်ပြား၊ အကျီ၊ စတီးဇွန်း တစ်မျိုးလျှင် အခု ၁၄၀၊ ဆန်နှင့် ဆီတို့အား သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# မဟာသင်္ကြန်ပွဲတော် ရခိုင်ပြည်နယ်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

**စစ်တွေ ဧပြီ ၁၄**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်အကျနေ့ ရခိုင်ပြည်နယ် ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် စစ်တွေမြို့ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ နှင့် တာဝန်ရှိသူတို့က ဗဟိုမဏ္ဍပ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းသာက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့မှ သမီးပျိုများက ရခိုင်ယိမ်းအကဖြင့်လည်းကောင်း၊ ရခိုင်တေးသံရှင်များက တေးသီချင်းများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ယခုနှစ် မဟာသင်္ကြန်အကျနေ့တွင် စစ်တွေမြို့ပေါ်ရှိ မဏ္ဍပ်များတွင် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိပြီး မဏ္ဍပ်များသို့ မော်တော်ယာဉ်၊ သုံးဘီးယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်၍ ရေကစားလျက်ရှိကြသည်။

ရေကစားကြသူ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လုံခြုံရေး ဆောင်ရွက်ပေးခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ-နိုင်လင်း**





၇၂ နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းနှင့် ဒက္ခိဏခရိုင်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်၊ လယ်ဝေးဆေးရုံအုပ် ဒေါက်တာဖြူဖြူဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ လယ်ဝေးမြို့နယ် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဧပြီလ ဒုတိယအပတ်က လယ်ဝေးမြို့ခုတင် ၁၀၀ ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

မင်းမင်းလတ် (ရုပ်ဗေဒ)

# မြေဆီလွှာ အာဟာရဓာတ်ပါဝင်မှု အချိုးအစားညီထည့်သွင်းခြင်းဖြင့် သီးနှံအထွက်နှုန်းတိုးတက်လာနိုင်

**ဖျာပုံ ဧပြီ ၁၄**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးထုတ်လုပ်လျက်ရှိသော စိုက်ပျိုးမြေဧရိယာများရှိ မြေဆီလွှာများတွင် အာဟာရဓာတ်ပါရှိမှုနှုန်း အတိအကျသိရှိစေရန်အတွက် မြေဆီလွှာအာဟာရဓာတ်ဆိုင်ရာ တောင်သူပညာပေးလုပ်ငန်းကို ဧပြီ ၁၁ ရက် နံနက် ၁၀နာရီက ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းတင်ပြ

အခမ်းအနား၌ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်သွင်တို့က သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးလုပ်ငန်းကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံဒေါ်ခင်စန်းယုက မြေဆီလွှာအာဟာရစနစ်တကျ ထည့်သွင်းခြင်းဖြင့် တောင်သူများရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

အဆိုပါအခမ်းအနားသို့ ဖျာပုံမြို့နယ် မြေဆီလွှာအာဟာရစစ်ဆေးခြင်းဆောင်ရွက်မည့် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး ကော်မတီဝင်များ၊ ဖျာပုံမြို့နယ် ကျေးရွာအုပ်စု ၅၃ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူ ၁၆၂ ဦး တက်ရောက်ကြသည်။

### သီးနှံအထွက်နှုန်းများ တိုးတက်လာမည်

တောင်သူအများစုမှာ မြေဆီလွှာ အာဟာရဓာတ်ပါဝင်မှု ရာခိုင်နှုန်းအချိုးအစား အတိအကျမသိရှိကြဘဲ စပါးအထွက်တိုးစေရန်အတွက် ပုလဲဓာတ်မြေသြဇာနှင့် ပိုတက်ဓာတ်မြေသြဇာများကို အတိုင်းအဆမရှိ ခန့်မှန်း ထည့်သွင်းအသုံးပြုခဲ့ကြသောကြောင့် တောင်သူများတွင် သီနှံစိုက်ပျိုးထုတ်လုပ်မှုစရိတ် ကြီးမြင့်ခဲ့ကြသည်။ ယခုအခါ မြေဆီလွှာအာဟာရဓာတ် စမ်းသပ်စစ်ဆေးပြီး တောင်သူများ၏ စိုက်ပျိုးမြေဧရိယာများတွင် အာဟာရဓာတ်များကို အချိုးအစားကိုက်ညီစွာ ထည့်သွင်းပေးခြင်းအားဖြင့် စိုက်ပျိုးထုတ်လုပ်သောသီးနှံများတွင် သွင်းအားစု ကုန်ကျစရိတ် သက်သာပြီး သီးနှံအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# အေးမြကြည်လင် သင်္ကြန်ရေနှင့် အတာကူးသည့် နှစ်ဦးချိန်ခါ

**စိုင်းသာလှိုင် (လိမ္မော်မြေ)**

မြန်မာတို့သည် ဓလေ့ထုံးတမ်းများအရ နွေ၊ မိုး၊ ဆောင်း သုံးဥတုကို ဆယ့်နှစ်လရာသီပိုင်းခြားသတ်မှတ်ပြီး လယ်ယာစိုက်ပျိုးရေးဖြစ်ထွန်းမှုကိုလိုက်၍ လည်းကောင်း၊ ဆယ့်နှစ်လရာသီအလိုက် ပွဲလမ်းသဘင်များကို ကျင်းပဆင်နွှဲ ပျော်ရွှင်လေ့ရှိကြသည်။

ဆယ့်နှစ်လရာသီကို ပိုင်းခြားရာ၌ ကောင်းကင်၊ နေ၊ လနှင့် နက္ခတ်တာရာများ၊ ပွင့်လန်းဝေဆာသော ပန်းများကျင်းပသည့် ပွဲလမ်းများ၊ မိုးလေဝသဆိုင်ရာ အချက်အလက်များ စသည်တို့ဖြင့် ဒွန်တွဲသတ်မှတ် ပညတ်ခေါ်ဝေါ်လေ့ရှိသည်။

"ပန်းကံ့ကော်ရွှေစပါး၊ ငွေသားနုစံပယ်မှန်
မုလေးခေတ္တာနှင့်၊ ရွှေယင်းမာကြာခဝဲ ဖွဲစနှင်းလျှံ
သဇင်ကျံ ခွာတံပေါက်လဲ
ပွင့်ဝတ်ကယ်ရွှေဖီမင်း၊ သင်းထုံနံ့ကဲ" ဟု ကင်းဝန်မင်းကြီး ဦးကောင်းက တန်ခူးလမှစ၍ အစဉ်အဆက်ပွင့်ဖူးသည့် ဆယ့်နှစ်လရာသီပန်းများကို လေးဆစ်သဖြန်ဖြင့် ဖွဲ့ဆိုခဲ့သည်။

"သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ
စာပုလွှေမင်း၊ ပဋ္ဌာန်းတော်ခံ
စာရေးတံနှင့်၊ မြစ်ယံပွဲကြီး
ဆီမီးထွန်းချိန်၊ ကထိန်နတ်ခင်း
မြင်းခင်းထွက်ဝင်၊ သဘင်မီးပုံ
ဂူလုံးသဲပုံ၊ စေ့စုံဆင်ယင်
ဤသို့ထင်သား၊ ပြုစဉ်အမြဲ ဆယ့်နှစ်ပွဲ" ဟုလည်း ဆယ့်နှစ်လရာသီ ပွဲလမ်းသဘင်များကို မှတ်တမ်းပြုခဲ့ကြသည်။

### အတာရေသဘင်ပွဲတော်

မြန်မာ့ရိုးရာအစဉ်အလာအရ နှစ်တစ်နှစ်တွင် ဆယ့်နှစ်လရာသီရှိရာ ယင်း ဆယ့်နှစ်လ၏ အစဦးဖြစ်သည့် လတန်ခူးကား ထုံးတမ်းဓလေ့များအရ သက္ကရာဇ်ဦးခေါင်း တစ်နှစ်ပြောင်းလျက် နှစ်ဟောင်းကွယ်ပျောက် နှစ်သစ်ရောက်သည့် အချိန်ခါသမယ ရာသီကာလဖြစ်သဖြင့် ဝိသေသထူးခြားသည်ဟု ဆိုနိုင်သည်။

"တန်ခူးမိဿ၊ စိတြလနှင့် ယှဉ်ပြိုင်ထွန်း
ရင်ခတ်ကံ့ကော် ထုံသင်းပျော်
ပွဲတော်အတာညွန်း"

တန်ခူးလသည် ရာသီဥတုအားဖြင့် ဂိမှာန်၊ ရာသီအားဖြင့် မိဿရာသီ၊ လစန်းယှဉ်နှင့်ယှဉ်သော နက္ခတ်ကား စိတြနက္ခတ်၊ တာရာကား တံငါတာရာ၊ ရာသီရုပ်ပုံသဏ္ဌာန်ကား ဆိတ်ရုပ်ပုံ၊ ရာသီပန်းကား ကံ့ကော်နှင့်ရင်ခတ်၊ ပွဲတော်ကား သင်္ကြန်ချိန်ခါ အတာရေသဘင်ပွဲတော်ဖြစ်၏။

တန်ခူးလကို အချို့က ထန်းသီးဆွတ်ခူးသော "ထန်းခူးလ" ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ သင်္ကြန်ဟူသည် ပါဠိအရ "သင်္ကန္တ" ဖြစ်၍ သက္ကတအရ "သင်္ကြန္တ" ဖြစ်ပြီး အဓိပ္ပာယ် ပြောင်းရွှေ့ခြင်း ဟု အနက်အဓိပ္ပာယ်ရသည်။ ယင်းမှနေ၍ သင်္ကြန်ဟု ခေါ်ဝေါ်လာကြခြင်းဖြစ်သည်။ တာခူးလဆိုသည်မှာလည်း တန်ခူးလ သင်္ကြန်ကာလကိုပင် ခေါ်ဆိုခြင်းဖြစ်သည်။ စင်စစ်နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းပင် ဖြစ်သည်။

ရှေးပညာရှင်တို့က သင်္ကြန်ကို အမျိုးအစားအားဖြင့် "ဇေယျ၊ ဝိသာခါ၊ ဇေဋ္ဌ၊ အာသဠှိ၊ သရဝဏ်၊ ဘဒြ၊ အဿယုဇ္ဇ၊ ကြတ္တိကာ၊ မိဂသီ၊ ဖုဿျ၊ မာဃ၊ ဖဂ္ဂုဏ" ဟူ၍ ၁၂ မျိုး ပိုင်းခြားသတ်မှတ်လေ့ရှိသည်။

သင်္ကြန်ကာလအတွင်း ငိုကြွေးပူဆွေးခြင်း၊ မေထုန်သံဝါသပြုခြင်း၊ အသားဟင်းလျာစားသောက်ခြင်း၊ သေရည်သောက်စားမူးယစ်ခြင်း၊ အမျက်ဒေါသထွက်၍ ခိုက်ရန်ဖြစ်ပွားခြင်း၊ သွေးဖောက် သွေးထုတ် သွေးစီးယိုဖြစ်ခြင်း၊ ဆီလိမ်း၊ ဆေးလိမ်းခြင်း၊ ထင်းခုတ် ထင်းဖြတ်ပြုလုပ်ခြင်း၊ ဝယ်ယူ ကျီသွင်းသိုလှောင်ခြင်းနှင့် ဈေးဆိုင်ဖွင့်ရောင်းချခြင်း စသည်တို့အား မဆောင်ရွက်သင့်ကြောင်းကို သင်္ကြန်တွင်းမှာ ရှောင်ကြဉ်ရာဆယ်ဖြာတရားစုဖြင့် ရှေးပညာရှင်တို့က ဆုံးမ လမ်းညွှန် သွန်သင်ခဲ့ကြသည်။

**နှစ်ဟောင်းကုန်ကူး လတန်ခူး သာယာကြည်နူးဖွယ် မြင်ကွင်းကို**

"ထပ်ထပ်ကာစောတော့တယ်၊ မြကြောင်ယ်ရာသီ၊
ကိုက်ဖူးငယ်စီသည်၊ ပွင့်သီဂီရွှေရင်ခတ်ကယ်တို့၊
ရှစ်ရပ်ကယ်နယ်တစ်ခုက၊
စုလှတယ်လေး၊
နွေခါမှိုင်ငယ်၊ ရာသီမိဿ၊ ဂိမ်မှာန်နမို့၊ စိတြကြယ်၊
တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဗွေချာဝယ်၊
ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့၊
နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်၊
နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူတာ ရေသွန်းမို့၊
လွမ်းလှတယ်လေး" ဟု
မဟာအတုလမင်းကြီးက လွမ်းချင်းဖြင့် စာပန်းချီခြယ်မှုန်းခဲ့သည်။ မြန်မာတို့သည် တစ်နှစ်လျှင်တစ်ကြိမ် နှစ်ဟောင်းကုန်ဆုံးလွင့်ပျောက်၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသည့် ဤလတွင် ရိုးရာဓလေ့ထုံးစံအရ တစ်ဦးနှင့်တစ်ဦး ကြင်နာဆပွား မေတ္တာထား၍သန့်စင်ထုံမွှေးသော ရေစင်ဖြင့် သွန်းလောင်းပက်ဖျန်းလေ့ရှိကြသည်။

စင်စစ် "တန်ခူးရေကုန် ကဆုန်ရေခန်း" ဟူသော စကားကဲ့သို့ တန်ခူးလကား အလွန်ပူပြင်းသော လတစ်လဖြစ်သည်။ ပူလောင်အိုက်စပ်နေသော အချိန်တွင် လူတိုင်းက အအေးဓာတ်ကို လိုလားတောင့်တနေကြစမြဲပင် ဖြစ်သည်။ သို့ဖြစ်ရာ ပူပြင်းသော တန်ခူးလတွင် အေးမြသော မေတ္တာရေစင်ဖြင့် ကြည်မြူးရွှင်လန်းဖျန်းပက်ကြခြင်းမှာ လိုက်ဖက်ကောင်းမွန်လှသည်ဟု ဆိုနိုင်သည်။ သက္ကရာဇ်အကြောင်း အသစ်ပြောင်းသည့်လတွင် သွန်းလောင်းသည့် အတာရေစင်ကြောင့် ခိုက်ရန်ဒေါသဖြစ်ပွားလေ့မရှိဘဲ ခံမင်နှစ်လိုစွာ ရေပက်ခံကြသည်။

သင်္ကြန်အတာရေသည် "ရေကြည်ရေအေး ဆေးတစ်ပါး" နှယ်ဖြစ်သည်ဟုလည်း ဆိုကြသည်။ တစ်နေကုန် ရေစိုထိနေသော်လည်း အအေးမိခြင်း၊ ဖျားနာခြင်းမရှိ၊ မုန်းတီးစရာ၊ ရန်ဖြစ်စရာ၊ နာကြည်းစရာများကို သင်္ကြန်ရေဆေးကြောပေးပါက ပြေလွယ်ပျောက်လွယ်သည်။ ထို့ကြောင့် "ရန်ပြေမာန်ပြေ မေတ္တာရေ" ဟုပင် ယူဆနိုင်သည်။ နှစ်ဟောင်းမှ လူဟောင်းခန္ဓာကိုယ်ပေါ်ရှိ အညစ်အကြေးမှန်သမျှကို စင်ကြယ်သန့်စင်ပြီး ဖြစ်ရာလည်း ရောက်ပေသည်။

ရေကြည် ရေအေး ရေသန့် ရေစင်တို့ကို အမွှေးနံ့သာများဖြင့် ထုံမွမ်း၍ ဖလားအပြည့် သွန်းလောင်းပက်ဖျန်းလေ့ရှိသကဲ့သို့ သပြေခက်လေးများဖြင့် တို့ရုံ ထိရုံ စတိ ရေပက်ကြသည်လည်း ရှိသည်။ နှစ်သစ်ကူးအခါသယမတွင် ရှေးထုံးမပျက် ဘုရားကျောင်းကန်များသို့ သွားရောက်ခိုမှီ၍ လှူဒါန်းပေးကမ်းခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ ဘာဝနာပွားများခြင်း စသည်တို့ကို ဆောင်ရွက်ကြသည့်နည်းတူ ဂါရဝတရားအလေးထား၍ ဘိုးဘွားမိဘ၊ ဆရာသမား၊ သက်ကြီးရွယ်အိုတို့အား ပစ္စည်းဝတ္ထုအစုစုတို့ဖြင့် ဦးညွှတ်မာန်လျှော့ ကန်တော့ပူဇော်ခြင်း၊ ခေါင်းလျှော် ရေချိုးသန့်စင်ပေးခြင်း၊ ခြေသည်း လက်သည်း လှီးဖြတ်ပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လုပ်ကိုင်လေ့ရှိသည်။ ထို့အပြင် ငါး၊ နွား စသည့်တိရစ္ဆာန်များအား ဝယ်ယူ၍ စုပေါင်းဘေးမဲ့လွှတ်ပေးပွဲလည်း ဆင်နွှဲတတ်ကြသေးသည်။

စင်စစ် အတာကူးသည့် လတန်ခူးတွင် ရေစင်နှင့် သွန်းလောင်းပက်ဖျန်းကစားရခြင်းသည် မည်သည့်ပျော်ရွှင်မှုမျိုးနှင့်မတူ တစ်မူထူးခြားသည်ကား အမှန်ပင်ဖြစ်သည်။ စိတ်ရောကိုယ်ပါ လန်းဆန်းနုပျိုစေ၍ အားသစ်ဝေစည် ဖြစ်ရသည်။ ကြည်နူးရွှင်မြူးစေ၍ နှစ်လိုပီတိဖြစ်ရသည်။

တန်ခူးလသည် နှစ်ဟောင်းလွန်ကျူး နှစ်သစ်ကူးသည့်လဖြစ်ပေရာ အကြွင်းအကျန်နှစ်ဟောင်းမှ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ကိုယ်နှုတ်နှလုံး သုံးပါးစလုံး၏ ပြောဆိုကြံစည်မှု အကောင်း၊ အဆိုး အမျိုးမျိုးအထွေထွေကို ဆန်းစစ်ဝေဖန်စစ်ကြောရန်လိုသည်။ အပြုအမူ အကျင့်စရိုက် သွင်ပြင်မှုရာ စသည့် လူ့ဓလေ့အတန်တန်ကို အသိဉာဏ်ချိန်ခွင်တွင် တင်စက်၍ တွက်ချက်စာနာ နားလည်ရာသည်။ ဆင်ခြင်သုံးသပ် ပိုင်းခြားတန်ရာသည်။

### အမှာစကားထားခဲ့

မကောင်းသော အကျင့်စရိုက်ဟူသမျှကို နှစ်ဟောင်းတွင် ကျန်ရှိခဲ့သော ကြေးညှော်များနှင့်အတူ ခဝါချ သန့်စင်ထားပြီး သကာလ ကောင်းမွန်သော စရိုက်များကို နှစ်သစ်နှင့်အတူ မြတ်နိုးကြည်ဖြူစွာ သယ်ယူရန်လိုသည်။ တန်ခူးလသည် ကျေးလက်နေ တောင်သူဦးကြီးများ လုပ်ငန်းခွင်ဝင်ရောက်ရေးအတွက် ကြိုတင်ပြင်ဆင်ကြရန် တပ်လှန့်နှိုးဆော်ပေးသည်ဟုလည်း ဆိုနိုင်ပါသည်။ တပေါင်းတန်ခူး မိုးသားကျူးဟု ဆိုသည့်စကားအတိုင်း ထိုအချိန်များတွင် သင်္ကြန်အကြိုမိုး၊ သင်္ကြန်လက်ဆေးမိုး စသည်တို့ ရွာသွန်းတတ်ပေသည်။ သို့ဖြစ်ရာ မိုးရာသီလယ်လုပ်ငန်းအတွက် တောင်သူလယ်သမားကြီးများ နှစ်စဉ်ပြုမြဲဖြစ်သည့် ထွန်၊ ထယ် စသည့် လယ်လုပ်ကိရိယာများ စတင်ပြင်ဆင်ရပေတော့သည်။ လယ်မြေပြင်၊ လယ်တဲဆောက်၊ မျိုးစီစဉ်၊ ရိက္ခာစုဆောင်း စသည့် လုပ်ငန်းအရပ်ရပ်ကို စတင်လုပ်ကိုင်ကြရသည်။ တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုးဟူသည့် ဆိုရိုးနှင့်အညီ တန်ခူးလတွင် မိုးရေသည် ဖက်ဆွတ်ရုံသာ ရွာသွန်းလေ့ရှိသည်။ ယင်းမိုးကြောင့် ဖက်များ ၊သစ်ရွက်များကို တိုက်ချွတ်ရုံ၊ ဆေးကြောရုံဖြစ်သဖြင့် ရေအရောင်မှာ နီကြန့်ကြန့်ဖြစ်ပြီး မချိုးသင့်၊ မသောက်သုံးသင့်ကြောင်းကို ဘိုးဘွားစဉ်ဆက် အမှာစကားထားခဲ့ကြသည်။

နှစ်တစ်နှစ်၏ အမွန်အစမှာ တန်ခူးလ၊ တန်ခူးလ၏ သရုပ်သဏ္ဌာန်မှာ အတာသင်္ကြန်၊ တာသင်္ကြန်၏ ထူးခြားမှုဝိသေသကား ရေကစားခြင်း၊ ရေကစားခြင်း၏ အနှစ်သာရမှာ ယဉ်ကျေးချစ်ခင် လန်းရွှင်ချမ်းမြေ့မှုပင် ဖြစ်သည်။

သို့ဖြစ်ပေရာ နှစ်ဟောင်းအခါဟောင်းမှ စိတ်ဟောင်းစရိုက်ဟောင်းအဖြာဖြာကို စွန့်ခွာသန့်စင်ဆေးကြောကြည်လင်စေပြီး နှစ်သစ်အခါနှစ်တွင် စိတ်သစ် စရိုက်သစ်အသွယ်သွယ်ဖြင့် ထုံမွမ်းခြယ်သ၍ အေးမြကြည်လင်စွာ လောကကို အလှဆင်နိုင်ကြပါစေသတည်း။ ။

> **သင်္ကြန်အတာရေသည် " ရေကြည်ရေအေး ဆေးတစ်ပါး" နှယ်ဖြစ်သည်ဟုလည်း ဆိုကြသည်၊ တစ်နေကုန် ရေစိုထိနေသော်လည်း အအေးမိခြင်း၊ ဖျားနာခြင်းမရှိ၊ မုန်းတီးစရာ၊ ရန်ဖြစ်စရာ၊ နာကြည်းစရာများကို သင်္ကြန်ရေဆေးကြောပေးပါက ပြေလွယ်ပျောက်လွယ်သည်၊ ထို့ကြောင့် " ရန်ပြေမာန်ပြေ မေတ္တာရေ" ဟုပင် ယူဆနိုင်**



မဟာသင်္ကြန် အကျနေ့က ရန်ကုန်မြို့ အနော်ရထာလမ်းပေါ်တွင် ရေပက်ကစားသူများဖြင့် တိုးမပေါက်အောင် စည်ကားနေစဉ်။
ဓာတ်ပုံ-စိုးညွန့်

## သုဝဏ္ဏဝတီမြို့၌ ပထမဦးဆုံးအကြိမ် မဟာသင်္ကြန်အလှပြယာဉ်ဖြင့် လာရောက်လှည့်လည်ဖျော်ဖြေ

**သုဝဏ္ဏဝတီမြို့ ဧပြီ ၁၄**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ မဟာသင်္ကြန်အတွင်း ပြည်သူများ ကြည်နူးဝမ်းမြောက်စေရန်အတွက် ပထမဦးဆုံးအကြိမ်အဖြင့် သထုံခရိုင်ကိုယ်စားပြု မဟာသင်္ကြန် အလှပြယာဉ်ဖြင့် ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ ညပိုင်းအချိန်တွင် လှည့်လည်ဖျော်ဖြေကပြခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့မှ အတတ်ပညာရှင်များ စုစည်းဖန်တီးတင်ဆက်သည့် သမိုင်းရေးမယ့်လက်များ သင်္ကြန်အလှပြယာဉ်သည် သင်္ကြန်အကအလှယိမ်းများ ၊သင်္ကြန်သီချင်းများ ၊ သင်္ကြန်သံချပ်များကို ပြည်သူများအား တင်ဆက်ဖျော်ဖြေခဲ့ပြီး ပြည်သူများကလည်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ မဟာသင်္ကြန် အလှပြယာဉ်အား သီတဂူ ဦးကျော်လွင်ဦး မိသားစုနှင့် ချစ်ကြည်ရေး စက်သုံးဆီအရောင်းဆိုင် (မြဝတီ) မှ ပံ့ပိုးကူညီပေးပြီး မဟာသင်္ကြန်ရက်များအတွင်း၌ သထုံခရိုင်အတွင်းရှိ မြို့နယ်များသို့ လှည့်လည်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။ **ခွန် (ဝင်းပ)**

## စလင်းတွင် သင်္ကြန်အကျနေ့ အေးချမ်းစွာရေကစား

**စလင်း ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဧပြီ ၁၄ ရက်ကျရောက်သော သင်္ကြန်အကျနေ့တွင်လည်း အေးချမ်းစွာရေပက်ကစားကြသည့် မြို့ပေါ် ၆ ရပ်ကွက်များတွင် သင်္ကြန်မဏ္ဍပ်များထိုးကာ အဆို၊ အတီး၊ အကများအပြင် စတုဒိသာကျွေးခြင်း၊ အပြန်အလှန် ရေပက်ကစားခြင်းများ ပျော်ရွှင်စွာဖြင့် စုပေါင်းရေကစားကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများပါဝင်သော သင်္ကြန်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များသည် စည်းကမ်းထိန်းသိမ်းရေးယာဉ်ဖြင့် လမ်းဘေးရေပက်ကစားကြသူများ အန္တရာယ်နှင့် ခိုက်ရန်မဖြစ်ပွားစေရေးအတွက် လှည့်လည်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ချောင်းဆုံမြို့နယ်၌ အပြိုင်ကျေးရွာတွင် နေအိမ် ၄၅ လုံးမီးဘေးသင့်

**ချောင်းဆုံ မေ ၁၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အပြိုင်ကျေးရွာရပ်ကွက်(၈)တွင် မေ ၁၃ ရက် ညနေ ၅ နာရီခွဲက မောင်ချမ်း(၂၃ နှစ်)၏ နေအိမ်မှတစ်ဆင့် နေအိမ် ၃၇ လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ယင်းနေအိမ်အပါအဝင် တိုက်အိမ် ၁၂ လုံး၊သစ်အိမ် ၁၃လုံးနှင့် ဝါးအိမ် ၁၂ လုံးနေအိမ်စုစုပေါင်း ၃၇ လုံးမီးလောင်ဆုံးရှုံးခဲ့ပြီး မီးတားနိုင်ရန်အတွက် တိုက်အိမ်နှစ်လုံး၊ သစ်အိမ်သုံးလုံးနှင့် ဝါးအိမ်သုံးလုံး စုစုပေါင်းရှစ်လုံး ဖျက်ချခဲ့ရကာ စုစုပေါင်းအိမ်ခြေ ၄၅ လုံးနှင့် အိမ်ထောင်စု ၄၅ စုမှ လူဦးရေ ၁၉၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။



မီးဘေးသင့် မိသားစုဝင်များအား အောင်သဒ္ဒိ(မွန်ကျောင်း)နှင့် အောင်မင်္ဂလာ သုခမ္မကျောင်းတို့တွင် ပြောင်းရွှေ့ထားပြီးဖြစ်ကာ မီးလောင်မှုနှင့် ပတ်သက်ပြီး မောင်ချမ်းအား မြို့နယ်ရဲတပ်ဖွဲ့က အမှုဖွင့်ထားကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်သိန်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဒေသဆိုင်ရာ အဖွဲ့ဝင်များသွားရောက်စစ်ဆေးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများမှ စုစုပေါင်းမီးသတ်ယာဉ်စီးရေ ၁၀ စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ယင်းနေ့ည ၈ နာရီက မီးငြိမ်းသွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုဂံမြို့တွင် ခြင်ဆေးခွေမီးမှတစ်ဆင့် ဟိုတယ်အဆောက်အအုံမီးလောင်

**ပုဂံ မေ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့တွင် မေ ၁၄ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်က ဟိုတယ်ဝန်ထမ်းများ အိပ်ရာဆောင်အခန်းအတွင်း ခြင်ဆေးခွေမီးထွန်းရာမှတစ်ဆင့် ဟိုတယ်အခန်းအတွင်းရှိ အိပ်ရာခင်းမွေ့ရာအား မီးကူးစက်လောင်ကာ ဟိုတယ်တစ်လုံးနီးပါး ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်က ပုဂံမြို့သစ် အနော်ရထာရပ်ကွက် စွယ်တော်လမ်းနှင့် ခရေလမ်းကြားရှိ ဒေါ်ချို(ခ) ဒေါ်စန်းစန်းထွေး ပိုင်ဆိုင်သောရွှေဇဟိုရ်ဟိုတယ် ညှော်ကြို အပေါ်ထပ် ညှော်သည်ပို့ယာဉ်မောင်း များ အိပ်သည့် အခန်းအတွင်း အိပ်ရာဘေး၌ ခြင်ဆေးခွေမီးထွန်းညှိ၍ အိပ်ရာမှတစ်ဆင့်အနီးရှိ အိပ်ရာခင်းမွေ့ရာအား မီးလောင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ဒေါ်ချို(ခ)ဒေါ်စန်းစန်းထွေး ပိုင်ဆိုင်သော ရွှေဇဟိုရ်ဟိုတယ်အဆောက်အအုံများ၊ ပစ္စည်းများနှင့် ဈေးဆိုင်ခန်းအချို့ မီးလောင်ပျက်စီးသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့်လူများ ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။



အဆိုပါ မီးလောင်ရာသို့ မီးငြှိမ်းသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ် ၁၀ စီး၊ မီးသတ်စက်ယာဉ်တစ်စီးတို့ အသုံးပြု၍ သန္နွေမီးသတ်အင်အား ၅၁ ဦး၊ အရန်မီးသတ်အင်အား ၇၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အင်အား ၂၀ ၊ နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံများပူးပေါင်း၍ ငြှိမ်းသတ်ခဲ့ရာနံနက် ၅ နာရီ မိနစ် ၂၀ တွင် မီးလုံးဝငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ မီးပေါ့ဆစွာအသုံးပြုသူ ဟိုတယ်မန်နေဂျာ ကိုသက်ပိုင်စိုး (စုံစမ်းဆဲ)အား ညောင်ဦးမြို့နယ် ပုဂံနယ်မြေရဲစခန်းက အမှုဖွင့်ထားရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဇွဲကပင်-နောင်လုံကားလမ်း ယာဉ်တစ်စီးအရှိန်လွန်တိမ်းမှောက်၍ ခြောက်ဦးသေဆုံး

**ဘားအံ မေ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဇွဲကပင်-နောင်လုံကားလမ်း မူဝေဘုရားကျောင်းအနီးတွင် ယာဉ်တစ်စီးအရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထိုးကျတိမ်းမှောက်ကာ ယာဉ်ပေါ်လိုက်ပါလာသူ ၁၀ ဦးအနက် ယာဉ်မောင်းအပါအဝင် ခြောက်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ၁၄ ရက် နံနက် ၁ နာရီခန့်က ဇွဲကပင်- နောင်လုံကားလမ်းအတိုင်း ဇွဲကပင်ဘက်မှ နောင်လုံဘက်သို့ မောင်ပဲ့(ခ)စောကျော်ဘမောင်၊ တလန်ကျေးရွာ ဘားအံမြို့နယ်နေသူမောင်းနှင်ပြီး ယာဉ်ပေါ်တွင် တစ်ရွာတည်းနေထိုင်သူများဖြစ်သော စောအလူ (၂၈ နှစ်) အပါအဝင် အမျိုးသားကိုးဦးတို့လိုက်ပါလာသော 1K/------- NAVARA ယာဉ်သည် မူဝေဘုရားကျောင်းအနီး အရောက်တွင် လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ် လိုက်ပါလာသူများအနက် နိုင်ဦး၊ သန်းနိုင်ဦး၊ လူပု(ခ)ကျော်ရဲနိုင်၊ စောနိုင်နိုင်၊ ကျော်ရဲအောင်နှင့် ယာဉ်မောင်း မောင်ပဲ့(ခ)စောကျော်ဘမောင်တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်ပေါ်ပါသူလေးဦးတွင် ဒဏ်ရာများရရှိသဖြင့် ဘားအံဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မောင်ပဲ့(ခ)စောကျော်ဘမောင်အား ထုံးအိုင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# လူနာတင်ယာဉ်ပေါ်မှ တမလန်းသစ်များ ဖမ်းမိ

**ကောလင်း မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ကောလင်း - ကျောက်တန်းသွား ကားလမ်းပေါ် လူနာတင်ယာဉ်အတွင်းမှ တရားမဝင်တမလန်းသစ်များ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ညနေ ၃ နာရီတွင် ကောလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးနိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများသည် သက်သေများနှင့်အတူ ကောလင်း - ကျောက်တန်းသွား ကားလမ်းမိုင်တိုင်အမှတ်(၅/၅) နေရာတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ထက်ကိုကိုဆိုသူမောင်းနှင်ပြီး ဇော်နိုင်ထွန်းနှင့် မောင်မောင်တို့ လိုက်ပါလာသော CUST-ON)HSE/ လူနာတင်ယာဉ်အား မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင်တမလန်းသစ် ၆ လုံး၊ ၁ ဒသမ ၀၈၀၀ တန်အား ရှာဖွေစစ်ဆေးတွေ့ရှိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းနှင့်သစ်ပိုင်ရှင် ထက်ကိုကို၊ ပြူကန်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ ယာဉ်ပေါ်ပါသူဇော်နိုင်ထွန်း၊ ရေကြည်မြို့နယ်နေသူနှင့် မောင်မောင်၊ ဘိုကလေးမြို့နယ်နေသူတို့အား ကောလင်းမြို့မရဲစခန်းမှ ဥပဒေအရ ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။



**လူအောင်(ကသာ)**

# ဂွမြို့နယ်၌ တောဆင်ရိုင်းများ အန္တရာယ်ပြု၍ တစ်ဦးသေဆုံး

**နေပြည်တော် မေ ၁၄**

ရခိုင်ပြည်နယ် ဂွမြို့နယ် ဘဝင် ကျေးရွာအုပ်စု ခွေးချိုဒေသ၌ မေ ၁၃ ရက် နံနက် ၈ နာရီက ဦးညီပုလေး(၆၃ နှစ်)၏ လယ်တဲသို့ တောဆင်ရိုင်းခြောက်ကောင် လာရောက်၍ မျိုးစပါးနှင့်လယ်တဲအား ဖျက်ဆီးကာ ဦးညီပုလေးအား အန္တရာယ်ပြုခဲ့သဖြင့် လယ်တဲနှင့် ပေ ၁၀၀ ခန့်အကွာ၌ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ ကျိန္တလီနယ်မြေရဲစခန်း၌ သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# တွံတေး၌ အစာအဆိပ်သင့်မှုကြောင့် ခုနစ် ဦး ဆေးရုံတင်ထားရ

**နေပြည်တော် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ညောင်ဝိုင်းကျေးရွာနေ ဒေါ်တင်လှိုင်(၇၄ နှစ်) ပါခုနစ်ဦးသည် မေ ၁၃ ရက် နံနက် ၇ နာရီက Bread & Toast တံဆိပ်ပါ ကိတ်မုန့်အား စားသုံးပြီးနောက် မူးဝေအော့အန် ဖြစ်ခဲ့သောကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# သင်္ကြန်ရေပက်ခံကားဝင်တိုက်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ရန်ကုန် မေ ၁၄**

ကြည့်မြင်တိုင်မြို့နယ်အတွင်း အုန်းလက်ရေကစားမဏ္ဍပ်အတွင်းသို့ မေ ၁၃ ရက် (သင်္ကြန်အကြိုနေ့) ညနေ ၆ နာရီက ရေပက်ခံကားတစ်စီးဝင်ရောက်တိုက်မိသဖြင့် မီးသတ်တပ်ဖွဲ့ဝင်ငါးဦးဒဏ်ရာရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရကြောင်း မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ကြည့်မြင်တိုင်မြို့နယ်အတွင်း ကမ်းနားလမ်းအတိုင်း ပန်းပင်ကြီးလမ်းဘက်မှ နတ်စင်လမ်းဘက်သို့ ယာဉ်မောင်းဌေးလင်းအောင် မောင်းနှင်လာသော ရေပက်ခံကား 2P/------ ကင်တာယာဉ်သည် မကျည်းတန်းမြောင် အရှေ့ရပ်ကွက် လှည်းတန်းလမ်းထိပ်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တိုက်အမှတ် ၂၉၈ ရှေ့ရှိ အုန်းလက်ရေကစားမဏ္ဍပ်ဘေးမှ မီးသတ်တပ်ဖွဲ့ဝင်များကို ဝင်တိုက်ပြီး တိုက်အမှတ် ၂၉၈ ၏ တိုက်အုတ်နံရံကို ထပ်မံဝင်တိုက်မိခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုကြောင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ နန်းလင်းအောင်(၂၅ နှစ်)၊ သန်းထိုက်(၃၇ နှစ်)၊ မျိုးမင်းသူ (၂၇ နှစ်)၊ မျိုးကိုကို (၁၉ နှစ်)၊ ကောင်းခန့် (၁၉ နှစ်) နှင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ ကိုထွန်းလင်း(၃၆ နှစ်)တို့ ဒဏ်ရာရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်နှင့်အဖွဲ့က ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါ ဆေးရုံပို့ဆောင်ထားသည့် လူနာများအနက် မေ ၁၄ ရက်အရောက် တပ်သားကောင်းခန့်မှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သဖြင့် ယာဉ်မောင်း ဌေးလင်းအောင်အား ကြည့်မြင်တိုင်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ရေကစားနေသည့် ကလေးတစ်ဦး ထော်လာဂျီယာဉ်ကြိတ်မိ၍ သေဆုံး

**နေပြည်တော် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရွာသစ်စု ကျေးရွာ ရွာလယ်လမ်းမပေါ်၌ ရေပက်ကစားနေသည့် ကလေးငယ်တစ်ဦး ထော်လာဂျီတိုက်မိကာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် ည ၆ နာရီ ၄၅ မိနစ်က ရွာသစ်စုကျေးရွာ ရွယ်လယ်လမ်းမပေါ်၌ အင်ပင်ကျေးရွာဘက်မှ ဂုန်ညှင်းတန်း ကျေးရွာဘက်သို့ ဂုန်ညှင်းတန်း ကျေးရွာနေ ကျော်သက်အောင်(၂၂ နှစ်) မောင်းနှင်ပြီး အင်္ဂပူမြို့နယ် ဝင်လိုကုန်းကျေးရွာနေ သက်ပိုင်စိုး(၂၂ နှစ်) လိုက်ပါလာသော ၃၄/-----ထော်လာဂျီယာဉ်သည် ရေပက်ကစားနေသည့် ရွာသစ်စုကျေးရွာနေ မောင်အောင်မင်းခန့် (၂ နှစ်)ခြောက်လမှ ရေထွက်ပက်စဉ် ထော်လာဂျီယာဉ်အောက်သို့ ရောက်သွားပြီး ဒဏ်ရာများရရှိကာ သေဆုံးသွားသဖြင့် ကျော်သက်အောင်အား အင်ပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ကျွန်းလှ၌ လေပြင်းတိုက်ခတ်၍ အဆောက်အအုံအချို့ပျက်စီး

**ကျွန်းလှ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သံဘိုပေါယေ (ရွာဟောင်း)နှင့် အင်တိုင်းကျေးရွာတို့တွင် မေ ၁၃ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်၍ အဆောက်အအုံအချို့နှင့် လျှပ်စစ်မီးတိုင်များ ကျိုးကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

ထိုလေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ပညာရေး ဝန်ထမ်းအိမ်ရာတစ်လုံး၊ လူနေအိမ် ၂၉ လုံးခန့် အမိုးလန်ပျက်စီးသွားပြီး အိမ်နှစ်လုံးပြိုကျ၍ လျှပ်စစ်မီးတိုင်ကိုးတိုင် ကျိုးကျပျက်စီးသွားကြောင်း သိရသည်။ အဆိုပါ ကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ရန် စီစဉ်ထားပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# မြေကျင်းပြိုကျပိမိ၍ သုံးဦးသေဆုံး

**နေပြည်တော် မေ ၁၄**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုင်းနောင်ကျေးရွာ အနောက်ဘက်တစ်မိုင်ခန့်အကွာ ယခင် ဟော့တစ်ဆယ် ရွှေမော်ဟောင်းနေရာ၌ မေ ၁၃ ရက် နံနက် ၁၁ နာရီက မိုင်းနောင်ကျေးရွာနေ ခင်မောင်ဦး(ခ)ကျော်ဦး (၃၄ နှစ်) ပါနှစ်ဦးသည် တရားမဝင် ရွှေတူးဖော်နေစဉ် မြေကျင်းပြိုကျပိမိကာ သေဆုံးသွားခဲ့သဖြင့် လုံးတုံနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာရှိ ဦးယော်ချန်းပိုင် နယူးရတနာဦး ကျောက်မျက်ကုမ္ပဏီလုပ်ကွက်၌ ဖားကန့် မြို့နယ် ချောင်းဆုံကျေးရွာနေ အောင်ကိုဝင်း(ခ) ကိုဝင်း(၃၂ နှစ်)သည် တရားမဝင်ရေမဆေးကျောက်ရှာဖွေနေစဉ် အမြင့် ၁၀ ပေခန့်မှ မြေစာနှင့် ကျောက်ခဲများ ပြိုကျပိမိသဖြင့် သေဆုံးသွား၍ ဖားကန့်မြို့မရဲစခန်းက သေမှုသေခင်းဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# အနောက်နိုင်ငံများက ဆီးရီးယားကို လေကြောင်းမှတိုက်ခိုက်မှုအပေါ် အီးယူထောက်ခံ

**ဒမတ်စကတ် မေ ၁၄**

ဆီးရီးယားအစိုးရအား ဓာတုလက်နက်ဖြင့်တိုက်ခိုက်သည်ဟု စွပ်စွဲမှုပြုပြီးနောက် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် ဗြိတိန်တို့၏ ဆီးရီးယားကို လေကြောင်းမှတိုက်ခိုက်သည့် ကိစ္စနှင့်ပတ်သက်ပြီး အဆိုပါနိုင်ငံများဘက်မှ ဥရောပသမဂ္ဂကောင်စီ (အီးယူ)က ရပ်တည်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်က မေ ၁၄ ရက်တွင် ပြောခဲ့သည်။

အမေရိကန်၊ ပြင်သစ်နှင့် ဗြိတိန်တို့၏လေကြောင်းတိုက်ခိုက်မှုများက ဆီးရီးယားအစိုးရနှင့် ရုရှား၊ အီရန်စသည့် အပေါင်းပါများအနေဖြင့် နောက်ထပ်ဝမ်းနည်းဖွယ်ကောင်းသည့် ကိစ္စမျိုးထပ်မံမပြုလုပ်ရန် အချက်ပေးလိုက်သလိုဖြစ်ကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် မိမိတို့၏မဟာမိတ်များနှင့်အတူ တရားမျှတသည့်ဘက်က ရပ်တည်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်ခ်က ဆက်လက်ပြောကြားခဲ့သည်။

ဆီးရီးယားအနေဖြင့် အပြစ်မဲ့ပြည်သူများအပေါ် ဓာတုလက်နက်သုံးခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ကြောင်း ဥရောပသမဂ္ဂကော်မရှင် အကြီးအကဲ ဂျင်ကလော်ဒီဂျန်ကာ က ပြောခဲ့သည်။ သို့သော်လည်း ယခုအကြိမ်သည် နောက်ဆုံးဖြစ်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မည်သည့်ဓာတုလက်နက်သုံး၍ တိုက်ခိုက်မှုမျိုးမဆို တာဝန်ယူ၊ အတည်ပြုရန်လိုအပ်ကြောင်း ဥရောပသမဂ္ဂကော်မရှင် အကြီးအကဲ ဂျင်ကလော်ဒီ ဂျန်ကာက ဆက်လက်ပြောကြားခဲ့သည်။

ဆီးရီးယားပဋိပက္ခသည် ရှစ်နှစ်အတွင်းဝင်ရောက်လာခဲ့ပြီဖြစ်ရာ ဂျီနီဗာလုပ်ငန်းစဉ်မှတစ်ဆင့် ပါတီပေါင်းစုံက လေးစားမှုရှိသည့် နိုင်ငံရေးနည်းဖြင့် အဖြေရှာခြင်းကို လမ်းခင်းပေးသည့် အစဉ်ထာဝရအပစ်ရပ်စဲရေးဆိုသည့် သဘောတူညီချက်တစ်ရပ် သိသိသာသာလိုအပ်လျက်ရှိသည်ကို ပြသနေသကဲ့သို့ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



# လွှတ်တော်၏ခွင့်ပြုချက်မယူဘဲ ဆီးရီးယားကိုတိုက်ခိုက်ရန် ဗြိတိန်တပ်ဖွဲ့ဝင်များအား ခွင့်ပြုလိုက်ခြင်းကြောင့် အတိုက်အခံများ၏ သဘောထားတင်းမာမှုကို ဝန်ကြီးချုပ် ထရီဆာမေ ရင်ဆိုင်ရနိုင်



**လန်ဒန် မေ ၁၄**

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ဆီးရီးယားတွင် တရားမဝင် ဓာတုလက်နက်များအသုံးပြုမှုကို တန်ပြန်အရေးယူဆောင်ရွက်သည့်အနေဖြင့် ဆီးရီးယားအား ပစ်မှတ်ထားတိုက်ခိုက်မှုများ ပြုလုပ်ရန် ဗြိတိန်လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား အခွင့်အာဏာပေးအပ်လိုက်ကြောင်း မေ ၁၄ ရက်က ပြောကြားလိုက်သည်။

ထရီဆာမေအနေဖြင့် ထိုသို့ ဗြိတိန်လက်နက်ကိုင် တပ်ဖွဲ့ဝင်များအား လွှတ်တော်၏ သဘောတူခွင့်ပြုချက်မယူဘဲ ဆီးရီးယားအား တိုက်ခိုက်ရန် အခွင့်အာဏာ ပေးအပ်လိုက်ခြင်းကြောင့် အတိုက်အခံများ၏ သဘောမတူမှုကို ရင်ဆိုင်ရနိုင်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ထရီဆာမေ၏ လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အခြေခံအကြောင်းတရားအပေါ် ကွန်ဆာဗေးတစ်ခေါင်းဆောင်တစ်ဦး၏ ရှင်းပြချက်အရ၊ အတိုက်အခံပါတီများအနေဖြင့် ဆီးရီးယားလေကြောင်းတိုက်ခိုက်မှုအပေါ် သင်္ကာမကင်းဖြစ်နေကြောင်း၊ ဆီးရီးယားပဋိပက္ခကို ပိုမိုရှုပ်ထွေးနိုင်ကြောင်းနှင့် ဥပဒေပြုသူများ၏ ခွင့်ပြုချက်ယူသင့်ကြောင်း စောဒကတက်ပြောကြားခဲ့သည်ဟု သိရသည်။

၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်မှု၏ အတိတ်တစ္ဆေသည် ဗြိတိန်လွှတ်တော်၏ လုပ်ဆောင်မှုများအပေါ် ဟန့်တားလျက်ပင်ရှိသေးကြောင်း ၎င်းတို့က ထောက်ပြပြောဆိုခဲ့သည်။

ဗုံးများကြဲခြင်းဖြင့် ဆီးရီးယားငြိမ်းချမ်းရေးမရနိုင်ကြောင်း၊ ထို့အတူ ဆီးရီးယားရှိ အပြစ်မဲ့ပြည်သူများကိုလည်း မကယ်တင်နိုင်ကြောင်း အဓိက အတိုက်အခံအလုပ်သမားပါတီ လက်ဝဲစွန်းစစ်မှုထမ်းဟောင်းကြီးဖြစ်သူ ဂျရယ်မီကော်ဘန်းက ပြောခဲ့သည်။

ထရီဆာအနေဖြင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ လမ်းစဉ်သို့ မလိုက်ဘဲ ဗြိတိန်လွှတ်တော်၏ သဘောတူညီချက် ရယူသင့်ကြောင်း၊ ယခုကဲ့သို့ လုပ်ဆောင်လိုက်ခြင်းဖြင့် ရှိရင်းစွဲအခြေအနေကို ပိုမိုဆိုးရွားစေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပစိဖိတ်ညွန့်ပေါင်းအဖွဲ့ကို တစ်ချိန်က ဦးဆောင်ခဲ့သူ ကော်ဘန်းက စစ်ပွဲများ ရပ်ဆိုင်းရန် ဗြိတိန်ပါလီမန် (လွှတ်တော်) အပြင်ဘက်တွင် တနင်္လာနေ့က ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဆိုင်းနိုင်းကျွန်းဆွယ် စစ်အခြေစိုက်စခန်းတစ်ခုကို ဂျီဟတ်များ အသေခံဖောက်ခွဲ

**ဆိုင်းနိုင်း မေ ၁၄**

မေ ၁၄ ရက်က ဆိုင်းနိုင်းကျွန်းဆွယ်ရှိ စစ်အခြေစိုက်စခန်းတစ်ခုအား ဂျီဟတ်အကြမ်းဖက်သမားများက ဖောက်ခွဲရန် ကြိုးစားခဲ့သည့်ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်ရေးသမား ၁၄ ဦးသေဆုံးခဲ့ကြောင်း အီဂျစ်စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များတွင် ဖော်ပြခဲ့သည်။

သမ္မတမိုဟာမက် မော်စီကို ပြည်သူများက ဆန္ဒပြပြီးနောက် စစ်ဘက်ဆိုင်ရာက ၂၀၁၃ ခုနှစ်တွင် သမ္မတမိုဟာမက် မော်စီကို ဖြုတ်ချလိုက်ချိန်ကတည်းက ၎င်းတို့ကိုယ်တိုင် ၎င်းတို့ အိုင်အက်စ် အကြမ်းဖက်သမားများဟု ခေါ်ဆိုကြသော ယင်းအကြမ်းဖက်သမားများသည် ဆိုင်းနိုင်းကျွန်းဆွယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်ရာပေါင်းများစွာကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အနောက်မဟာမိတ်အုပ်စုများက ဆီးရီးယားကို ဒုံးကျည်များဖြင့် တိုက်ခိုက်

**ဒမတ်စကတ် မေ ၁၄**

အနောက်မဟာမိတ် အုပ်စုများက တွန်မ်ဟော့ခ်ဒုံးကျည် အပါအဝင် ဒုံးကျည် ၁၀၃ စင်းဖြင့် ဆီးရီးယားကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရုရှား စစ်ဘက်ဆိုင်ရာမှ မေ ၁၄ ရက်က ပြောကြားခဲ့သည်။

သို့သော်လည်း ဆီးရီးယား လေကြောင်း ကာကွယ်ရေးစနစ်က အဆိုပါ ဒုံးကျည်များအနက် ၇၁ စင်းအား ကြားဖြတ် ဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သော်လည်း ဆီးရီးယားအရပ်ဘက် သို့မဟုတ် စစ်ဘက်ဆိုင်ရာမှ မည်သည့် တစ်ဦးတစ်ယောက်မျှသေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း မရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆီးရီးယားတွင် ရုရှားလုပ် ကာကွယ်ရေးစနစ်များရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# လာမည့် ဂျပန်-အမေရိကန်ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားအကြောင်း ဆွေးနွေးဖွယ်ရှိ




**ဝါရှင်တန် မေ ၁၄**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က လာမည့်ရက်သတ္တပတ်၌ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံသည့်အခါ မြောက်ကိုရီးယားအရေး မည်ကဲ့သို့ တုံ့ပြန်မည်နည်းဆိုသည့် အချက်အပေါ် ဆွေးနွေးသွားဖွယ်ရှိကြောင်း အမေရိကန်အဆင့်မြင့်အရာရှိတစ်ဦးမှ မေ ၁၄ ရက်က အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထို့အတူ အမေရိကန်သမ္မတထရန့်အနေဖြင့် မြောက်ကိုရီးယားပြန်ပေးဆွဲမှုကိစ္စအပေါ်လည်း အလေးထားဆွေးနွေးသွားမည်ဖြစ်ကြောင်း အဆိုပါ အမေရိကန်အဆင့်မြင့်အရာရှိတစ်ဦးက ဆက်လက်ပြောကြားခဲ့သည်။

**တွေ့ဆုံသွားမည်**

အမေရိကန်-မြောက်ကိုရီးယားစည်ဝေးပွဲမတိုင်ခင် အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့၌ ဖလော်ရီဒါတွင် ကျင်းပရန်ရှိသော အမေရိကန်သမ္မတထရန့်၏ အစည်းအဝေးတွင် ခေါင်းဆောင်နှစ်ဦး တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

**အမြင်ချင်းဖလှယ်**

အဆိုပါအစည်းအဝေးသည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်တို့၏ မြောက်ကိုရီးယားအရေးဆွေးနွေးရန် အခွင့်အခါကောင်းပင်ဖြစ်ကြောင်း၊ ထို့အတူ အမေရိကန်- မြောက်ကိုရီးယား စည်းဝေးပွဲမတိုင်ခင် အမေရိကန်နှင့် ဂျပန်ခေါင်းဆောင်နှစ်ဦးအနေဖြင့် မြောက်ကိုရီးယားအရေး အမြင်ချင်းဖလှယ်ဆွေးနွေးသွားနိုင်မည်ဖြစ်ကြောင်း မေ ၁၃ ရက်က အဆိုပါ အမေရိကန်အဆင့်မြင့်အရာရှိက သတင်းထောက်များကို ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေဖြင့် မြောက်ကိုရီးယားပြန်ပေးဆွဲခံရသူများ၏ မိသားစုဝင်များနှင့် ပြုလုပ်မည့် ဂျပန်ရှိ ၎င်း၏အစည်းအဝေးကို နိုဝင်ဘာလသို့ ရွှေ့ဆိုင်းခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ထည့်သွင်းစဉ်းစား**

အမေရိကန်သမ္မတထရန့်အနေဖြင့် မြောက်ကိုရီးယားအကြောင်း စဉ်းစားခဲ့မည်ဆိုပါက ဂျပန်ပြန်ပေးဆွဲခံရသူများအရေးနှင့် မြောက်ကိုရီးယား၌ ပြန်ပေးဆွဲခံထားရသော အမေရိကန်များ၏ကိစ္စကိုလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း အဆိုပါ အမေရိကန်အဆင့်မြင့်အရာရှိက ဆက်လက်ပြောကြားခဲ့သည်။

အလားတူ ဂျပန်နှင့် အမေရိကန်ခေါင်းဆောင်နှစ်ဦးသည် ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးသွားနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်နိုင်ငံအနေဖြင့် အကျိုးရှိမည်ဆိုပါက လွတ်လပ်သော ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကိစ္စနှင့် ပတ်သက်ပြီး လက်တွဲဆောင်ရွက်လိုကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ရုရှားကြေးစားစစ်သား ၂၀၀ ခန့် သတ်ဖြတ်ခံရကြောင်း တာဝန်မှအနားယူသွားသော စီအိုင်အေအကြီးအကဲ ထုတ်ဖော်

**ဝါရှင်တန် ဧပြီ ၁၄**

ရာထူးမှနုတ်ထွက်သွားသော စီအိုင်အေအကြီးအကဲက ဧပြီ ၁၂ ရက်နေ့အစီရင်ခံစာတွင် ရုရှားကြေးစားစစ်သား ၂၀၀ခန့် ဖေဖော်ဝါရီလကဖြစ်ပွားခဲ့သော အမေရိကန်ဦးဆောင်သော ဆီးရီးယားပဋိပက္ခအတွင်း အသတ်ခံခဲ့ရကြောင်း အတည်ပြုဖော်ပြခဲ့သည်။

ဆီးရီးယားတွင် လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်လောက်က ရုရှားနိုင်ငံသားများ ၎င်းတို့၏ပြိုင်ဘက်များနှင့် တွေ့ဆုံပြီး အသတ်ခံခဲ့ရကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာမည့်အရေး ဆီးနိတ်၏ကြားနာစစ်ဆေးမှုပြုနေစဉ်အတွင်း မိုက်ပွန်ပီရိုကပြောခဲ့သည်။

ပွန်ပီရိုက အသေးစိတ် အချက်အလက်ကို ထပ်မံပြောကြားခြင်း မရှိချေ။ သို့သော်လည်း မီဒီယာများက ရုရှားကြေးစားစစ်သားများသည် ဝမ်ဂါအုပ်စုတွင်ပါဝင်ခဲ့ပြီး အဆိုပါအုပ်စုမှာ ဖေဖော်ဝါရီလ ဆီးရီးယားပဋိပက္ခတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

ထိုအချိန်တွင် ရုရှားက အမေရိကန်ဦးဆောင်မဟာမိတ်တပ်ဖွဲ့များ၏ ထိုးစစ်ကြောင့် ၎င်း၏တပ်ဖွဲ့ဝင် ငါးဦးလည်း သေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

### အလုပ်သမားများအရေး ဖိလစ်ပိုင်သမ္မတ ကူဝိတ်သို့သွားမည်

**မနီလာ ဧပြီ ၁၄**

ဖိလစ်ပိုင်သမ္မတ ရိုဒရီကို ဒူတာတေးက ၎င်းအနေဖြင့် ကူဝိတ်နိုင်ငံသို့ အလုပ်သမားဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းမှုလုပ်ရေး သွားရောက် လည်ပတ်မည်ဖြစ်ကြောင်း ဧပြီ ၁၂ ရက်က ပြောခဲ့သည်။ ဖိလစ်ပိုင်သမ္မတ၏ ကူဝိတ်ခရီးစဉ်သည် နှစ်နိုင်ငံကြားတင်းမာမှု ဖြေလျှော့မှုကိုပြသသည့် သင်္ကေတတစ်ခုလည်း ဖြစ်သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ဖေဖော်ဝါရီလတွင် ဖိလစ်ပိုင်အိမ်ဖော်တစ်ဦး သေဆုံးခဲ့ပြီးနောက် ကူဝိတ်ကို နင့်နင့်သီးသီး ပြောဆိုခဲ့သလို ကူဝိတ်တွင် အလုပ်သွားလုပ်မည့် ဖိလစ်ပိုင်များ၏ ခရီးသွားလာခွင့်ကိုလည်း ပိတ်ပင်တားမြစ်ခဲ့သည်။

နှစ်နိုင်ငံ သဘောတူညီချက်တစ်ခုအပေါ် ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ဖိလစ်ပိုင်အလုပ်သမားများ၏ အလုပ်အကိုင်အဆင့်အတန်းတိုးမြှင့်ရန် ၎င်း၏တောင်းဆိုမှုများအပေါ် ကူဝိတ်အနေဖြင့် သဘောတူခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ပြောခဲ့သည်။

သို့သော်လည်း ၎င်းအနေဖြင့် ကူဝိတ်သို့ မည်သည့်အချိန်သွားရောက်မည်ဆိုသည့် အချက်အပေါ် အသေးစိတ်ဖော်ပြပြောဆိုခြင်း မပြုလုပ်ခဲ့ပေ။

**အေအက်ဖ်ပီ**

# စီးပွားရေးစိန်ခေါ်မှုတွေကို ကျော်လွှားသွားရဦးမယ့် တရုတ်နိုင်ငံ

**တင်လင်းအောင်**

တရုတ်နိုင်ငံရဲ့ စီးပွားရေးဟာ သူ့ရဲ့ခေတ်သစ်သမိုင်းမှာ အချက်အချာကျတဲ့နေရာကနေ ပါဝင်လာပါတယ်။ ပြုပြင်ပြောင်းလဲမှုနဲ့ ပွင့်လင်းမြင်သာရှိမှု နှစ် ၄၀ ပြည့် နှစ်ပတ်လည်အခါသမယမှာ နောက်ကြောင်းကို စောင်းငဲ့ကြည့်မယ်ဆိုရင် တိုးတက်ပြောင်းလဲမှုတွေဟာ အံ့မခန်းပါပဲ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အံ့မခန်းအောင်မြင်မှုတွေအပေါ် အောင်ပွဲတွေ ကျင်းပတာလည်း အလီလီပါပဲ။

သို့သော်လည်း တကယ့်ကြီးမားတဲ့စိန်ခေါ်မှုကတော့ လာမယ့် ၂၀၅၀ ပဲ ဖြစ်ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီနဲ့ သူ့ရဲ့ဦးဆောင်မှုရဲ့တကယ့် ရည်မှန်းချက်ကတော့ တရုတ်ခေတ်သစ်တစ်ခုကို ပုံဖော်ဖို့ပဲဖြစ်ပါတယ်။

အနာဂတ်ကိုမျှော်ကြည့်ရတာဟာ ယုံကြည်ချက်တွေ ခုန်ပေါက်ပြေးလွှားသလိုပါပဲ။ သို့သော်လည်း တရုတ်နိုင်ငံရဲ့ အရေးကြီးဆုံး ကုန်သွယ်ဖက်ဖြစ်တဲ့ အမေရိကန်ကိုတော့ ကျော်ခွသွားလို့မရပါဘူး။ ကုန်သွယ်မှုစစ်မက်ဖြစ်မယ့် အနေအထားတောင် ရောက်ရှိနေသလိုပါပဲ။ ဒါပေမယ့်လည်း ကုန်သွယ်မှုစစ်မက်တော့ အဖြစ်မခံဘူးလို့ အမေရိကန်သမ္မတက ပြောခဲ့ပါတယ်။

ပြန်လည် ချိန်ညှိမှုတွေမှာ တိုးတက်မှုတွေရှိခဲ့သော်လည်း အကူးအပြောင်း အခြေအနေကတော့ ထိတ်လန့်တုန်လှုပ်ဖို့ကောင်းပါတယ်။ တစ်ဖက်က ကြည့်မယ်ဆိုရင်လည်း တရုတ်နိုင်ငံစီးပွားရေး ဖွဲ့စည်းပုံမျှတအောင် ပြည်တွင်းညှိနှိုင်းမှုတွေကို အပြည့်အဝ အကောင်အထည်ဖော်ဖို့လိုအပ်ပါတယ်။ ထုတ်လုပ်မှုမှသည် ပြည်သူ့ဝန်ဆောင်မှုအထိ အပါအဝင် တင်ပို့ ဖြန့်ဖြူးမှုမှသည် တစ်မိသားစုချင်းစီရဲ့ စားသုံးမှုအထိ၊ အပိုအလျှံစုဆောင်းမှုမှသည် ပုံမှန်စုဆောင်းခြင်းနှင့် တစ်ပြည်နယ်ထုတ်ကုန်တစ်မျိုးမှသည် စီးပွားရေးဈေးကွက်အထိ ရောက်ရှိအောင် ပြုလုပ်ဖို့လိုပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုဟာ ထင်ရှားတဲ့သက်သေတွေပဲဖြစ်ပါတယ်။

၂၀၀၈ ကမ္ဘာ့စီးပွားရေး ပျက်ကပ်လို အခြေအနေမျိုးထက် ပြင်ပကို သိပ်မမှီခိုတဲ့ တရုတ်နိုင်ငံရဲ့စီးပွားရေးဟာ ကောင်းမွန်တဲ့အခြေအနေမှာရှိနေချိန် နိုင်ငံခြားတင်ပို့မှုတွေဟာလည်း နိုင်ငံ့ ဂျီဒီပီ (အသားတင်ထုတ်လုပ်မှုတန်ဖိုး)ရဲ့ ၂၀ ရာခိုင်နှုန်းရှိနေပါသေးတယ်။ ထို့အတူ ထုတ်ကုန်ထက်ဝက်လောက်ဟာ ပြည်တွင်းတစ်မိသားစုချင်းစီရဲ့ စားသုံးမှုကို ထောက်ပံ့လို့နေပါသေးတယ်။

သို့သော်လည်း တရုတ်နိုင်ငံရဲ့ စားသုံးသူဦးဆောင်တဲ့အနေအထားဟာ အစောပိုင်းအဆင့်မှာပဲရှိသေးပြီး စီးပွားရေးအရ မမျှော်မှန်းနိုင်တဲ့ အခြေအနေတွေအတွက် ပြည့်စုံတဲ့ အင်အားနဲ့ တောင့်တင်းမှုမရှိသေးပါဘူး။ အဲဒီလိုပဲ ကမ္ဘာ့ရာသီဥတုအနှောင့်အယှက်တွေကလည်း တရုတ်နိုင်ငံအတွက် ပြဿနာတစ်ရပ်ရပ်နဲ့ ရင်ဆိုင်ရစေနိုင်ပါတယ်။



တရုတ်နိုင်ငံရဲ့ပြည်တွင်းစီးပွားရေး ဖွဲ့စည်းပုံမျှတအောင် ပြုလုပ်ခြင်းဟာ ဟာကွက်တွေကိုမဖြစ်ပေါ်အောင် ပြုလုပ်လိုက်သလိုပါပဲ။ ကမ္ဘာ့စီးပွားရေးရဲ့ အရေးကြီးတဲ့ ပြောင်းလဲမှုတွေနဲ့ တခြား ပထမဆုံး တိုးတက်မှုကိစ္စအပေါင်းကို ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံဖြစ်ပြီး သူ့ဆီက သင်ခန်းစာအချို့ကို တရုတ်နိုင်ငံအနေနဲ့ လေ့လာမှုပြုသင့်ပါတယ်။ ပထမဆုံး သင်ခန်းစာကတော့ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးချုပ်ချယ်ခြင်း၊ နိုင်ငံခြားသို့တင်ပို့မှုများအောင်ဆောင်ရွက်ခြင်း၊ တခြား ကျန်ရှိနေသည့် ကမ္ဘာ့နိုင်ငံတွေနဲ့ ကုန်သွယ်မှုဆိုင်ရာ တင်းမာမှုတွေကို မျှော်လင့်ရပါတယ်။

တရုတ်နိုင်ငံရဲ့ နိုင်ငံခြားသို့ တိုးမြှင့်တင်ပို့ရေးအစီအစဉ်ဟာ တရုတ်နိုင်ငံကို ကမ္ဘာပေါ်မှာ အကြီးဆုံးတင်ပို့တဲ့ နိုင်ငံဖြစ်စေပါတယ်။ ဒါပေမယ့် အဆိုးတွေကတော့ အကျပ်အတည်းတွေ စက္ကန့်မလပ်ဖြစ်နေတဲ့ ကမ္ဘာကြီးမှာအမြဲဖြစ်နေမှာပါ။ ၂၀၀၉ ခုနှစ်က ကမ္ဘာ့ကုန်သွယ်မှု ၁၀ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းသွားတဲ့ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံတွေနဲ့ တရုတ်နိုင်ငံရဲ့ ဆက်ဆံရေးတွေမှာ အကျိုးရလဒ်တွေ ဖြစ်ပေါ်လာစေနိုင်ပါတယ်။

> **“အခွန်စည်းကြပ်မှုတွေနဲ့ အခြားပိတ်ဆို့မှုတွေ အသုံးပြုပြီး တရုတ်နဲ့ ကုန်သွယ်မှု လိုငွေပြနေမှုကို လျှော့ချချင်နေတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရဟာ အမေရိကန်နဲ့ နိုင်ငံပေါင်း ၁၀၀ ကျော်လောက်ရဲ့ ဘက်ပေါင်းစုံ ကုန်သွယ်မှုလိုငွေပြနေမှုအပေါ် သက်သာစေမယ့် နည်းလမ်းတွေ မဖန်တီးပေးနိုင်သလိုပါပဲ”**

ဒီအခြေအနေမှာ တရုတ်နိုင်ငံဟာ မကြာသေးမီက ဖွံ့ဖြိုးတိုးတက်မှုတွေဖြစ်လာတဲ့ ကမ္ဘာ့အခြေအနေကို အတော်လေ့လာရမှာပဲ ဖြစ်ပါတယ်။ အဲဒီလိုလေ့လာတဲ့နေရာမှာ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်း အာရှဘဏ္ဍာရေးအကျပ်အတည်းကိုလည်း ချန်လှပ်ထားလို့မရပါဘူး။ ထို့အတူ ၂၀၀၈ ခုနှစ် ကမ္ဘာ့စီးပွားပျက်ကပ်နဲ့ ဂျပန်နိုင်ငံမှာ ဖြစ်သွားတဲ့ စီးပွားရေးဆိုင်ရာ အခြေအနေတွေကို လေ့လာရမှာဖြစ်ပါတယ်။

အခုလို ဖြစ်စဉ်တစ်ခုချင်းစီမှာ ဆိုးရွားရှုပ်ထွေးလှတဲ့ ကမ္ဘာ့စိန်ခေါ်မှုရဲ့ မြန်မြန်ဆန်ဆန် ပြောင်းလဲမှုတွေ သတိထားရမှာပဲ ဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း သူ့ရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ နောက်ထပ်စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရနိုင်ခြေ ရှိပါတယ်။

ဂျပန်နိုင်ငံဟာ ခေတ်သစ်အာရှရဲ့ ရှောင်ရှားခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ ကျွမ်းကျင်လိမ္မာမှုနဲ့ ဩဇာအရှိန်အဝါကြား အားပြိုင်မှုအပေါ် လျစ်လျူမရှုရေးနဲ့ တတိယအချက်ကတော့ တိုးတက်မှုမရှိတဲ့ ကုမ္ပဏီတွေကို ငွေကြေးထောက်ပံ့ခြင်းနဲ့ ထုတ်လုပ်မှုအပေါ်အခြေခံတဲ့ စွန့်စားမှုမျိုးမပြုလုပ်ရေးတို့ကိုလည်း ရှောင်ရှားရမှာဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ စီးပွားရေးအတွက် နောက်ထပ်ခြေလှမ်းတစ်ရပ်ကို ထပ်လှမ်းတဲ့အခါမှာ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေအရပ်ရပ်အပေါ် အခြေခံပြီး စဉ်းစားရမှာဖြစ်သလို သူ့ရဲ့ တည်ငြိမ်မှုရှိရေးနဲ့၊ သဟဇာတဖြစ်ရေးအပေါ် မကြာသေးမီက ချဉ်းကပ်မှုဟာ ဂျပန်နိုင်ငံလို မဖြစ်အောင် ပြုလုပ်နိုင်မယ့် မျှော်လင့်ချက်ပဲ ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ မကြာသေးမီက နိုင်ငံပိုင် အင်တာပရိုက်တွေ ပြုပြင်ပြောင်းလဲမှု နည်းဗျူဟာက စွန့်စားမှုများပြီး တိုးတက်မှုနှေးကွေးစေတဲ့ ကုမ္ပဏီကိစ္စတွေကို ဖြေရှင်းနိုင်မယ်လို့လည်း အခါမှာ ကမ္ဘာ့ကုန်သွယ်မှုတိုးမြှင့်လာမှုဟာ ပျမ်းမျှအားဖြင့် သုံးရာခိုင်နှုန်းသာ ရှိပါတော့တယ်။ ဒါကြောင့် ကမ္ဘာ့အကြီးဆုံးတင်ပို့တဲ့ တရုတ်နိုင်ငံဟာ အဲဒီအခြေအနေကို ရှောင်လွှဲဖို့ ခက်ခက်ခဲခဲကြိုးစားရပါလိမ့်မယ်။

အမေရိကန်နိုင်ငံရဲ့အခွန်စည်းကြပ်မှုတွေဟာ အရေးပေါ်အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အခွန်စည်းကြပ်မှုဟာ တရုတ်နိုင်ငံကို ရိုက်ခတ်စေပါတယ်။ ထို့အတူပဲ ဆိုးရွားလှတဲ့ ကုန်သွယ်မှုနဲ့ သဘောတူညီချက်တွေကို ဖရိုဖရဲဖြစ်စေပါတယ်။


အမေရိကန်ရဲ့နည်းဗျူဟာတွေဟာ ပြစ်ချက်တွေများလှပါတယ်။ အခွန်စည်းကြပ်မှုတွေနဲ့ အခြားပိတ်ဆို့မှုတွေ အသုံးပြုပြီး တရုတ်နဲ့ ကုန်သွယ်မှု လိုငွေပြနေမှုကို လျှော့ချချင်နေတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရဟာ အမေရိကန်နဲ့ နိုင်ငံပေါင်း ၁၀၀ ကျော်လောက်ရဲ့ ဘက်ပေါင်းစုံ ကုန်သွယ်မှုလိုငွေပြနေမှုအပေါ် သက်သာစေမယ့် နည်းလမ်းတွေ မဖန်တီးပေးနိုင်သလိုပါပဲ။ ဒါကြောင့် အမေရိကန်ရဲ့ နည်းဗျူဟာက လက်ရှိဘဏ္ဍာရေးဈေးကွက်အပေါ် ဖိအားတွေပိုလို့ သက်ရောက်စေတာကို တွေ့ရပါတယ်။


၂၀၁၇ ခုနှစ် နှောင်းပိုင်းမှာ ကြီးမားတဲ့ အခွန်ဖြတ်တောက်မှု ဥပဒေထုတ်ပြန်ပြီးနောက် အမေရိကန်ပြည်ထောင်စုရဲ့ဘတ်ဂျက်လိုငွေပြနေချိန်နဲ့ တိုက်ဆိုင်စွာပဲ ပြည်တွင်းစုဆောင်းငွေအပေါ် လိုငွေပြနေတဲ့ နိုင်ငံရဲ့ စီးပွားရေးမညီမျှမှုဟာလည်း ပိုပြီးဆိုးရွားလာပါတယ်။ ဒီလို အခြေအနေတွေမှာ ပြဿနာတွေဟာ ဆိုးရွားသထက် ပိုမိုဆိုးရွားလာပါတယ်။


ကမ္ဘာ့ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းဖြစ်ပြီး ဆယ်စုနှစ်တစ်စုလောက်မှာ ကာလရှည်ကြာစောင့်ဆိုင်းလာတဲ့ အကျပ်အတည်းလွန်မျှော်လင့်ချက်တွေ ပေါ်ပေါက်လာပါတယ်။ သို့သော်လည်းပဲ အဲဒီမျှော်လင့်ချက်တွေဟာ လျင်လျင်မြန်မြန်ပဲ နိဂုံးချုပ်ခဲ့ပါတယ်။ ဗဟိုဘဏ်က ငွေကြေးဆိုင်ရာ မူဝါဒကို ပုံမှန်အတိုင်း ပြန်လည် ပြင်ဆင်လိုက်တဲ့အခါမှာ ငွေပေါ်လွယ်မှုဟာ တဖြည်းဖြည်းအဆုံးသတ်သွားသလို မှီခိုမှုကင်းတဲ့စီးပွားရေးအပေါ် ဖိအားများလာပြီး တရုတ်နိုင်ငံကဲ့သို့ အဓိကကုန်သွယ်မှုနိုင်ငံကို ထိခိုက်မှုတွေဖြစ်စေပါတယ်။


ဒါကြောင့်မို့ တရုတ်နိုင်ငံဟာ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုတွေကို ရင်ဆိုင်တဲ့အခါမှာ လက်ရှိကျင့်သုံးနေတဲ့ မူဝါဒတွေ အပေါ်ပြန်လည်သုံးသပ်မှုတွေ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံလို စီးပွားရေးဆိုင်ရာ တိုးတက်မှုအပေါ် အလွန်အမင်းဦးစားမပေးစေသကဲ့သို့၊ အမေရိကန်နိုင်ငံလိုလည်း အခွန်စည်းကြပ်မှုတွေအပေါ် အတင်းအကျပ် ကျင့်သုံးတာမျိုးမဖြစ်စေဘဲ သင့်တင့်လျောက်ပတ်တဲ့ပုံစံနဲ့ ဆက်လက်ကျင့်သုံးသွားရမှာ ဖြစ်ပါတယ်။ ။

**ကိုးကား- ချန်နယ်နယူးအေးရှ**



HTOO








သားသား ကြောက်ကြောက်





# စာလုံးပေါင်းနည်း၊ အသံထွက်နည်း (၇)

**မောင်ခင်မင်(ဓနုဖြူ)**

"ကဲ... ပြောလက်စ စကားကို ဆက်ပြောကြရအောင်၊ 'ကု-ကူ-ကူး' ပြီးရင် အသံအစီအစဉ်အတိုင်းဆိုရင် 'ကေ့-ကေ-ကေး' လို့ ဆိုမှ အောက်မြစ်သံ- ရိုးရိုးအသံ- ဝစ္စပေါက်အသံဆိုတဲ့ အစဉ်ကျမှာပေ့ါ၊ အခုသမီးတို့ဖတ်စာအုပ်မှာ 'ကေ့-ကေ-ကေး' မဟုတ်ဘဲ 'ကေ-ကေ့-ကေး' ဖြစ်နေတယ်မဟုတ်လား၊ အဲဒီတော့ အသံစဉ်အတိုင်း မဟုတ်တော့ဘူးလေ၊ ဘာကြောင့် အဲဒီလို ပြောင်းသွားတာလဲလို့ ဘဘ မေးတာပါ"

"သမီးမသိပါဘူး ဘဘ"

"သမီးထင်တာကတော့..."

"ပြောပါ၊ သမီးထင်တာကိုရဲရဲပြော"

"ဘဘ ကေ့-ကေ-ကေး လို့ မရေးဘဲ ကေ-ကေ့-ကေး လို့ ရေးတာက 'ကေ' ကို အရင်ရေးပြီး အောက်ကမြစ်ထည့်မှ 'ကေ့' ဖြစ်တာ၊ ဝစ္စပေါက်ထည့်မှ 'ကေး' ဖြစ်တာမို့ အသံစဉ်လို မလိုက်ဘဲ ရေးတဲ့အစဉ်အတိုင်း စဉ်လို့ဖြစ်မယ်ထင်ပါတယ်"

"ဟုတ်တာပေ့ါ သမီးရယ်၊ သမီးကသိပ်တော်တာပဲ၊ ဘဘတို့မြန်မာစာမှာ အက္ခရာစဉ်တဲ့အခါ စဉ်ပုံစဉ်နည်းတွေ နှစ်မျိုးမက ရှိပါတယ်၊ သူ့နည်းနဲ့သူ စနစ်ကျတာချည်းပါပဲ၊ ဒါပေမယ့် အခုပြောခဲ့သလို ကေ့-ကေ-ကေးဆိုပြီး အသံစဉ်တိုင်း အက္ခရာစဉ်တာရယ်၊ ကေ-ကေ့-ကေးဆိုပြီး ရေးတဲ့အစဉ်အတိုင်း အက္ခရာစဉ်တာရယ် အဲဒီနှစ်မျိုးက အသုံးအများဆုံးပဲကွဲ့၊ အဲဒါကို သမီးတို့သိစေချင်လို့ပါ"

"ဟုတ်ကဲ့ပါ၊ နောက်ပိုင်းအစဉ်တွေမှာရော အဲဒီနှစ်မျိုး မတူတာတွေရှိပါသလား ဘဘ"

"ရှိတာပေ့ါ၊ အသံစဉ်အရဆိုရင် 'ကေ့-ကေ-ကေး' ပြီးတော့ 'ကဲ့-ကယ်-ကဲ၊ ကော့-ကော်-ကော၊ ကို့-ကို-ကိုး' လို့ အသံစဉ်အတိုင်း အက္ခရာစဉ်ရတာပေ့ါ"

"ဟုတ်ကဲ့ပါ"

"နည်းနည်းတော့ခက်ချင်ခက်မှာပေ့ါ၊ ဒါပေမယ့် သဘောနားလည်သွားရင် မခက်ပါဘူး၊ သမီးတို့အခုသုံးနေတဲ့ အရေးအစဉ်အရဆိုရင်တော့ ကေ-ကေ့-ကေး ပြီးရင် ဘာလဲ ပြောကြည့်စမ်းပါဦး"

"ကဲ-ကဲ့၊ ကော-ကော့-ကော်၊ ကံ-ကံ့၊ ကို-ကို့-ကိုး လို့ အက္ခရာစဉ်ပါတယ် ဘဘ၊ မြန်မာဖတ်စာတွေမှာ အဲဒီလိုပဲစဉ်ပါတယ်"

"ဟုတ်ပါပြီ၊ အသံစဉ်မှာ 'ကဲ့-ကယ်-ကဲ' လို့ သုံးသံတွဲပြီး အရေးအစဉ်မှာ 'ကဲ-ကဲ့' လို့ နှစ်သံတည်းဖြစ်နေတာ တစ်သံပျောက်မနေဘူးလား၊ 'ကယ်' က ဘယ်ရောက်သွားတာပါလိမ့်"

"ကယ်က ယသတ်မို့ အသတ်ပါတဲ့ အစုထဲ ရောက်သွားပါတယ် ဘဘ"

"သမီးတစ်ခုစဉ်းစားကြည့်၊ ကဲ့-ကယ်-ကဲ ဆိုတဲ့ အသံအစဉ်မှာ နောက်ပစ်နဲ့ ယသတ်နဲ့ ဘာကြောင့် ရောပြီးထားရတာလဲ"

"သမီးမသိပါဘူး ဘဘ"

"နောက်ပစ်နဲ့ ယသတ်နဲ့ အသုံးအတူတူပဲကွဲ့၊ နောက်ပစ်က ယသတ်ရဲ့ အတိုကောက်ပဲ၊ ရေးထုံးတော့ မရှိဘူးပေ့ါ၊ ဒါပေမယ့် 'ကယ်' ကို နောက်ကဝစ္စပေါက်ထည့်ရင် ဘယ်လို အသံထွက်မယ်ထင်သလဲ၊ ကယ်ကို ဝစ္စပေါက်ထည့်ရင် 'ကဲ' လို့ပဲ အသံထွက်မှာပါ ဘဘ"

"ဟုတ်တယ်၊ ဒါကြောင့် ယသတ်နဲ့ နောက်ပစ် အတူတူပဲလို့ ပြောတာလေ၊ ယသတ်ကို အသတ်စာလုံးတွေထဲ ရွှေ့လိုက်တော့ 'ကဲ-ကဲ့' ဆိုပြီး နှစ်လုံးတည်းကျန်တာပေ့ါ"

"ဘဘ သမီးတို့သင်နေတဲ့ အက္ခရာစဉ်မှာ 'ကော-ကော့-ကော်' လို့ အရေးအစဉ်အတိုင်း အက္ခရာအစဉ်ပေးမယ် အသံ စဉ်အရဆိုရင်တော့ 'ကော့-ကော်-ကော' ဖြစ်သွားတာပေ့ါနော်"

"ဟုတ်တာပေ့ါ"

"ပြီးတော့ အရေးအစဉ်မှာ 'ကော-ကော့-ကော်' ပြီးရင် 'ကံ-ကံ့' လို့ နှစ်လုံးတည်းရှိတယ်၊ အသံအစဉ်မှာတော့ 'ကံ-ကံ့' လုံးဝ မပါပါဘူး၊ အဲဒါကိုလည်း ဘာကြောင့်ဆိုတာ သမီးတို့ သိချင်ပါတယ် ဘဘ"

"ဟုတ်တယ်၊ အရေးအစဉ်မှာ သုံးလုံးအပြည့်အစုံရေးရင် 'ကံ-ကံ့-ကမ်း' လို့ရေးရမှာ၊ ဒါပေမယ့် 'ကမ်း' က မသတ်ဖြစ်နေတော့ အသတ်စာလုံးတွေနဲ့ကျမှ မသတ်ကိုထည့်ရမှာလေ နားလည်တယ်နော်"

"ဟုတ်ကဲ့၊ နားလည်ပါတယ်"

"အသံအစဉ်မှာ 'ကံ-ကံ့' မပါတာက အသံအရ သေးသေးတင်နဲ့မသတ်နဲ့ အတူတူပဲလေ၊ သေးသေးတင်က မသတ်ရဲ့ အတိုကောက်ပဲ၊ ဒါကြောင့် သေးသေးတင်ကို သီးခြားမခွဲတော့ဘဲ မသတ်နဲ့ကျမှ ရောပြလိုက်တာလေ၊ ဒါကြောင့် အသံအစဉ်မှာ 'ကံ-ကံ့' မပါတော့တာပါ"

"ဘဘရှင်းပြတော့လည်း ရှင်းနေတာပဲနော်၊ နားလည်ပါပြီ ဘဘ"

"ဒါလောက်ဆိုရင် သမီးတို့နားလည်လောက်ပါပြီ၊ အသတ်ပါတဲ့စာလုံးတွေကျတော့လည်း 'ကင်-ကင့်-ကင်း' နဲ့ 'ကင့်-ကင်-ကင်း'၊ 'ကန်-ကန့်-ကန်း' နဲ့ 'ကန့်-ကန်-ကန်း' စသည်ဖြင့်ပေ့ါကွယ်၊ အရေးအစဉ်နဲ့ အသံအစဉ် ကွာခြားတာတွေ တွေ့မှာပဲလေ၊ အဲဒီအက္ခရာစဉ်နည်းနှစ်မျိုးမှာ ဘယ်ဟာတွေ တူတယ်၊ ဘယ်ဟာတွေ မတူဘူးဆိုတာ သိထားရင် ကောင်းတာပေ့ါကွယ်"

"ဟုတ်ကဲ့ ဘဘ၊ သမီးတို့သင်ရတဲ့ အရေးအစဉ်နဲ့ အက္ခရာစဉ်တာက မြန်မာဖတ်စာမှာ၊ ပြီးတော့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းတို့၊ မြန်မာအဘိဓာန်တို့မှာ သုံးတဲ့နည်းလို့ သိထားပါတယ်၊ အသံစဉ်နဲ့ အက္ခရာစဉ်တာ ဘယ်စာအုပ်တွေမှာပါလဲ ဘဘ"

"အထင်ရှားဆုံးက မြန်မာစွယ်စုံကျမ်းပေ့ါကွယ်၊ စာပေဗိမာန်ကထုတ်တဲ့ မြန်မာစွယ်စုံကျမ်း ၁၅ တွဲ သမီးတို့ကြည့်ဖူးမှာပေ့ါ၊ အသံစဉ်အတိုင်း အက္ခရာစဉ်ထားတာလေ၊ ပြီးတော့ တက္ကသိုလ်မြန်မာအဘိဓာန်ဆိုတာ ဆရာကြီး ဦးဝန်၊ အဲ... ဆရာကြီး မင်းသုဝဏ် ပြုစုတာပေ့ါ၊ ငါးတွဲရှိတယ်၊ အဲဒီမှာလည်း အသံစဉ်အတိုင်း အက္ခရာစဉ်ထားတာပဲလေ"

"ဒါဆိုရင် အဲ့ဒီကျမ်းတွေမှာ သိချင်တာကိုရှာရင် အသံစဉ်အတိုင်း အက္ခရာစဉ်ထားတဲ့စနစ်ကို သိဖို့လိုတာပေ့ါနော် ဘဘ"

"လိုတာပေ့ါကွယ်၊ ဒါကြောင့် သမီးတို့ ကွဲကွဲပြားပြား သိထားအောင် ပြောရတာပါ"

"ဟုတ်ကဲ့ပါ"

"ဘဘက က-ကာ-ကား တို့၊ ကန့်-ကန်-ကန်း တို့ ကကြီး အက္ခရာနဲ့ သာဓကပြတာ နားလည်လွယ်အောင်လို့ပါ၊ ဘယ်ဗျည်းနဲ့ပဲတွဲတွဲ ဒီစနစ်တွေအတိုင်း အက္ခရာစဉ်ရတာလေ"

"ဟုတ်ကဲ့ပါ၊ နားလည်ပါပြီ ဘဘ"

"နောက်တစ်ခုပြောစရာ ရှိသေးတယ်၊ တချို့ကျမ်းတွေကျတော့ ကကြီးကစပြီး အက္ခရာမစဉ်ဘဲ 'အ' ကစပြီး စဉ်တယ်ကွဲ့၊ အ-အက္ခရာတွေပြီးမှ ကကြီး၊ ခခွေး အက္ခရာတွေကို ဆက်တယ်"

"သြော်"

"ပါဠိအဘိဓာန်မှာ အဲဒီလို 'အ' ကစပြီး အက္ခရာစဉ်တဲ့ စနစ်ကို သုံးတယ်၊ သရက စတဲ့သဘောပေ့ါကွယ်"

"ဟုတ်ကဲ့ပါ၊ မှတ်ထားပါ့မယ်"

"ဒီနေရာမှာ မှတ်သားစရာတစ်ခု ပြောရဦးမယ်၊ လန်ဒန်တက္ကသိုလ်က မြန်မာစာပညာရှင်တွေပြုစုတဲ့ မြန်မာအင်္ဂလိပ် အဘိဓာန်ကြီးမှာ တည်ပုဒ်စာလုံးတွေကို အ အက္ခရာကစပြီး အက္ခရာစဉ်တဲ့စနစ်ကို သုံးတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"မြန်မာပညာရှင်ထဲက ဆရာကြီး ဒေါက်တာ လှဘေ ပါတာပေ့ါ၊ အနောက်နိုင်ငံက မြန်မာစာပညာရှင်တွေလည်း ပါတယ်၊ အင်မတန်ခိုင်လုံအောင်ပြုစုထားတဲ့ အဘိဓာန်ကြီးပဲ၊ စကားလုံးတစ်လုံးကို အနက်ဖွင့်ရာမှာ သာဓကအထောက်အထားတွေ အများကြီးနဲ့ ဖွင့်ဆိုထားတာလေ၊ ဒါပေမယ့် အ-အက္ခရာနဲ့ စထားတော့ အ-နဲ့စတဲ့ စကားလုံးတွေကလည်း မြန်မာစကားထဲမှာ အရေအတွက်သိပ်များတော့ အတွဲတွေ တော်တော်များများထွက်ပြီးတဲ့အထိ အ-အက္ခရာစာလုံးတွေပဲ ဖွင့်နိုင်ပြီး က တို့၊ ခ တို့ကို ဆက်မသွားနိုင်ဘဲ အဲဒီအဘိဓာန်ကြီး တစ်ဝက် တစ်ပျက်နဲ့ ရပ်သွားတယ်လေ၊ ပြုစုတဲ့ပညာရှင်အများစုလည်း ကွယ်လွန်ကုန်ကြပြီ၊ နောက်ပညာရှင်တွေက ဆက်ပြီး ပြုစုတယ်လို့တော့ မကြားမိဘူး"

"သြော်...ဟုတ်ကဲ့ပါ"

"ဆရာကြီး ဒေါက်တာ လှဘေ ရှိတုန်းက ပြောဖူးတယ်...တဲ့၊ အဲဒီအဘိဓာန်ကို က-နဲ့မစဘဲ အ-နဲ့စခဲ့တာ မှားသွားတယ် ဆိုတဲ့ သဘောပြောတယ်လို့ မှတ်သားရတာပဲ၊ ဒါက ကြုံလို့ ပြောတာပါ"

"ဟုတ်ကဲ့ပါ"

"ကဲ...ဖတ်စာအကြောင်း ဆက်ပြောရအောင်၊ ဗျည်းသရအတွဲတွေ တစ်ဆင့်ပြီးတစ်ဆင့် သင်ပြီး သင်တဲ့စာလုံးပေါင်းတွေအတိုင်း ရေးထားတဲ့ဖတ်စာတွေကို တစ်ဆက်တည်းသင်ရတော့ စာလုံးပေါင်းအတွဲတွေ အားလုံးလည်းသင်ပြီးရော စာဖတ်တတ်သွားတာပေ့ါကွယ်၊ အဲဒီနောက်ပိုင်းမှာတော့ အတန်းအဆင့်အလိုက် ဖတ်စာတွေကို ဆက်ဖတ်ရတာပေ့ါ၊ သမီးတို့လည်း ဆဋ္ဌမတန်းလောက်အထိ ဖတ်စာတွေဖတ်ခဲ့ရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဖတ်စာတွေသင်တဲ့အခါ ဗျည်းသရတွဲတွေ ဖတ်တတ်အောင် တစ်ဆင့်ပြီးတစ်ဆင့် သင်ရ၊ ဖတ်ရတဲ့ သူငယ်တန်းတို့၊ ပထမတန်းတို့မှာ ဘဘ ပြောခဲ့တဲ့ စာလုံးပေါင်းနည်းနဲ့ အသံထွက်နည်းကို တွဲဖတ်ရတယ် မဟုတ်လား၊ မရရစ်နသတ်မြန်၊ မရေးချမာ၊ မြန်မာ၊ နငယ် လုံးကြီးတင် တစ်ချောင်းငင် ငသတ် နိုင်၊ မြန်မာနိုင်၊ ငရေးသေးသေးတင်ငံ၊ မြန်မာနိုင်ငံ ဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့် စာလုံးပေါင်းလိုက် အသံထွက်လိုက် တစ်လှည့်စီလုပ်ရင်း စာဖတ်တတ်လာတာလေ၊ အဲ...စာလုံးပေါင်းတွေ အကုန်သိပြီးတဲ့အဆင့်ကျတော့ တစ်လုံးစီ စာလုံးပေါင်းဖို့ မလိုတော့ဘူးလေ၊ 'မြန်မာနိုင်ငံ' လို့ ရေးထားတဲ့ စာကိုတွေ့ရင် 'မြန်မာနိုင်ငံ' လို့ တန်းပြီးအသံထွက်တတ်သွားတာ မဟုတ်လား၊ ဘာဖြစ်လို့ အဲဒီလို တန်းပြီးအသံထွက်နိုင်သလဲ ဆိုရင် စာလုံးပေါင်းတွေကို ကျေကျေညက်ညက် တတ်ခဲ့လို့ပေ့ါ၊ ဒီနည်းက အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ နည်းပဲလေ၊ ဘဘရော၊ သမီးတို့ရော အဲဒီနည်းနဲ့ စာဖတ်တတ်လာတာ မဟုတ်လားကွယ်"

"ဟုတ်ပါတယ် ဘဘ"

"ကဲ...နောက်တစ်ပတ်မှ ဆက်ကြသေးတာပေ့ါ"

> **"ဖတ်စာတွေသင်တဲ့အခါ ဗျည်းသရတွဲတွေ ဖတ်တတ်အောင် တစ်ဆင့်ပြီးတစ်ဆင့် သင်ရ၊ ဖတ်ရတဲ့ သူငယ်တန်းတို့၊ ပထမတန်းတို့မှာ ဘဘ ပြောခဲ့တဲ့ စာလုံးပေါင်းနည်းနဲ့ အသံထွက်နည်းကို တွဲဖတ်ရတယ် မဟုတ်လား၊ မရရစ်နသတ်မြန်၊ မရေးချမာ၊ မြန်မာ၊ နငယ် လုံးကြီးတင် တစ်ချောင်းငင် ငသတ် နိုင်၊ မြန်မာနိုင်၊ ငရေးသေးသေးတင်ငံ၊ မြန်မာနိုင်ငံ ဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့် စာလုံးပေါင်းလိုက် အသံထွက်လိုက် တစ်လှည့်စီ လုပ်ရင်း စာဖတ်တတ်လာတာလေ"**

# ကလေးတွေကို ထိခိုက်စေသည့် မိဘများ၏ အချင်းများမှု

***ကလျာမိုးမြင့်***

မိဘတွေ ရံဖန်ရံခါ စကားများရန်ဖြစ်တာဟာ ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ခုပါ။ ဒါပေမယ့် ဒီလိုသဘောထားမတိုက်ဆိုင်မှုတွေကြောင့် အချင်းများရတာတွေဟာ ကလေးငယ်တွေကို မတူညီတဲ့ ပုံစံအမျိုးမျိုးနဲ့ သက်ရောက်စေနိုင်တယ်လို့ သိရပါတယ်။ မိဘတွေနဲ့ လူနာစောင့်တွေဟာ ၎င်းတို့ကြောင့် ဖြစ်စေနိုင်တဲ့ ထိခိုက်မှုတွေကို ကန့်သတ်လျှော့ချဖို့ ဘာတွေ လုပ်ဆောင်နိုင်မလဲဆိုတာကို သိရှိသင့်ပါတယ်။

အိမ်မှာဖြစ်တဲ့ ပြဿနာတွေဟာ ကလေးငယ်တွေရဲ့ ရေရှည် စိတ်ကျန်းမာရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် သက်ရောက်မှု ရှိလာစေပါတယ်။ ဒါပေမယ့် ဒါဟာ မိဘနဲ့ သားသမီးကြားမှာရှိတဲ့ အရေးကြီးတဲ့ ဆက်ဆံရေးတစ်ခုတင် မဟုတ်ပါဘူး။ မိဘတွေအချင်းချင်း ဘယ်လိုပြုမူဆက်ဆံကြတယ်ဆိုတဲ့ အချက်ကလည်းပဲ ကလေးငယ်ရဲ့ ကျေနပ်ပျော်ရွှင်ကျန်းမာခြင်းမှာ အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပြီး ဒီအခြေအနေဟာ ကလေးငယ်ရဲ့ စိတ်ကျန်းမာရေးကနေ ထူးချွန်အောင်မြင်မှုမှသည် အနာဂတ်ဆက်ဆံရေးအခြေအနေတွေ အထိ အရာရာတိုင်းမှာ သက်ရောက်နေတဲ့ အခြေအနေတစ်ခု ဖြစ်ပါတယ်။

မိဘနှစ်ဦး အငြင်းပွားပြီး အချင်းများရတဲ့ အချို့ကိစ္စတွေဟာ ကလေးငယ်တွေအတွက် ဆိုးကျိုးအနည်းငယ် ဒါမှမဟုတ် ဆိုးကျိုးလုံးဝ မရှိနိုင်တာမှန်ပေမယ့် မိဘတွေ တစ်ဦးနဲ့တစ်ဦး စိတ်ဆိုးဒေါသထွက်မယ်၊ တစ်ဦးနဲ့တစ်ဦး ရန်စောင်အော်ဟစ်ကြမယ်ဆိုရင်၊ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးနွေးထွေးမှုမရှိတော့ဘဲ ရှောင်ဖယ်ရှောင်ဖယ် ပြုလုပ်လာကြမယ်၊ အေးတိအေးစက် ဆက်ဆံလာကြမယ်ဆိုရင် ကလေးငယ်တွေအတွက် ကြီးမားတဲ့ ပြဿနာအဆင့်ထိ ရောက်ရှိသွားနိုင်ပါတယ်။

ဗြိတိန်နဲ့ နိုင်ငံတကာလေ့လာမှုအဖွဲ့တွေဟာ ဆယ်စုနှစ်များစွာကတည်းက ကာလကြာရှည်လေ့လာခဲ့တဲ့ နောက်ဆက်တွဲလေ့လာမှုတွေအရ အသက်ခြောက်လဆိုတဲ့ အရွယ်လောက်မှာ အိမ်တွင်းပြဿနာဆူပူမှုတွေနဲ့ ထိတွေ့ရတဲ့ကလေးငယ်တွေဟာ နှလုံးခုန်နှုန်းမြန်လာနိုင်ပြီး စိတ်ဖိစီးမှုဖြစ်စေတဲ့ ဟော်မုန်းတွေ တုံ့ပြန်မှုပမာဏကလည်း မြင့်တက်လာနိုင်တယ်လို့ ဖော်ပြခဲ့ပါတယ်။

မိဘတွေကြားမှာ ရေရှည်ဖြစ်ပွားတဲ့ အပြင်းအထန်အချင်းများမှုတွေ၊ ငြင်းခုန်မှုတွေနဲ့ နေထိုင်လာရတဲ့ ရလဒ်အနေနဲ့ နို့စို့ကလေးငယ်တွေ၊



လမ်းလျှောက်စကလေးငယ်တွေနဲ့ ဆယ်ကျော်သက်လေးတွေဟာ စောစီးစွာ ဦးနှောက်ဖွံ့ဖြိုးမှုကို အနှောင့်အယှက်ပေးခံရတာ၊ ကောင်းစွာအိပ်စက်နိုင်မှုကို ထိခိုက်စေတာ၊ ပူပန်စိုးရိမ်ကြောင့်ကြတာ၊ စိတ်ဓာတ်ကျဆင်းတာ၊ စိတ်ထင်သလိုပြုမူတာနဲ့ တခြားသော ပြင်းထန်တဲ့ ပြဿနာတွေရှိလာတာကို ဖော်ပြလာနိုင်တယ်လို့ သိရပါတယ်။ ။

**ဘီဘီစီ**

ခ ရီး သွား ဆောင်း ပါး

# လျှပ်တစ်ပြက် ချောင်းသာကမ်းခြေဆီသို့

**မောင်မောင်မြင့်ဆွေ**

ပုသိမ်မြို့ကိုရောက်တော့ နံနက် ၁၁ နာရီခန့်ရှိပြီ။ ရန်ကုန်က နံနက်စောစောထွက်ကားနဲ့ထွက်လာခဲ့ပေမယ့် ပုံမှန်အရှိန်နဲ့သာ မောင်းလာခဲ့လို့ အခုအချိန်မှ ပုသိမ်ကိုရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ ရန်ကုန်နွေရက်တွေဟာ အပူရှိန်ပြင်းတာမို့ အပြင်မထွက်ရဲလောက်အောင် ဖြစ်နေချိန်မှာ မိတ်ဆွေတွေက ချောင်းသာကိုနေ့ချင်းပြန်သွားဖို့ခေါ်တာကြောင့် ချက်ချင်းထလိုက်လာတာဖြစ်ပါတယ်။

ကျွန်တော်တို့ ပုသိမ်မြို့မှာ မနားတော့ဘဲ ကားနဲ့ဆက်ထွက်လာခဲ့တာမို့ အချိန်ကုန်သက်သာသွားသလို ညနေပြန်ချိန်လည်းရှိသေးတာကြောင့် ချောင်းသာကိုပဲ တိုက်ရိုက်ဦးတည်ခဲ့ကြတာ ဖြစ်ပါတယ်။ အခုအချိန်ဟာ နိုင်ငံတစ်ဝန်းမှာအပူချိန်မြင့်တက်နေတာမို့ ကမ်းခြေတွေဘက်ကို အပန်းဖြေခရီးထွက်သူတွေ များနေတတ်တဲ့ အချိန်ပါပဲ။ ကျွန်တော်တို့ကားက ပုသိမ်-ချောင်းသာကားလမ်းပေါ် မောင်းနှင်ဖြတ်သန်းနေချိန်မှာပဲ ချောင်းသာကမ်းခြေဘက်ကို မောင်းနှင်လာတဲ့ ကားမျိုးစုံကို ခပ်စိပ်စိပ် တွေ့မြင်နေရပါတယ်။ အချို့က ကားလတ်၊ အချို့က ကိုယ်ပိုင်ကားအပြင် ကားကြီးတွေနဲ့လည်း သွားရောက်နေကြတာ ဖြစ်ပါတယ်။

**အနီးဆုံး**

ချောင်းသာကမ်းခြေဟာ ပုသိမ်မြို့အနောက်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာမှာ တည်ရှိနေသလို ရန်ကုန်မြို့နဲ့ဆိုရင် ၁၅၄ မိုင်ခန့် အကွာဝေးပါတယ်။ ရန်ကုန်မြို့နဲ့ဆိုရင် အနီးဆုံးပင်လယ်ကမ်းခြေလို့ဆိုရမယ့် အနေအထားရှိပြီး လက်ခုပ်ကုန်းကမ်းခြေကတော့ ရန်ကုန်မြို့နဲ့ အနီးဆုံးဖြစ်ပေမယ့် ကမ်းခြေက ပျက်စီးသလိုဖြစ်နေတာကြောင့် အပန်းဖြေခရီးအဖြစ် အသွားအလာ နည်းပါးလျက်ရှိပါတယ်။ ကျွန်တော်ဟာ လက်ခုပ်ကုန်းကမ်းခြေကို ပြီးခဲ့တဲ့နှစ်က သူငယ်ချင်းတွေဖြစ်တဲ့ ကိုအောင်မော်၊ ကိုဋ္ဌေးနိုင်တို့နဲ့အတူ သွားရောက်ဖြစ်ခဲ့ပါသေးတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပါဝင်နေပြီး လမ်းခရီးလည်း အလွန်နီးပေမယ့် ကမ်းခြေသာယာလှပမှုနည်းပါးနေတာကို မျက်မြင်တွေ့ရှိခဲ့ရပါတယ်။ ဒီအခြေအနေကို ပြုပြင်ထိန်းသိမ်းမှုပြုလုပ်လို့ရနိုင်ရင်တော့ လက်ခုပ်ကုန်းကမ်းခြေမှာ ခရီးသွားတွေ အချိန်ပြည့်စည်ဝေနေမှာ သေချာတယ်လို့ တွေးခဲ့မိပါတယ်။

ကျွန်တော်တို့ မကြာခင်မှာပဲ ချောင်းသာကို ရောက်ရှိလာပါတယ်။ ချောင်းသာကမ်းခြေအနီးမှာ တည်ဆောက်ထားတဲ့ ဟိုတယ်တွေကတော့ အရင်ကထက် များပြားလာတာ သတိပြုမိသလို အပန်းဖြေလာရောက်သူတွေနဲ့ ပြည့်ကျပ်နေတာဟာ အခန်းလွတ်မရှိအောင်ပါပဲ။ ကျွန်တော်တို့က နေ့ချင်းပြန်ခရီးဖြစ်တာမို့ အခန်းမယူတော့ဘဲ ကမ်းခြေအနီးစားသောက်ဆိုင်တစ်ဆိုင်မှာ ဝင်ပြီး ခေတ္တနားကာ စားစရာအချို့မှာယူကာ စားသောက်လိုက်ပါတယ်။

တကယ်တော့ ဒီခရီးစဉ်ဟာ ကျွန်တော့်မိတ်ဆွေ ကိုဟန်ကြည်က ဟိုတယ်လုပ်ငန်းနဲ့ပတ်သက်ပြီး ဆွေးနွေးစရာရှိလို့ လာခဲ့တာဖြစ်ပြီး ကျွန်တော်တို့ကို ကမ်းခြေမှာထားခဲ့ကာ သူ့လုပ်ငန်းကိစ္စအတွက် ချောင်းသာကမ်းခြေမှာရှိတဲ့ ဟိုတယ်တစ်လုံးဆီကို သွားရောက်နေပါတယ်။ ဒါကြောင့်လည်း ချောင်းသာကမ်းခြေမှာ ကျွန်တော်တို့ အချိန်အတန်ကြာ အပန်းဖြေလို့ရမှာဖြစ်တဲ့အတွက် အဆင်ပြေတာတော့ အမှန်ပါပဲ။

**လွတ်လပ်စွာ**

ကျွန်တော်တို့ဆိုင်ထဲကထွက်လာပြီး ကမ်းခြေကို ဆင်းလာတဲ့အခါ သဲသောင်ကမ်းခြေတစ်လျှောက်မှာ အပန်းဖြေနေသူတွေကိုလှမ်းမြင်ရင်း ကိုယ်တွေပါ စိတ်လွတ်လပ်မှုနဲ့အတူ စိတ်လက်ပေါ့ပါးမှုတွေ ကူးစက်လာပါတယ်။ ကမ်းခြေသောင်ပြင်တစ်လျှောက်မှာ စက်ဘီးစီးနေသူတွေနဲ့ ဆိုင်ကယ်စီးသူအချို့ကိုလည်း တွေ့မြင်ရ

> “ချောင်းသာကမ်းခြေဟာ ရန်ကုန်မြို့နဲ့လည်းနီးတာမို့ ပွင့်လင်းရာသီဆိုရင် တစ်ရက်ကို လူဦးရေ သောင်းချီလာရောက်ကြပြီး မိုးရာသီကာလမှာတော့ လာရောက်သူ နည်းပါးတယ်လို့ ဆိုပါတယ်။ ၁၉၉၀ ပြည့်နှစ်ခန့်ကတည်းက တဖြည်းဖြည်း လူသိများလာတဲ့ ချောင်းသာကမ်းခြေဟာ အခုဆိုရင် ဟိုတယ်တွေ၊ ခရီးလမ်းဆက်သွယ်ရေးတွေ ကောင်းမွန်တိုးတက်လာတာမို့ လက်ရှိအချိန်မှာတော့ အပန်းဖြေခရီး လာရောက်သူတွေနဲ့ စည်ကားနေပြီဖြစ်ပါတယ်”

ပါတယ်။ ရော်ဘာကွင်းနဲ့ ရေဆော့ကစားနေသူတွေ၊ အလွတ်တမ်း ရေကူး၊ ရေစိမ်နေသူတွေကိုလည်းတွေ့ရတာဟာ စိတ်ပျော်စရာဖြစ်ပြီး တကယ့်ကို လွတ်လပ်စွာ အပန်းဖြေနေကြတာဖြစ်ပါတယ်။

ကမ်းခြေရဲ့ ခပ်လှမ်းလှမ်းမှာ စေတီတစ်ဆူရှိတာမို့ သွားရောက်ခဲ့ကြပါတယ်။ ဆုတောင်းပြည့် ဇမ္ဗူဝတီရပ်ပွားတော်ဖြစ်ပြီး လိုဏ်ဂူသဖွယ်တည်ထားတာဖြစ်ပါတယ်။ အပေါ်ဘက်မှာ စေတီတစ်ဆူရှိပြီး အဝေးကလှမ်းမြင် ဖူးတွေ့ရလောက်အောင် မြင်ကွင်းက ရှင်းနေပါတယ်။ အဲဒီစေတီကနေပြီး ပင်လယ်ဘက်ကို ကြည့်လိုက်ရင် ရှုမောဖွယ်ရာ ပင်လယ်မြင်ကွင်းကို မျက်စိတစ်ဆုံးတွေ့မြင်ရပါတယ်။

ချောင်းသာကမ်းခြေဟာ အရင်ကကမ်းခြေအရှည် ၁ မိုင် ၄ ဖာလုံ ခန့်သာရှိပေမယ့် အခုတော့ ရွှေသောင်ယံကမ်းခြေပါ ပေါင်းထည့်ရင်တော့ အတော်လေး ရှည်လျားနေပြီဖြစ်ပါတယ်။ ချောင်းသာကမ်းခြေဟာ ချောင်းသာရွာမှာတည်ရှိပြီး ရွာမြောက်ပိုင်းမှာ စီးဆင်းနေတဲ့ ချောင်းငယ်တစ်စင်းရဲ့အမည်ကိုယူကာ ချောင်းသာရွာ ချောင်းသာကမ်းခြေလို့ အမည်ပေးကာ ထင်ရှားကျော်ကြားလာတာ ဖြစ်ပါတယ်။

**ကမ်းခြေဆင်း**

ကျွန်တော်တို့ ဘုရားဖူးမြော်ပြီး ပြန်ထွက်လာချိန်မှာ ကမ်းခြေမှာ ပေါက်နေတဲ့ အုန်းပင်တွေကို လေတိုးလို့ထွက်ပေါ်လာတဲ့အသံနဲ့အတူ ကမ်းခြေမှာ ရေကစားနေကြသူတွေရဲ့ အပျော်သံတွေကလည်း ဝေ့ဝဲထွက်ပေါ်လာပါတယ်။ ကျွန်တော်တို့အနီးမှာရှိတဲ့ ဆိုင်တစ်ဆိုင်ဝင်ပြီး ရေဆင်းကူးဖို့ အဝတ်လဲကြပြီး ကမ်းခြေကိုပြန်ဆင်းခဲ့ကြပါတယ်။ နေအပူရှိန်ကျရောက်နေပေမယ့် ပင်လယ်ရေကိုမြင်တွေ့နေရတာနဲ့ပဲ ပူတယ်လို့မခံစားရပါဘူး၊ တဖြည်းဖြည်းချင်း ကမ်းခြေကနေ ရေပြင်ကိုဆင်းခဲ့ပါတယ်။ ခါးလယ်လောက်ရေပြင်ရောက်တဲ့အထိ ဆင်းလာခဲ့ပြီး ရင်ဘတ်ပိုင်းအထိ ရေပြင်ထိအောင်ဆက်ကာဆင်းလာတဲ့အခါ ကျန်တဲ့မိတ်ဆွေတွေက ဆက်မဆင်းဘဲ အဲဒီမှာတင်ရပ်ပြီး ရေပြန်ကူးလာဖို့လှမ်းပြီးသတိပေးကြတာမို့ ကျွန်တော်လည်း ရပ်လိုက်ပါတယ်။ မျက်နှာသာဖော်ထားပြီး တစ်ကိုယ်လုံးရေစိမ်လိုက်တဲ့အခါ ခန္ဓာကိုယ်ဟာ ရေလှိုင်းနဲ့အတူ ကမ်းခြေဘက်ကို ပြန်ရောက်လာပါတယ်။ ဆားခါတ်ပါတဲ့ ပင်လယ်ရေကိုစိမ်ပြီး ရေချိုး၊ ရေကူးရတာရယ်၊ ပင်လယ်လေကို ရှူရှိုက်ရတာရယ်က ကျန်းမာရေးအတွက် ကောင်းမွန်တာမို့ လူတိုင်းတစ်နှစ်ကိုနှစ်ကြိမ်လောက် ပင်လယ်ကမ်းခြေတွေမှာ အပန်းဖြေကြဖို့ ကျန်းမာရေးပညာရှင်တွေက တိုက်တွန်းနေကြခြင်း ဖြစ်ပါလိမ့်မယ်။

အတန်ကြာ ရေကူး၊ ရေစိမ်ပြီး ကျွန်တော်တို့ ကမ်းခြေကို ပြန်တက်လာကာ အဝတ်အစားတွေလဲကာ ခေတ္တအမောဖြေနေမိပါတယ်။ အဲဒီအချိန်မှာ ပုစွန်ကြော်၊ ငါးကြော်တွေရောင်းတဲ့ လူငယ်တစ်ဦး ရောက်လာလို့ ငါးကင်နဲ့ ပုစွန်ကင်အချို့ဝယ်စားတဲ့အခါ လတ်ဆတ်လို့လားမသိ၊ အရသာကချိုမြွေးသင်းပျံ့နေပါတယ်။ ကမ်းခြေမှာတော့ အုန်းလက်ခမောက်၊ ခရုပုတီး၊ အုန်းစိမ်းရည်တွေ ရောင်းနေတာ တွေ့ရတာမို့ လာရောက်အပန်းဖြေကြတဲ့သူတွေ ဝယ်ယူကြတာလည်း မြင်ရပါတယ်။

ချောင်းသာကမ်းခြေဟာ ရန်ကုန်မြို့နဲ့လည်းနီးတာမို့ ပွင့်လင်းရာသီဆိုရင် တစ်ရက်ကို လူဦးရေ သောင်းချီလာရောက်ကြပြီး မိုးရာသီကာလမှာတော့ လာရောက်သူ နည်းပါးတယ်လို့ဆိုပါတယ်။ ၁၉၉၀ ပြည့်နှစ်ခန့်ကတည်းက တဖြည်းဖြည်း လူသိများလာတဲ့ ချောင်းသာကမ်းခြေဟာ အခုဆိုရင် ဟိုတယ်တွေ၊ ခရီးလမ်းဆက်သွယ်ရေးတွေ ကောင်းမွန်တိုးတက်လာတာမို့ လက်ရှိအချိန်မှာတော့ အပန်းဖြေခရီးလာရောက်သူတွေနဲ့ စည်ကားနေပြီဖြစ်ပါတယ်။

ချောင်းသာကမ်းခြေအနီးမှာလည်း သွားလာလည်ပတ်နိုင်တဲ့ သဲဖြူကျွန်း၊ ဖိုးကုလားကျွန်းနဲ့ ကျောက်မောင်နှမနေရာတွေရှိသလို ငှက်တောင်၊ ဥတိုချောင်းနဲ့ တံငါရွာလေးတွေလည်းရှိတာမို့ အလည်အပတ်ပဲဖြစ်ဖြစ်၊ လေ့လာမှုပဲဖြစ်ဖြစ် သွားလို့ရနိုင်ပါတယ်။ ကျွန်တော်တို့ ရတဲ့အချိန်မှာအကျိုးရှိအောင် သဲဖြူကျွန်းကို လှေနဲ့သွားကြပါတယ်။ မိနစ် ၂၀ ခန့်ကြာအောင် စက်လှေစီးပြီးတဲ့အခါ သဲဖြူကျွန်းကို ရောက်လာပါတယ်။ ဖြူဖွေးနေတဲ့ သဲမှုန်တွေက ကမ်းမှာတွေ့ရသလို တောင်ကုန်းငယ်ထိပ်မှာ စေတီငယ်တစ်ဆူတည်ထားတာကိုလည်း လှမ်းမြင်ဖူးတွေ့ရပါတယ်။ လာရောက်တဲ့ အပန်းဖြေလေ့လာသူအချို့ကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ သဲဖြူကျွန်းပေါ်တက်ပြီး အချိန်ယူလေ့လာနိုင်တော့ ဗဟုသုတရစရာတွေ အများကြီးရှိနေမှာပါ။

ဆက်လက်ပြီး ကျွန်တော်တို့ ဖိုးကုလားကျွန်းကို သွားကြပါတယ်။ ဖိုးကုလားကျွန်းကိုရောက်တဲ့အခါ တစ်ခဏကြာမျှတက်ပြီး လေ့လာတဲ့အခါ ရွာငယ်လေးတစ်ရွာရှိကြောင်း တွေ့ရပါတယ်။ ရေလုပ်ငန်းကို လုပ်ကိုင်ကြတဲ့ လူတွေနေထိုင်ကြတာဖြစ်ပြီး ငါးခြောက်တွေ နေပူလှန်းထားတာတွေ့ရသလို အုန်းသီးတွေရောင်းချတာကိုလည်း သတိပြုမိပါတယ်။ ကျွန်တော်တို့ရောက်တဲ့အချိန်မှာတော့ ငါးဖမ်းမိတာများလို့လားမသိဘူး။ ငါးခြောက်တွေလှန်းထားတာ အများအပြားပါပဲ။

ကျွန်တော်တို့ ဖိုးကုလားကျွန်းမှာ မိနစ်အနည်းငယ်သာနေပြီး ပြန်လာခဲ့ဖြစ်ပါတယ်။ ဖိုးကုလားကျွန်းအနီးမှာ ရေကကြည်လင်သန့်ရှင်းကာ အမှိုက်မရှိတာကို သတိထားမိတာမို့မေးကြည့်တဲ့အခါ ရေပြင်သန့်ရှင်းရေးကို တတ်နိုင်သမျှ လုပ်ကြတယ်လို့ဆိုတာမို့ ကြိတ်ပြီးချီးကျူးနေမိပါတယ်။ ရေပြင်မှာပဲ ဖြစ်ဖြစ်၊ မြေပြင်မှာပဲ ဖြစ်ဖြစ်၊ ရေမြောင်းတွေမှာပဲဖြစ်ဖြစ် သန့်ရှင်းရေးကို တစ်ယောက်တစ်အားနဲ့ လုပ်ကြမယ်ဆိုရင် သန့်ရှင်းတဲ့နိုင်ငံဖြစ်လာမှာ သေချာပါတယ်။

ကျွန်တော်တို့ ချောင်းသာကမ်းခြေကို ပြန်ရောက်တဲ့အခါ ညနေ ၃ နာရီရှိနေပြီဖြစ်ပါတယ်။ ဟိုတယ်ကိစ္စနဲ့သွားဆွေးနွေးနေတဲ့ ကျွန်တော့်မိတ်ဆွေ ကိုဟန်ကြည်လည်း မရှေးမနှောင်းရောက်လာပြီး ပြန်ကြရအောင်လို့ပြောလို့ ကျွန်တော်တို့ ရန်ကုန်ကိုပြန်ခဲ့ကြပါတယ်။ တကယ်တော့ အချိန်ရရင် ကျောက်မောင်နှမဘက်ကို ဆိုင်ကယ်နဲ့ သွားချင်သေးပေမယ့် အချိန်မရတော့တာမို့ ဆန္ဒကိုမျိုသိပ်ခဲ့ရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ချောင်းသာကမ်းခြေမှ ပြန်လာချိန်မှာတော့ ကမ်းခြေမှာ ရေကစားနေတဲ့သူတွေ၊ စက်ဘီးစီးနေသူတွေ၊ လမ်းလျှောက်နေတဲ့သူတွေ၊ ပြေးလွှားဆော့ကစားနေတဲ့လူငယ်တွေကတော့ ပျော်ရွှင်စွာနဲ့ အပန်းဖြေလို့ကောင်းနေဆဲပါပဲ။ ကျွန်တော်တို့ကတော့ ချောင်းသာကမ်းခြေနဲ့ တဖြည်းဖြည်း ဝေးလာတာနဲ့အမျှ အပူရှိန်က ပိုပြီးရိုက်ခတ်ခံစားနေရသလိုပဲလို့ တွေးနေမိပြန်ပါတယ်။ ။



ဓာတ်ပုံ - ခင်ဇွန်ဇာလင်း

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ရေလုပ်သားတွေကို ကူညီမှုပေးပါ

**ခင်ရတနာ**



ရေလုပ်သားပိုင်ပိုင်သည် ထိုင်းနိုင်ငံကမ်းဝေးပင်လယ်ပြင်တွင် ရေလုပ်သားတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သူဖြစ်သည်။ သူ့အတွက် ပင်လယ်ကြီးသည်သာ အနာဂတ်အတွက် အိပ်မက်တို့ ရှာဖွေရာ ကမ္ဘာ။ နေ့စဉ် ပင်လယ်ဆားရေတို့ကို ငေးကြည့်ရင်း အိမ်ကို သတိရသည့် စိတ်တို့ကို မိသားစုအတွက်ဟု သတ်မှတ်ကာ ရင်းနှီးမြှုပ်နှံနေရသူ။ “နေရတာ ပင်ပန်းဆင်းရဲတယ်ဆိုတာထက် ပိုပါတယ်။ ပြောရရင် ဥပဒေမဲ့စွာ ခိုင်းခံခဲ့ရတယ်။ တစ်နေ့မှာ ၁၆ နာရီမက ကျွန်တော်တို့ အလုပ်လုပ်ရတယ်”ဟု ပိုင်ပိုင်က သူ့အတွေ့အကြုံကို ပြောသည်။

အလုပ်လုပ်ချင်ဇောအားကြီးသည့် အမျိုးသားများကို ရွာသို့မကြာခဏ လူဆွယ်ရန် ရောက်နေသည့် ပွဲစားများက စည်းရုံးသိမ်းသွင်းကြသည်။ သူတို့ကိုသာမက မိသားစုများ၊ ဆွေမျိုးများကပင် ပွဲစားများကို ယုံကြည်မိကြသည်။ အချို့ပွဲစားများသည် ထိုင်းငါးဖမ်းလုပ်ငန်းများရှိ သင်္ဘောပိုင်ရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်ပေးကြပြီး အချို့မှာ တစ်ဆင့်ခံ ချိတ်ဆက်ပေးခြင်းဖြစ်သည်။ ချိတ်ဆက်မှု အဆင့်ဆင့်ဖြတ်ကျော်ပြီးနောက် ကြွေးအချို့ဖြင့် မြန်မာလူငယ်အချို့ထိုင်းနိုင်ငံသို့ နိုင်ငံဖြတ်ကျော်သွားရသည်။ စာရွက်စာတမ်းများသည် အတုများဖြစ်နေသည်ဆိုခြင်းကို သိရှိသည့် ရေလုပ်သားက နည်းပါးလွန်းသည်။ ဤသည်မှာ ၁၉၉၀ ပြည့်နှစ် ဝန်းကျင်ကဖြစ်သည်။

ယနေ့အထိ ထိုင်းနိုင်ငံ နယ်စပ် သို့မဟုတ် မြန်မာ့ရေပိုင်နက်အလွန်တို့တွင် တရားမဝင်ငါးဖမ်းနေကြသည့် စက်လှေများစွာ ကျန်ရှိနေနိုင်သေးသည်ဟု ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်က ခန့်မှန်းကြသည်။ နိုင်ငံတကာ ပူးပေါင်းစစ်ဆေးမှုများကြောင့် အချို့သော ငါးဖမ်းလုပ်ငန်းပိုင်ရှင်များသည် စက်လှေ သုံး၊ လေးစင်း သို့မဟုတ် အနည်းငယ်ကို တရားဝင်အခွန်အခများဖြင့် လိုင်စင်ပေးဆောင်ပြီး ကျန်စက်လှေများသည် ပင်လယ်ထဲတွင်သာ အပြီးထားရှိပြီး တရားမဝင် ဆက်လက်ငါးဖမ်းနေကြသေးကြောင်း သိရှိရသည်။

အစ်ဆာရာသည် ငါးဖမ်းလုပ်သားများအပါအဝင် အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးနေကြရသည့် လုပ်သားများအား ကူညီပေးသည့်အဖွဲ့တစ်ခုဖြစ်သည်။ အစ်ဆာရာမှ ထိုင်းနိုင်ငံ၏ ကမ်းလွန်ငါးဖမ်းလုပ်ငန်းတွင် လူကုန်ကူးခံရပြီးနောက် မြန်မာနိုင်ငံရှိ လူမှုအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ရောက်ရှိလာနိုင်ခဲ့သည့် မြန်မာနိုင်ငံသား ၁၅ ဦးတို့နှင့် တွေ့ဆုံမေးမြန်းပြီး သူတို့၏ အခြေအနေနှင့် အခက်အခဲများကို စုဆောင်းကာ သုတေသနပြုလုပ်နိုင်ခဲ့ရာ လုပ်ခလစာနှင့် ပတ်သက်၍ လှည့်ဖြားခြင်း၊ အလုပ်နေရာ၊ မိသားစုနှင့် အဆက်အသွယ်ရရှိနိုင်သည့် အခြေအနေကို လှည့်ဖြားခြင်း၊ တစ်ခါတစ်ရံ ပွဲစားနှင့် လှေသူကြီးတို့ ပူးပေါင်း၍ ကြွေးမြီများဖြင့် ချိန်နှောင်ခြင်း၊ အဂတိလိုက်စားသော ရဲများက လူကုန်ကူးသူများထံ ပြန်လည်ရောင်းချခြင်း၊ အနိုင်အထက်ပြုခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ခြောက်လှန့်ခြင်းများကို ခံစားရသူများဖြစ်ကြောင်း စစ်တမ်းအရ သိရှိရသည်။

“၂၀၁၅ ခုနှစ် နောက်ပိုင်းမှာ ထိုင်းက တစ်နိုင်ငံလုံးကို တရားဝင်လှေတွေနဲ့ ငါးဖမ်းရမယ်ဆိုပြီး သတ်မှတ်တယ်။ ဥပမာ ကမ်းကထွက်ရင် လူစစ်တယ်။ လူဦးရေ၊ တကယ့် ရေလုပ်သား ဟုတ် မဟုတ် စစ်တယ်။ အခုအချိန်အထိ ကျွန်တော့်သူငယ်ချင်းတွေရှိသေးတယ်။ သူတို့ကို ပင်လယ်ပြင်မှာ ထားခဲ့တယ်။ ကြွေးမကျေသေးဘူးဆိုပြီး နေကြရတယ်။ တရားမဝင်တဲ့အတွက် သူတို့လှေက ကမ်းကိုကပ်မယ်ဆိုရင် အခြားလှေတွေနဲ့ ကျွန်းတွေပေါ်မှာ သွားဝှက်ထားတယ်။ ဒီလိုနဲ့ ပင်လယ်ပြင်မှာတင် လနဲ့ချီ နေကြရတာ။ နည်းနည်းအဖမ်းအဆီး အရှာအဖွေ လျော့ချိန်ကျမှ ကမ်းကို ခိုးကြောင်ခိုးဝှက် ပြန်ဝင်ရတာလည်း ရှိတယ်”ဟု ပိုင်ပိုင်က ပြောပြသည်။

အချို့အလုပ်သမားများသည် ဆိပ်ကမ်းကပ်စဉ် လွတ်မြောက်အောင် ထွက်ပြေးရန် စဉ်းစားမိသော်လည်း သင်္ဘောနှင့် ဆိပ်ကမ်းမှဝေးရာ ထွက်ပြေးရန်အတွက် စာရွက်စာတမ်းများ မရှိကြောင်း သိရှိရသည်။ “လှေသမားတွေဟာ ကမ်းကပ်လျှင် ပိတ်လှောင်ခံရတာပါပဲ”ဟု ပိုင်ပိုင်က ဆိုသည်။ အမှန်ပင် ဖြစ်သည်။ အနိုင်ထက်ပြုကျင့်မှုကို နှစ်ပေါင်းများစွာ ခံစားခဲ့ပြီးနောက် အစ်ဆာရာ၏ ဖုန်းနံပါတ်ကို ရရှိကာ ရေလုပ်သားတစ်ဦးက ချိတ်ဆက်နိုင်ခဲ့ကြောင်း၊ သူနှင့်အတူ အခြားသူများအား ထွက်ပြေးလွတ်မြောက်ရန်အတွက် ပြောဆိုခဲ့သော်လည်း ပြန်လည်ဖမ်းဆီးခြင်းခံရမည်ကို စိုးသဖြင့် မထွက်ခဲ့ကြောင်း၊ ဘန်ဂျီးနားဖြစ်စဉ်တွင်လည်း The Associated Press သတင်းဌာန၏ စုံစမ်းဖော်ထုတ် သတင်းရေးသားမှုကြောင့် နိုင်ငံတကာနှင့် ဒေသခံအဖွဲ့အစည်းများ၊ အစိုးရများ၏ ပူးပေါင်းမှုဖြင့် လူပေါင်း ၁၀၀၀ ကျော်အား မူရင်းနိုင်ငံများသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် သာဓကများကိုလည်း မြင်တွေ့ရသည်။

**လွတ်လပ်သော်လည်း အခွင့်အရေးမရခဲ့**

ငါးနှစ်စာဝန်းကျင် လုပ်အားခများကို လအနည်းငယ်အတွင်း ရရှိမည်ဟုဆိုကာ ပြန်လာခဲ့ကြသည့် အလုပ်သမားများသည် ကျွန်းပေါ်တွင် နှစ်ပေါင်းများစွာ သောင်တင်နေခဲ့ပြီး အချို့မှာမူ အကယ်ခံရပြီး ဂေဟာများတွင် နှစ်နှင့် ချီကာ ဒုတိယအကြိမ် ဒုက္ခခံစားရသူများလည်းရှိသည်ကို မြင်တွေ့ရသည်။

“ဒုက္ခရောက်လို့ ကယ်ဆယ်ခံရတယ်။ အမှုဖြစ်လာပြီဆိုရင် ဂေဟာတွေမှာထားတယ်။ အဲဒီကလည်း ဒုတိယအကြိမ် လူကုန်ကူးခံနေရတာ။ ကျွန်တော်ဆိုရင် ဂေဟာမှာ တစ်နှစ်ကျော်ကြာတယ်။ ဂေဟာက စည်းကမ်းရှိရတယ်။ လူကြီးတွေလာရင်လည်း ပြေလည်အောင်ပြောရတယ်။ အမှုရင်ဆိုင်နေတဲ့အချိန်ဆိုတော့ စိတ်ကို ချုပ်တီးထားရတယ်။ တရားရုံးတက်ရတဲ့အခါမှာရော၊ လူတွေက လာစစ်ကြရင်ရော ဘာသာပြန်ကို အားကိုးရတယ်။ မြန်မာအစိုးရက တာဝန်ရှိသူတွေလာတဲ့အခါ သိပ်ပျော်တာပဲ။ အမှုရင်ဆိုင်ရမယ်ဆိုတဲ့အခါ အချို့ကကျတော့ အမှုရင်မဆိုင်ချင်ကြဘူး၊ တရားခံကို တိတိကျကျ အရေးမယူနိုင်တာများတယ်။ သူတို့ကို ထောင်လည်းမချနိုင် ကျွန်တော်တို့ လစာလည်း ဘတ် တစ်သန်းကျော်တယ်။ မရသေးဘူး။ တရားရုံးကတော့ ဆက်သွားနေတယ်။ ပံ့ပိုးမှုအားနည်းတယ်။ ဒါကတော့ ထိုင်းပြည်တွင်းမှာ ဖြစ်နေတာတွေပေ့ါ။ ကျွန်တော်တို့ကတော့ ကိုယ့်နိုင်ငံ ပြန်ရောက်တာပဲ ကျေးဇူးတင်ပါတယ်”ဟု ထိုင်းနိုင်ငံတွင် ရေလုပ်သားအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ရင်း မတရားမှုအတွက် ဂေဟာတွင်စောင့်ဆိုင်းကာ အမှုရင်ဆိုင်ခဲ့ရဖူးသူ ကိုမျိုးက ပြောသည်။

**ငါးဖမ်းလုပ်သားများအတွက် စံနှုန်းတွေရှိတယ်**

ငါးဖမ်းရေယာဉ်များပေါ်တွင် လုပ်ကိုင်ကြသည့် ရေလုပ်သားများအတွက် တရားဥပဒေအရ တစ်ရက်တွင် ဆယ်နာရီအနားယူခွင့်ရှိပြီး တစ်ပတ်လျှင် ခုနစ်နာရီခန့် အနားယူခွင့်ရကြသည်။ လုပ်သားများအား အကာအကွယ်ပေးရေး အက်ဥပဒေအားဖြင့် ထိုင်းနိုင်ငံတွင်း ခွင့်ပြုနိုင်သည့် အလုပ်ကြာချိန်၊ ပုံမှန်နှင့် အချိန်ပိုလုပ်အားခများ၊ လစာဖြတ်တောက်ခွင့်များကို မြန်မာအလုပ်သမားများ မသိရှိကြသည်က များသည်။

**ဘာကြောင့်အခုလိုခံစားနေရတာလဲ**

အလုပ်သမားများ၏ အသိပညာအားနည်းမှုကြောင့် အများဆုံး ဖြစ်ပွားနေကြရပြီး ထိုင်းဥပဒေများ၊ အလုပ်သမား ၊ အလုပ်လုပ်ခွင့်နှင့်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများကို မသိရှိကြခြင်း၊ တရားဝင်သွားရောက်မှု အားနည်းခြင်းများနှင့် အယုံလွယ်ခြင်းတို့ကြောင့် ယခုကဲ့သို့ ပြဿနာများ ဖြစ်ပွားနေကြခြင်းဖြစ်သည်ဟု အစ်ဆာရာ အင်စတီကျူမှ သိရှိရသည်။ အလုပ်သမား ပြဿနာများ ဖြစ်ပွားလာပါကလည်း ဖြေရှင်းနိုင်သည့် အစွမ်းအစ အားနည်းနေသည်ကို မြင်တွေ့ရပြီး စတင်သွားရောက်အလုပ်မလုပ်ကိုင်မီကတည်းက ကြိုတင်ဆက်သွယ်သင့်သည့် နေရာများအား ဆက်သွယ်စုံစမ်းခြင်း၊ အလုပ်သမားအခွင့်အရေးများအတွက် ရေလည်အောင် ဆွေးနွေးခြင်းများ မပြုလုပ်ထားကြသဖြင့် အလုပ်သမားများဘက်မှ ကြိုတင်ပြင်ဆင်ခြင်း၊ စုံစမ်းမေးမြန်းခြင်းမရှိဘဲ သွားရောက်နေခြင်းများ ရပ်တန့်ကြရန် လိုအပ်ပါသည်။

“ကျွန်မတို့က အလုပ်သမားတွေ အများဆုံးခံစားရတဲ့ ခေါင်းပုံဖြတ်တာ၊ လုပ်အားအမြတ်ထုတ်တာ၊ လူကုန်ကူးတာနဲ့ အခြားသော အလုပ်သမားရေးရာ ပြဿနာတွေကို ဖြေရှင်းပေးပါတယ်။ လက်ရှိ နိုင်ငံတကာမှာ လုပ်သားတွေနဲ့ ပတ်သက်ပြီး ထုတ်ကုန်လုပ်ငန်းအဆင့်ဆင့်ကို အရေးယူတာ၊ တာဝန်ခံခိုင်းတာတွေ ရှိပါတယ်။ ဥပမာပြောရရင် ကုန်အမှတ်တံဆိပ်တစ်ခုဟာ ကုန်စည်အရည်အသွေး တစ်ခုတည်းကိုပဲ တိုင်းတာလို့ မရတော့ပါဘူး။ အဲဒီကုန်စည်ရဲ့ကုန်ကြမ်းကို ဘယ်လိုရသလဲဆိုတာတွေ၊ ကုန်ထုတ်လုပ်သားတွေ အဆင့်ဆင့်ကို ဘယ်လိုထားရှိတယ်ဆိုတာတွေအပေါ်မှာလည်း စစ်ဆေးတာတွေ ရှိလာပါပြီ။ ဒါကြောင့် ရေလုပ်သားတွေ၊ ဒါမှမဟုတ် အခြားစက်ရုံအလုပ်ရုံတွေမှာ အလုပ်လုပ်ကိုင်သူတွေအနေနဲ့ မိမိတို့ ထုတ်ပေးလိုက်ရတဲ့ ကုန်ကြမ်း ဒါမှမဟုတ် ထုတ်ကုန်အမှတ်တံဆိပ်ရဲ့ပိုင်ရှင်တွေအထိပါ တိုင်ကြားနိုင်ပါတယ်။ သက်သာတိုင်း သူတို့ယူလို့မရပါဘူး။ အလုပ်သမားအခွင့်အရေးပြည့်ဝစွာနဲ့ ထုတ်လုပ်ထားတဲ့ကုန်စည်တွေကသာ အမှန်တကယ် သုံးစွဲသင့်တယ်ဆိုတဲ့ အယူအဆမျိုးကို အခြားနိုင်ငံတွေမှာ ကျင့်သုံးနေကြပါပြီ”ဟု အစ်ဆာရာမြန်မာမှ မြန်မာနိုင်ငံတာဝန်ခံ ဒေါ်ဥမ္မာအိအိချောက ပြောကြားသည်။

မြန်မာနိုင်ငံတွင်လည်း ဧပြီ ၃ရက်က အစ်ဆာရာ အင်စတီကျူနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ပူးပေါင်း၍ ထိုင်းနိုင်ငံရှိ ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများအား ဘေးအန္တရာယ်များ သိရှိနားလည်၍ ကာကွယ်တားဆီးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး သုတေသန စာတမ်းများအား ဖော်ထုတ်ခြင်း၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်နိုင်မည့် နည်းလမ်းများ တင်ပြခြင်း၊ အရပ်ဘက်အဖွဲ့အစည်းက ပူးပေါင်းဆွေးနွေးခြင်းဖြင့် ရေလုပ်သားများအား ကာကွယ်စောင့်ရှောက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြသည်ဖြစ်ရာ မကြာမီ မြန်မာရေလုပ်သားများ၏ ဘဝကို ကာကွယ်စောင့်ရှောက်နိုင်တော့မည်ဟု မျှော်လင့်ရပါကြောင်း။ ။

“ယနေ့အထိ ထိုင်းနိုင်ငံနယ်စပ် သို့မဟုတ် မြန်မာ့ရေပိုင်နက်အလွန်တို့တွင် တရားမဝင်ငါးဖမ်းနေကြသည့် စက်လှေများစွာ ကျန်ရှိနေနိုင်သေးသည်ဟု ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်က ခန့်မှန်းကြသည်။ နိုင်ငံတကာ ပူးပေါင်းစစ်ဆေးမှုများကြောင့် အချို့သော ငါးဖမ်းလုပ်ငန်းပိုင်ရှင်များသည် စက်လှေ သုံး၊ လေးစင်း သို့မဟုတ် အနည်းငယ်ကို တရားဝင်အခွန်အခများဖြင့် လိုင်စင်ပေးဆောင်ပြီး ကျန်စက်လှေများသည် ပင်လယ်ထဲတွင်သာ အပြီးထားရှိပြီး တရားမဝင် ဆက်လက်ငါးဖမ်းနေကြသေးကြောင်း သိရှိရသည်”

# သစ်တောပို့ကုန်ကဏ္ဍ ပြန်လည်ဦးမော့လာဖို့ ဝိုင်းဝန်းကြိုးပမ်းကြပါစို့

**မြင့်မောင်စိုး**




ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အကောင်းဆုံး သစ်တွေထွက်ရှိတဲ့ နိုင်ငံအဖြစ်ထင်ရှားခဲ့တဲ့ နိုင်ငံတစ်နိုင်ငံပါ။ဒီလို သစ်ကောင်း သစ်မာတွေထွက်ရှိအောင် ရေ၊ မြေသဘာဝနဲ့ ရာသီဥတုအခြေအနေတွေက ဖန်တီးပေးထားပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့မြန်မာနိုင်ငံက ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်အစရှိတဲ့ သစ်မာအမျိုးအစားတွေဟာ တာရှည်ခံမှု၊ အရည်အသွေးကောင်းမွန်မှုတွေကြောင့် ကမ္ဘာမှာ မြန်မာ့ ကျွန်းရွှေဝါရယ်လို့ ရတနာတစ်ပါးလို့ တင်စားပြောဆိုလေ့ရှိကြပါတယ်။

သို့ပေမယ့်လည်း အိမ်နီးချင်း နိုင်ငံတွေရဲ့သစ်တောထွက်ပစ္စည်းပို့ကုန်တန်ဖိုးတွေနဲ့ နှိုင်းစာလိုက်မယ်ဆိုရင် အားနည်းချက်တွေရှိနေတယ်ဆိုတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ၂၂-၃-၂၀၁၈ ရက်နေ့က တပ်မတော်ခန်းမမှာ ကျင်းပတဲ့ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်း ထုတ်ကုန်မြှင့်တင်ရေးပြပွဲမှာ တာဝန်ရှိသူတွေရဲ့ပြောကြားချက်တွေကို အခုလိုကြားသိခဲ့ရပါတယ်။

**ဦးဝင်းမြင့်**
**(ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး)**

သစ်တောထွက်ပစ္စည်းလုပ်ငန်းဟာ နိုင်ငံတော်အတွက်



နိုင်ငံခြားငွေရှာဖွေပေးတဲ့ လုပ်ငန်းဖြစ်သလို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ဂျီဒီပီတိုးတက်ရေးအတွက် အထောက်အကူပြုနေတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါ့အပြင် ဆယ်စုနှစ် တစ်ခုကို ပြန်ကြည့်မယ်ဆိုရင်လည်း အမျိုးသားပို့ကုန် မဟာဗျူဟာမှာလည်း ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ သစ်နဲ့ပတ်သက်တဲ့ စက်ရုံ၊ အလုပ်ရုံတွေ ထောင်နဲ့ချီပြီးရှိနေတာ တွေ့ရပါတယ်။ သစ်တောထွက်ပစ္စည်းဟာ မြန်မာနိုင်ငံရဲ့ပို့ကုန်ကဏ္ဍမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်ပြီးတော့ ၂၀၁၇ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံလောက်အထိ ရောက်ရှိခဲ့တာကိုတွေ့ရပါတယ်။

သို့သော်လည်း ကျွန်တော်တို့နိုင်ငံရဲ့သဘာဝအရင်းအမြစ်တွေနဲ့ ရာသီဥတုအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေများကြောင့် ခုချိန်အထိ စဉ်ဆက်မပြတ် တင်ပို့နိုင်သေးတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ သစ်အလုံးလိုက် တင်ပို့တာကို ပြုပြင်ပြီးတော့မှ ခွဲသားအဖြစ်တင်ပို့တာတွေအပြင် ကျွန်တော်တို့ထပ်မံတင်ပို့နိုင်တဲ့ ပစ္စည်းတွေကလည်း ကဏ္ဍအလိုက် အပြောက်အပြားရှိနေသေးတာကို တွေ့ရပါတယ်။ ဒါကြောင့် ကဏ္ဍအလိုက် တိုးမြှင့်တင်ပို့နိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို တတ်နိုင်သမျှ အထောက်အကူပြုပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပို့ကုန်မြင့်မားရေးနဲ့ ဈေးကွက်သစ်တွေ ရှာဖွေနိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တန်ဖိုးမြင့် ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ဖို့၊တရားမဝင် သစ်ထုတ်လုပ်မှုတွေ ပပျောက်ဖို့ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

**(ဦးခင်မောင်အေး)**
**ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ**

သစ်တောထွက်ပစ္စည်းဆိုတာ မြန်မာ့ရတနာတွေပါပဲ။ သစ်တောထဲမှာ ထွက်တဲ့မည်သည့်ပစ္စည်းမဆို အဖိုးထိုက်တန်ပါတယ်။ သစ်တောထဲမှာထွက်တဲ့ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ အပင်ပဲဖြစ်ဖြစ် အဖိုးထိုက်တန်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ သစ်တွေကို အလုံးလိုက်တင်ပို့တဲ့ဘဝ ရောက်ခဲ့ပါတယ်။အဲဒီကနေ တဖြည်းဖြည်းပြောင်းလဲလာလိုက်တာ ယနေ့ဆိုရင် သစ်တွေကို အချောထည်ပြုလုပ်ပြီး ထုတ်လုပ်ရောင်းရမယ်ဆိုတဲ့ အတွေးအခေါ်တွေ များလာတာတွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့သဘာဝအလျောက်ရှိနေတဲ့ သစ်တောထွက်ပစ္စည်းတွေကို ပန်းပုပညာရှင်တွေရဲ့ဦးနှောက်တွေ၊ နည်းပညာတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ တကယ်ကိုပဲ တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ထွက်ပေါ်လာတာ တွေ့ရပါတယ်။ ဒီလိုတန်ဖိုးမြင့် ထုတ်ကုန်တွေကို များများ ထုတ်လုပ်ပြီး ဈေးကွက်သစ်တွေ ရှာဖွေရမယ်ဆိုတာတွေ ဖြစ်ပေါ်လာပါတယ်။သစ်နဲ့ပတ်သက်တဲ့ဈေးကွက်ဟာ ကမ္ဘာမှာ အကြီးကြီးရှိပါတယ်။

ကျွန်တော်တို့နိုင်ငံကထွက်တဲ့ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်ဆိုတာက ကမ္ဘာကျော်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာပဲ ရှိပါတယ်။ အဖိုးတန်သစ်တစ်မျိုးဖြစ်တဲ့ ကျောက်ထင်းရှူးပင်တွေဆိုရင် တရုတ်နဲ့မြန်မာနယ်စပ် မြန်မာနိုင်ငံဘက်ခြမ်းမှာပဲ ပေါက်ရောက်ပါတယ်။ ဒီအပင်တွေဟာ ပူတာအိုမှာ နှစ်ပေါင်းရာထောင်ချီပြီး ပေါက်ရောက်ခဲ့တဲ့ အပင်တွေပါ။ ဒီအဖိုးတန်တဲ့ ကျောက်ထင်းရှူးပင်တွေဟာ အခုအခါမှာ မရှိတော့ပါဘူး။ မြေကြီးထဲမှာ အမြစ်သာ ကျန်တော့တယ်။ ကျွန်တော်တို့အနေနဲ့ မြေကြီးထဲမှာရှိနေတဲ့ ဒီကျောက်ထင်းရှူးမြစ်တူးဖော်ရေးကိုလွန်ခဲ့တဲ့ ရှစ်လောက်က ဆောင်ရွက်ခဲ့ပါတယ်။ ဒီအမြစ်တွေကို တရုတ်နိုင်ငံဘက်ကို နိုင်ငံရဲ့အမွေအနှစ်လို တန်ဖိုးကြီးလို့ရောင်းမစားရက်ပါဘူး။ တရုတ်နိုင်ငံမှာ သွားကြည့်မယ်ဆိုရင် ဒီလိုကျောက်ထင်းရှူးမြစ်တွေနဲ့ ထုလုပ်ထားတဲ့ ပန်းပုရုပ်တွေကို အမြတ်တနိုးအိမ်တွေမှာ ထားရှိကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တဲ့အခါမှာ ဒီကျောက်ထင်းရှူးမြစ်တွေကို တန်ဖိုးမြင့် ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ နာဂစ်ဖြစ်တဲ့အချိန်က အပင်ကြီးတွေ လဲပြိုခဲ့ပါတယ်။ တချို့ကအပင်ကြီးတွေကို ထင်းလုပ်ဖို့ ကြိုးစားနေချိန်မှာ ကျွန်တော်တို့အနေနဲ့ ပန်းပုပညာရှင်တွေရဲ့အတတ်ပညာနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေအဖြစ် ပြောင်းလဲနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ပဲခူးရွှေပြည် ဧက ၁၀၀ မှာ ကမ္ဘာမှာ သစ်သားပန်းပုအများဆုံး ဂရင်းနစ်စံချိန်ဝင်အောင် ထုလုပ်ပြသထားပါတယ်။ ကမ္ဘာမှာ သစ်သားပန်းပုအများဆုံးနဲ့ လက်ရာအမြောက်ဆုံး နိုင်ငံဟာ မြန်မာနိုင်ငံပဲ ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများအနေဖြင့် တန်ဖိုးမဲ့ပစ္စည်းတွေကို တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ထုတ်လုပ်လာနိုင်ဖို့ အားပေးဖို့လိုပါတယ်။ နိုင်ငံခြားသားတွေက တန်ဖိုးမဲ့တွေကို တန်ဖိုးမြင့်ထုတ်လုပ်ထားတဲ့ပစ္စည်းတွေ သယ်ယူရေးကိစ္စတွေမှာ အတားအဆီး အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ အဲဒီအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ ဆက်စပ်ဝန်ကြီးဌာနတွေရဲ့လုပ်ထုံးလုပ်နည်းတွေနဲ့ တင်းကျပ်ထားမှုတွေကို ဖြေလျှော့ပေးဖို့ လိုပါတယ်။ အဲဒီလိုဖြေလျှော့မပေးဘဲ နယ်စပ်တွေမှာ ထွက်ချင်တိုင်းထွက်နေတာ အများကြီးပါ။ ဒါတွေကို တားဆီးနိုင်ခြင်းမရှိဘဲ ပြည်တွင်းက လုပ်ငန်းရှင်တွေကိုပဲ လုပ်ထုံးလုပ်နည်းတွေနဲ့တင်းကျပ်ထားမယ်ဆိုရင် နှစ်ဦးနှစ်ဖက်အကျိုးရှိမှာ မဟုတ်ပါဘူး။ သစ်ထုတ်လုပ်သူတွေကလည်း သစ်တောစိုက်ခင်းတွေ ပြန်လည်ထူထောင်စိုက်ပျိုးပေးဖို့ လိုအပ်သလို နိုင်ငံတော်အပိုင်းကလည်း တန်ဖိုးရှိအောင် ထုတ်လုပ်ထားတဲ့ သစ်တောထွက်ပစ္စည်းတွေ လွယ်ကူချောမောစွာ တင်ပို့နိုင်ဖို့ ဖြေလျှော့မှုတွေလုပ်ပေးဖို့ လိုအပ်ပါတယ်။

**ဦးအေးလွင်**
**(အာဆီယံ ပရိဘောဂလုပ်ငန်းရှင်များကောင်စီ ဥက္ကဋ္ဌ)**

"၁၉၉၀ ပြည့်နှစ် လောက်ကစပြီးတော့ သစ်တောရေးရာဝန်ကြီးဌာနက သစ်တောထွက်ပစ္စည်းတင်ပို့မှုကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာသန်း ၃၀၀ လောက် နှစ်စဉ်ရှာဖွေပါတယ်၊ ၁၉၉၇ ခုနှစ်လောက်ရောက်တော့ တစ်နှစ်ကို ဒေါ်လာသန်း ၅၀၀ လောက်ကနေ သန်း ၁၀၀၀ လောက်အထိ ရှာဖွေပါတယ်။ ဒီလိုရှာဖွေတဲ့ဒေါ်လာ ၉၀ ရာခိုင်နှုန်းဟာ သစ်အလုံးတွေ ကုန်ကြမ်းအဖြစ်တင်ပို့မှုမှ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၀၀ ခုနှစ် လောက်ကတည်းကစပြီး အာဆီယံမှာလုပ်တဲ့ ပရိဘောဂထုတ်ကုန်ပြပွဲအများစု ကျွန်တော်တို့ဦးဆောင်ပြီး တက်ရောက်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က ကျွန်တော်တို့သစ်တောထွက် ပစ္စည်းတင်ပို့မှုကနေ သန်း ၃၀၀ ရှာတဲ့ အချိန်မှာ မလေးရှားက တစ်နှစ်သန်း ၂၀၀၀ ရှာပါတယ်။ထိုင်းကသန်း ၃၀၀၀ လောက်ရှာတယ်။ အခုစင်ကာပူကတစ်နှစ်ကို သုံးဘီလီယံလောက်ရှာတယ်။ အင်ဒိုနီးရှားက နှစ်ဘီလီယံ၊ မလေးရှား သုံးဘီလီယံလောက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာက ဒီကနေ့အထိ တစ်နှစ် အမေရိကန်ဒေါ်လာ သန်း ၅၀၀ လောက် ရဖို့ စာရွက်စာတမ်းတွေ တစ်ထပ်ကြီးနဲ့ အလုပ်လုပ်နေကြရပါ



တယ်။ ပြုပြင်ဖို့ပြောတာ နှစ် ၂၀ လောက်ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တောင်းဆိုချင်တဲ့အချက်တွေ ရှိပါတယ်။ မလိုလားအပ်တဲ့ဌာနဆိုင်ရာ တင်းကျပ်မှုတွေ ဖြေလျှော့ပေးပါ။ ဥပဒေဘောင်အတွင်းက လုပ်ကိုင်နေသူတွေကို ဥပဒေဖြင့် ကာကွယ်ပေးပါ။ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိတဲ့ လုပ်ငန်းရှင်တွေကို ထိရောက်စွာ အရေးယူတဲ့ စနစ်ကျင့်သုံးပေးပါ။ တန်ဖိုးမြင့်ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေကို ငွေကြေးအရင်းအနှီး ပံ့ပိုးကူညီပေးပါလို့ တိုက်တွန်းချင်ပါတယ်၊ ဒါကတော့ မြန်မာ့သစ်တောကဏ္ဍ ပြန်လည်နိုးထလာစေဖို့ တာဝန်ရှိသူတွေရဲ့ဆွေးနွေးတင်ပြချက်တွေပါ။ ဒီဆွေးနွေးချက်တွေအရဆိုရင် မြန်မာ့သစ်တောရတနာများ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်နေတာအမှန်ပါပဲ။ သစ်တောထွက်ပစ္စည်းတင်ပို့မှု စဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးဖို့ဆိုရင် အဖိုးတန်သစ်ပင်သစ်တောတွေ နိုင်ငံတစ်နံတစ်လျားထူထောင်ရေးဟာ အရေးကြီးဆုံးအချက်ပါ။ ဒီကမှတစ်ဆင့် တရားမဝင် သစ်ထုတ်လုပ်သူများကို ထိထိရောက်ရောက်တားဆီးပြီး တန်ဖိုးမြင့်သစ်တောထွက်ပစ္စည်း တင်ပို့မှုကို လွယ်ကူချောမောအောင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ သို့မှသာ သစ်တောကဏ္ဍမှ နိုင်ငံခြားငွေ ရှာဖွေပေးရေးလုပ်ငန်းစဉ်ကြီးဟာ စဉ်ဆက်မပြတ်တိုးတက်နေမည်မဟုတ်ပါလား။ ။

"သစ်တောထွက်ပစ္စည်းဆိုတာ မြန်မာ့ရတနာတွေပါပဲ၊ သစ်တောထဲမှာ ထွက်တဲ့မည်သည့်ပစ္စည်းမဆို အဖိုးထိုက်တန်ပါတယ်၊ သစ်တောထဲမှာထွက်တဲ့ တိရစ္ဆာန်ပဲဖြစ်ဖြစ်၊ အပင်ပဲဖြစ်ဖြစ် အဖိုးထိုက်တန်ပါတယ်၊ ကျွန်တော်တို့နိုင်ငံမှာ သစ်တွေကို အလုံးလိုက်တင်ပို့တဲ့ဘဝ ရောက်ခဲ့ပါတယ်၊ အဲဒီကနေ တဖြည်းဖြည်း ပြောင်းလဲလာလိုက်တာ ယနေ့ဆိုရင် သစ်တွေကိုအချောထည်ပြုလုပ်ပြီး ထုတ်လုပ်ရောင်းရမယ်ဆိုတဲ့ အတွေးအခေါ်တွေ များလာတာတွေ့ရပါတယ်၊ ကျွန်တော်တို့ရဲ့ သဘာဝအလျောက်ရှိနေတဲ့ သစ်တောထွက်ပစ္စည်းတွေကို ပန်းပုပညာရှင်တွေရဲ့ ဦးနှောက်တွေ၊ နည်းပညာတွေနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ တကယ်ကိုပဲ တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ထွက်ပေါ်လာတာတွေ့ရပါတယ်၊ ဒီလိုတန်ဖိုးမြင့် ထုတ်ကုန်တွေကို များများ ထုတ်လုပ်ပြီး ဈေးကွက်သစ်တွေ ရှာဖွေရမယ်ဆိုတာတွေ ဖြစ်ပေါ်လာပါတယ်၊ သစ်နဲ့ပတ်သက်တဲ့ဈေးကွက်ဟာ ကမ္ဘာမှာ အကြီးကြီးရှိပါတယ်"

# ခြေလှမ်းတစ်သောင်းလမ်းလျှောက်ပါ

## ကြည်လွင်မြင့်(မုဒြာ)

တလောက နိုင်ငံခြားမှပြန်လာသောမိတ်ဆွေတစ်ဦးက စာရေးသူကို ခါးတွင်ချိတ်ထားသော ၁ လက်မ၊ ၂ လက်မအရွယ်ရှိ စက်ငယ်လေးတစ်ခုကို လက်ဆောင်ပေးပါသည်။

ထိုစက်ကလေး၏ လုပ်ဆောင်ချက်မှာ ခြေလှမ်းတိုင်းကိုမှတ်ပေးသည်။ လမ်းလျှောက်စဉ် ခြေလှမ်းငါးဆယ်ရှိသောအခါ ၅၀၊ ခြေလှမ်းတစ်ရာရှိသောအခါ ၁၀၀ စသည်ဖြင့် ပြသည်။ တစ်လှမ်းတိုင်း နံပါတ်ဆက်တိုးလာသည်။ ခြေလှမ်း ရပ်လိုက်လျှင် ရပ်သွားသည်။ နားပြီး နောက်တစ်ကြိမ်ပြန်လျှောက်သွားလျှင်တော့ ဘေးမှ ခလုတ်ကလေးကို နောက်တစ်ကြိမ်နှိပ်ပေးဖို့လိုသည်။

ဤသို့ မှတ်ပေးသော စက်ကလေးကို စာရေးသူခါးတွင် တစ်နေကုန် ချိတ်ထားပြီး ညရောက်သော အခါ အနားမယူမီ စစ်ကြည့်လိုက်သောအခါ ခြေလှမ်းပေါင်း ၈၅၀၀ လှမ်းခဲ့သည်ဟု မှတ်တမ်းတွေ့ရသည်။



စာရေးသူက လက်ဆောင်ပေးခဲ့သောမိတ်ဆွေထံ ဖုန်းဆက်သည်။ ကျွန်တော် ဒီနေ့လမ်းလျှောက်တာ ခြေလှမ်းပေါင်း ၈၅၀၀ ကျော် ရှိတယ်။ အဲဒါ မှတ်ထားရမှာလားဟု မေးလိုက်ပါသည်။ လက်ဆောင်ပေးသူ မိတ်ဆွေက ပြောသည်မှာ... ဒီစက်က ဂျပန်ကလာတာ။ ဂျပန်လူမျိုးတွေက ကျန်းမာရေးအတွက် အလုပ်သွားရင် လမ်းလျှောက်သွားလေ့ရှိကြတယ်။ တကယ်လို့ အလုပ်ကဝေးရင်လည်း ကား၊ သို့မဟုတ် ရထားစီးလာပြီး ကားကိုအပ်နှံတဲ့နေရာမှာ ရပ်ထားခဲ့တယ်။ ရထားဆိုရင် ဘူတာရုံကနေ ကိုယ့်အလုပ်ရှိတဲ့ နေရာကိုလမ်းလျှောက်သွားကြတယ်။

လမ်းလျှောက်ဖို့ကို တမင်ချန်ထားလေ့ ရှိကြတယ်။ အဲဒါကြောင့် ဒီလူမျိုးတွေ ကျန်းမာတယ်၊ တက်ကြွနေကြတယ်။ အသက်ရှည်ချင်ရင် ခါးပတ်ကိုတိုပါစေဆိုတဲ့ စကားရှိတယ် မဟုတ်လား။ ခါးပတ်တိုတယ်ဆိုတာ ဗိုက်အဆီချဖို့ ပြောတာ။ ဗိုက်ပူနေရင် ခါးပတ်ရှည်မယ်၊ အသက်တိုမယ်လို့ ပြောတာ။ ခါးပတ်တိုဖို့၊ ဗိုက်ချဖို့ဆိုတာ အစားလျှော့စားရုံနဲ့ မရဘူး။ တချို့ဆို အစာကိုတအားလျှော့စားလိုက်တာ အားယုတ်ပြီး နေမကောင်းဖြစ်လာတယ်။ အားပြတ်လာတယ်။ ရောဂါဝင်လာတယ်။ အဲ... နေ ကောင်းအောင်ကုသပြီး အစားလည်း ပြန်စားရော အားရှိအောင်ဆိုပြီး တွန်းစား လိုက်တာ နဂိုကထက် ပိုပြီးဝသွားရော။

တကယ်တော့ ခါးပတ်တိုဖို့၊ ဘော်ဒီဝိတ်ချဖို့အတွက် အကောင်းဆုံးသော ဆေးနည်းကတော့ လမ်းလျှောက်ခြင်းပဲ။ လမ်းလျှောက်ခြင်းအတွက် စပါယ်ရှယ်သုတေသနပြုထားတဲ့ ပညာရှင်တွေရဲ့တွေ့ရှိချက်က ကျန်းမာချင်ရင် တစ်ကနေခြေလှမ်း ဘယ်လောက်များလျှောက်ရမလဲ သိလား။ စာရေးသူက မသိဘူးဟု ဖြေလိုက်ပါသည်။ မှတ်ထား။ တစ်နေ့ခြေလှမ်းပေါင်းတစ်သောင်း ၁၀၀၀၀ လျှောက်ရမယ်တဲ့ ဘုရားရေ...ဖြစ်နိုင်ပါ့မလား။ အလုပ်လုပ်ချိန်ကောရှိပါတော့မလားဟု စာရေးသူကမေးမိပါသည်။ ဘာမှ မဖြစ်နိုင်စရာမရှိပါဘူး။ လမ်းလျှောက်တယ်ဆိုတာ အပြင်ထွက်လျှောက်မှ လမ်းလျှောက်တာ မဟုတ်ဘူး။ အိမ်ထဲမှာ လျှောက်တာ၊ အလုပ်မှာ အပေါ်ထပ်၊ အောက်ထပ်ဆင်းလိုက်၊ တက်လိုက်၊ သွားလိုက်၊ လာလိုက်၊ အားလုံးကို ပေါင်းမှတ်လို့ ရတယ်။ တကယ်တမ်းမှတ်ထားရင် ကိုယ့်အလုပ်စားပွဲနဲ့ အလုပ်ဌာနထဲမှာ လမ်းလျှောက်တာကိုက ခြေလှမ်းပေါင်း နှစ်ထောင်၊ သုံးထောင်နီးပါးဖြစ်နေတာ တွေ့ရလိမ့်မယ်။ အဲ... အလုပ်အသွားနဲ့ အပြန်မှာ ခြေလှမ်းငါးထောင်လောက် လျှောက်လိုက်။ နှစ်မိုင်သာသာပေါ့။အိမ်ပြန်ရောက်တဲ့အခါကျတော့ အဝတ်လဲတာနဲ့၊ ရေချိုးတာနဲ့၊ ထမင်းစားသွားတာနဲ့၊ ခြံထဲဆင်းတာနဲ့၊ သားသမီးတွေကလေးတွေနဲ့ ဆော့တာနဲ့ ခြေလှမ်းနှစ်ထောင်ပြည့်သွားမှာပဲ။ အဲ... လမ်းလျှောက်တာ အသွားအပြန်ခြေလှမ်း ငါးထောင် (နှစ်မိုင်နီးပါး)၊ ရုံးမှာ၊ အလုပ်မှာ လမ်းလျှောက်တာက ခြေလှမ်းသုံးထောင်၊ အိမ်မှာ ပြန်ရောက်တော့ လုပ်စရာရှိတာတွေ လုပ်ရင်းနဲ့ လျှောက်တာ ခြေလှမ်း နှစ်ထောင်ဆိုရင် အဲ... အားလုံးပေါင်းလိုက်ရင် ခြေလှမ်း ၁၀၀၀၀ ဖြစ်ပြီးပေါ့။ ဘာမှ အထွေအထူးအားစိုက်နေရတဲ့ အလုပ်မဟုတ်ပါဘူး စာရေးသူ တွေးတောဆင်ခြင်ကြည့်ပါသည်။ တခြားကိုမတွေးကြည့်ပါ။ မိမိနေထိုင်သောရပ်ကွက်ရှိ မိမိနှင့် ရွယ်တူ အသက်ငါးဆယ်ကျော် လူကြီးပိုင်းဝင်ခါစများအကြောင်း။ စာရေးသူတို့၏ ရပ်ကွက်အနေ အထားကိုပြောရလျှင် ဆင်းရဲသား တစ်ပိုင်း၊ လူချမ်းသာတစ်ပိုင်း ရောနှောနေထိုင် သောရပ်ကွက် ဖြစ်သည်။ ရှေးယခင်ကတော့ ဤနေရာမျိုးတွင် ဆင်းရဲသားများသာ၊ လက်လုပ်လက်စားများသာရှိသည်။ သို့သော် လွန်ခဲ့သောနှစ်နှစ်ဆယ်ခန့်မှစပြီး လူချမ်းသာ လူမျိုးခြားများ ဝင်ရောက်လာကြသည်။ မူရင်းနေထိုင်သူများ မြို့သစ်ရောက်သွားကြသည်။ သူတို့ရောင်းချသွားသောနေရာတွင် တိုက်ကြီးတာကြီးများ ဖြစ်လာသည်။ လမ်းအသစ်လည်းခင်းပြီးသောအခါ တန်ဖိုးကြီးသောရပ်ကွက်ဖြစ်လာသည်။

**“လမ်းလျှောက်တယ်ဆိုတာ အပြင်ထွက်လျှောက်မှ လမ်းလျှောက်တာ မဟုတ်ဘူး။ အိမ်ထဲမှာလျှောက်တာ၊ အလုပ်မှာ အပေါ်ထပ်၊ အောက်ထပ်ဆင်းလိုက်၊ တက်လိုက်၊ သွားလိုက်၊ လာလိုက်၊ အားလုံးကို ပေါင်းမှတ်လို့ရတယ်။ တကယ်တမ်းမှတ်ထားရင် ကိုယ့်အလုပ် စားပွဲနဲ့ အလုပ်ဌာနထဲမှာ လမ်းလျှောက်တာကိုက ခြေလှမ်းပေါင်း နှစ်ထောင်၊ သုံးထောင်နီးပါးဖြစ်နေတာ တွေ့ရလိမ့်မယ်”**

သို့သော်အတွင်းပိုင်းကျ၍ မရောင်းရသောနေရာများတွင် ဆင်းရဲသားများ၊ လက်လုပ်လက်စားများနှင့် ဝန်ထမ်းများ၊ လူလတ်တန်းစားများပါ ရောနှောနေထိုင်လျက်ရှိသည်။ စာရေးသူ၏ မျက်နှာချင်းဆိုင် တစ်ထပ်တိုက်ပုလေးတွင် နေထိုင်သူမှာ ရုံးမှအငြိမ်းစားအရာရှိတစ်ဦး ဖြစ်သည်။ ရှေးယခင်ကတည်းက သူသည် ရုံးမှပေးထားသောကားဖြင့် အသွား၊ အပြန်တွေ့ဖူးသည်။ရက်ကွက်ထဲတွင်လည်း လမ်းလျှောက်သည်ကို မတွေ့ဖူးပါ။ ယခုသူမကျန်းမာပါ။ ပင်စင်ယူပြီးမှ ဆီးချို၊ သွေးချိုဝင်ကာ နေမကောင်း။ ယခင်က ဝဝဖိုင့်ဖိုင့်ကြီး။ ယခုတော့ ခေါက်ချိုးခန့် ပိန်ကျသွားသည်ကို တွေ့ရသည်။

နောက်တစ်ဦးမှာ စာရေးသူအိမ်အကျော်မှ ထရံကာ၊ သွပ်မိုးအိမ်မှ ပန်းချီဆရာ၊ သူလည်း ယခုသိပ်နေမကောင်း၊ နေကောင်းတုန်းကလည်း သူကလမ်းထဲသို့ သိပ်ထွက်လေ့ရှိသူ မဟုတ်။ အိမ်ထဲမှာသာတကုပ်ကုပ် ပန်းချီဆွဲနေသည်။ သူဆွဲသော ပန်းချီကားမှာ ဈေးကောင်းရသည်။ နိုင်ငံခြားသားများပင် လာရောက် ဝယ်ယူကြသည်ဟုဆိုသည်။ သူသည် အရက်တော့ ပုံမှန်သောက်သည်ဟုဆိုသည်။ သူ့သားလေး တစ်ခါတစ်ရံတစ်လမ်းကျော်မှ ဆိုင်သို့အရက်သွားဝယ်ပြီး ပြန်လာသည်ကိုတွေ့ရဖူးသည်။ သူလည်းလမ်းမလျှောက်သောသူ ဖြစ်သည်။

စာရေးသူတို့ ရပ်ကွက်တွင် အမြဲလိုပင်နေကောင်းကျန်းမာနေသော အသက် ၅၀ ကျော်နှစ်ဦးရှိသည်။ ထိုသူများမှာ သတင်းစာပို့သမား ဦးနောက်ကျနှင့် ဆိုက်ကားသမားကြီး ဦးစောတို့ ဖြစ်သည်။ သတင်းစာပို့သမားကြီးနှင့် စာရေးသူတို့ သိသည်မှာ ဆယ်နှစ်နီးပါးခန့်ရှိပြီး ကြာတော့ လူချင်းခင်မင်လာသည်။ သူသတင်းစာပို့လျှင် အမြဲနောက်ကျလေ့ရှိသည်။ ထို့ကြောင့်ပင် သူ့ကို နာမည်ပြောင် ဦးနောက်ကျဟု ပေးထားခြင်းဖြစ်သည်။ လကုန်၍ သတင်းစာဖိုးကြိုတောင်းလျှင်တော့ သူသည် စောစောရောက်လာလေ့ရှိသည်။ သူသတင်းစာပို့သည့်ရပ်ကွက်မှာ အလွန်များသည်။ တစ်နေ့လျှင် ခြေလှမ်းသုံးသောင်းပင် ကမည်မထင်။

တခြားသော အမြဲကျန်းမာနေသူတစ်ဦးမှာ ဆိုက်ကားဆရာကြီး ဦးစော ဖြစ်သည်။ သူသည် စာရေးသူ၏ကလေးများ ငယ်စဉ်ကပင် ကျောင်းအကြိုအပို့လုပ်ခဲ့သူဖြစ်သည်။ မိုးရွာရွာ နေပူပူ ကျောင်းသွားရမည့်အချိန်ထက် များစွာစောစောလာသည်။ ကလေးများက တစ်ခါတစ်ရံ ရေမချိုးရသေး၊ ကျောင်းဝတ်စုံ မလဲရသေး၊ သူကရောက်လာပြီး ဘဲလ်ကိုကလင်ကလင်နှင့် တီးခေါ်နေပြီ။ ထို့ကြောင့် သူ့ကို ဦးစောဟု ခေါ်ခြင်းဖြစ်သည်။ ကလေးများသာ နေမကောင်းဖြစ်ကြသည်။ တစ်နေကုန် ဆိုက် ကားနင်းနေသော ဦးစောကြီးမှာ ဘယ်တော့မှနေမကောင်းဖြစ်သည်ကို မတွေ့မိပါ။

တကယ်တော့ နေကောင်းကျန်းမာနေသူများကို လေ့လာကြည့်လျှင် ကျန်းမာရေးကို အထူးသီးသန့် လိုက်စားနေသူများ မဟုတ်ကြပေ။ နိစ္စဒူဝ ဘဝဝမ်းစာအတွက် သွားလာလှုပ်ရှားရုန်းကန်နေကြသူများပင်ဖြစ်သည်ကို တွေ့ရလေသည်။

ထိုသူတို့တွင် ကံမပေး၍ မချမ်းသာကြ။ လက်လှုပ်မှ ပါးစပ်လှုပ်ရသည်၊ ခြေလှုပ်မှ ခရီးရောက်သည်ဟု အများက သနားကြသည်။ သို့သော် သဘာဝကိုအန်တုရင်ဆိုင်နေသော ထိုသူတို့တွင် လူချမ်းသာတို့တွင်မရနိုင်သော ကျန်းမာခြင်းဆုလာဘ်ကို ရရှိနေကြသည်ကို တွေ့ရလေသည်။ ရပ်ကွက်အတွင်းတွင် လူချမ်းသာများသည် ဇိမ်ခံကားကြီးများဖြင့် သွားကြလာကြရင်းက သွေးတိုး၊ ဆီးချို၊ နှလုံးစသော ငွေအိတ်နှင့် ချိန်စပ်ကုရသောရောဂါကြီးများဖြင့် ဆေးဒဏ်ကို အလူးအလဲခံကာ ရောဂါမပျောက်သော်လည်း လူပျောက်သွားကြရသည်။

သတင်းစာပို့သူ ဦးနောက်ကျကြီး၊ ဆိုက်ကားသမားကြီး ဦးစောတို့မှာ တော်ရုံနေမကောင်းလျှင် ဂရုမထား။ ခွေးထုတ်ဆေး တစ်ခွက်၊ ငန်းဆေး တစ်ခွက်နှင့်သော် လည်းကောင်း ဝေဒနာအန်တုပြီး နေ့စဉ်ခြေနှစ်ချောင်းကို အားထားကာ သွားလာ လှုပ်ရှားနေကြသူများ ဖြစ်သည်။ သူတို့၏ကျန်းမာရေးမှာ သူတို့ ခြေကျင်သွားနေခြင်း၏ ရလဒ်ဖြစ်သည်။ သူတို့၏ ဆရာဝန်မှာလည်း သူတို့၏ ခြေနှစ်ချောင်းပင် ဖြစ်ပါတော့သည်။

နိဂုံးအားဖြင့်...

၁။ နေ့စဉ် ခြေလှမ်းတစ်သောင်းလမ်းလျှောက်ပါ။

၂။ လမ်းလျှောက်ခြင်းဖြင့် ကျန်းမာ၊ အစာကြေ၊ သွေးအားကောင်း ရောဂါကာကွယ်ရာ ရောက်ပါသည်။

၃။ စက်တပ်ယာဉ်များဖြင့် သွားမည့်အစား လမ်းလျှောက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် သဘာဝကိုလည်း အထောက်အကူဖြစ်နိုင်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# တိုင်းဒေသကြီးအဆင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မကွေး မေ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးအဆင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက အဖွင့်အမှာစကားတွင် “ယခုနှစ်မှာ ထူးခြားချက်နှစ်ခုရှိရာ ပထမတစ်ခုက ၂၀၁၈ ခုနှစ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စတင်တည်ထောင်ခြင်း နှစ်(၇၀)ပြည့်ဖြစ်ပြီး ဒုတိယတစ်ခုက ‘ပြည်သူအားလုံးကျန်းမာဖို့၊ စဉ်ဆက်မပြတ် ကြိုးပမ်းစို့’ဆိုတဲ့ ယခုနှစ်ဆောင်ပုဒ်ပဲဖြစ်တယ်။



လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဆိုသည်မှာ လူတစ်ဦးတစ်ယောက်ချင်းစီတိုင်းနှင့် လူ့အဖွဲ့အစည်းတိုင်း ငွေကြေးအခက်အခဲမရှိဘဲ အရည်အသွေး ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိနိုင်ဖို့ဆောင်ရွက်ခြင်းဖြစ်ပါတယ်”ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ နှုတ်ခွန်းဆက်လွှာအား မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေက ဖတ်ကြားခြင်း၊ ကျန်းမာရေးလုပ်ငန်းများစွမ်းဆောင်ရည် ထူးချွန်မြို့နယ်ဆုရရှိသော ငဖဲမြို့နယ်အား ဆုချီးမြှင့်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ကျန်းမာရေးစနစ်တွင် အရေးအကြီးဆုံး အရင်းအမြစ်ဖြစ်သော ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း၊ ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်မှုကောင်းမွန်သော ဌာနများကိုရွေးချယ်ကာ အသိအမှတ်ပြုသည့်စနစ်ကိုဖော်ထုတ်ပြီး ကောင်းမွန်စွာ ယှဉ်ပြိုင်စေခြင်း၊ ထူးချွန်သော မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံများကို ဆုချီးမြှင့်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများကိုပါ ရွေးချယ်ချီးမြှင့်နိုင်ရန် စီစဉ်လျက်ရှိခြင်း၊ ကျန်းမာရေးအတွက် ပြည်သူလူထုက စိုက်ထုတ်သုံးစွဲနေရသောအခြေအနေကို လျှော့ချရန် စီမံကိန်းရေးဆွဲထားခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှစ်စဉ် ဧပြီ ၇ ရက်အား ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ထားပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပကြခြင်းဖြစ်ပြီး အခမ်းအနားသို့ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မုဒုံမြို့၌ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်သင်တန်းပေး



**မော်လမြိုင် မေ ၁၄**

ပြည်သူများပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်းကို မွန်ပြည်နယ် မုဒုံမြို့မြို့မ(၂)ရပ်ကွက် ရွှေညောင်ပင်လမ်းဓမ္မာရုံ၌ မေ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။ အဆိုပါသင်တန်းသို့ မော်လမြိုင်မြို့မှ သင်တန်းနည်းပြများ၊ သင်တန်းသားအရာရှိများ၊ အခြားအဆင့်သင်တန်းသားများ စုစုပေါင်း ၃၃ ဦးတို့သည်လည်း လာရောက်ပူးပေါင်းခဲ့ကြပြီး ရွှေညောင်ပင်လမ်းသွယ်ရှိ အိမ် ၅၅ အိမ်သို့ သွားရောက်ကွင်းဆင်းကာ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်ကို လက်တွေ့ဆောင်ရွက်ကြသည်ဟုသိရသည်။

**မော်လမြိုင်(ကိုယ်ပွား)**

# ဆေးမားလ်အူအွန်ဒုံစီမံကိန်းနှင့် ကျေးလက်ပြည်သူတို့၏ ပြောင်းလဲလာသော ဘဝများ

ဇူလိုင်မိုး (မြန်မာ့အလင်း)



"ကျွန်မက ဈေးရောင်းချင်တာ၊ ဒါပေမယ့် အရင်းအနှီးမရှိလို့ အရင်က ကျွန်မဆန္ဒတွေ မပြည့်ဝခဲ့ရပါဘူး၊ သူများဆီက ချေးငှားပြီး အရင်းအနှီးလုပ်မယ်ဆိုတော့လည်း အဲဒီအခါက အတိုးနှုန်းက ၂၀ ဆိုတော့ တွက်ခြေမကိုက်ဘူး၊ ဒီလိုတွေဖြစ်နေတုန်း သိပ်မကြာခင်မှာပဲ ကျွန်မတို့ရွာကို ဆေးမားလ်အူအွန်ဒုံ (ကျေးရွာသစ်လူပ်ရှားမှု) စီမံကိန်းအဖြစ် လုပ်ဆောင်ဖို့ ရွေးချယ်ခံရတယ်၊ အစပိုင်းမှာတော့ ကိုယ်နဲ့မသက်ဆိုင်တဲ့ ကိစ္စတစ်ခုလို စိတ်မဝင်စားခဲ့ဘူး၊ အဲဒီနောက် ရွာမှာ တိုးတက်ပြောင်းလဲမှုတွေ ဆက်တိုက်ဖြစ်လာတာကို တွေ့မြင်လာရတယ်၊ ကျွန်မစိတ်အဝင်စားဆုံးကတော့ အဲဒီစီမံကိန်းထဲမှာ အသေးစားချေးငွေလုပ်ငန်းတွေ ပါလာတာပါပဲ၊ ပြင်ပကနေ အတိုးနှုန်းကြီးကြီးပေးပြီး ချေးငွေယူနေရတဲ့အစား အတိုးနှုန်းသက်သက်သာသာနဲ့ ချေးခွင့်ရမယ်ဆိုတော့ ကျွန်မလောက်ပျော်နိုင်မယ့်သူ မရှိနိုင်တော့ပါဘူး၊ အရင်းနှီးမရှိလို့ ဘာလုပ်ကိုင်စားသောက်ရမှန်းမသိရတဲ့ ဘဝကနေ တစ်ဖက်တစ်လမ်းက အိမ်စရိတ်ရှာနိုင်တော့မယ်ဆိုတော့ တွေးရင်းတွေးရင်း ပျော်လွန်းလို့ အိပ်လို့တောင်မပျော်ခဲ့ဘူး။

"နောက်နေ့မှာတော့ အရင်က ကျွန်မစိတ်မဝင်စားခဲ့တဲ့ ဆေးမားလ်အူအွန်ဒုံ စီမံကိန်းအတွက် ဆွေးနွေးပွဲကို တက်ရောက်ဖို့ သွားခဲ့ပါတော့တယ်။ အဲဒီမှာ ကျွန်မသိလိုက်ရတာကတော့-

### ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်စေဖို့

ဆေးမားလ်အူအွန်ဒုံဆိုတာ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိတဲ့အနက် ဖွံ့ဖြိုးတိုးတက်မှုမရှိသေးတဲ့ ကျေးရွာတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ကွိုက်ကာရဲ့ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၂ သန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ စီမံကိန်းတစ်ခုဖြစ်ပါတယ်၊ မြန်မာဆေးမားလ်အူအွန်ဒုံ စီမံကိန်း (ကျေးရွာသစ် လှုပ်ရှားမှု) ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်တာကာလ ဆောင်ရွက်လျက်ရှိရာမှာ စီမံကိန်းကျေးရွာများ ရဲ့ ကျေးရွာသူ ကျေးရွာသားတွေအတွက် စွမ်းဆောင်ရည်မြှင့်မားရေး၊ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေးလုပ်ငန်းတွေကို ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွေရေးဆွဲပြီး မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော်ကြရမယ့် စီမံကိန်းဆိုတာကို နားလည်လာခဲ့ရပါတယ်"ဟု ကျေးရွာတစ်ခုမှ ဒေသခံမခိုင် (နာမည်လွှဲ)က စီမံကိန်းမှ သူသိမြင်လာရသည်ကို ပြောပြသည်။

အဆိုပါစီမံကိန်းကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ကွိုက်ကာနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ တိုင်းဒေသကြီး/ပြည်နယ် ကိုးခုရှိ ကျေးရွာပေါင်း ၁၀၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်မှစ၍ ကျေးရွာ ၁၀ ရွာထပ်တိုးကာ ကျေးရွာပေါင်း ၁၁၀ ကို ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆောင်ရွက်နေခြင်းဖြစ်သည်။

"ကျွန်မတို့ရွာအလှည့် ရောက်လာတော့ ကျေးရွာခေါင်းဆောင်တွေဆီကို သွားပြီး ဈေးရောင်းဖို့ အရင်းအနှီးအတွက် အသေးစားလုပ်ငန်းမှာ ငွေချေးခဲ့တယ်၊ အဲဒီကနေ ကျွန်မ ဝါသနာပါတဲ့ ဈေးရောင်းတဲ့ အလုပ်ကနေ ဝင်ငွေရှာနိုင်ခဲ့တယ်၊ အတိုးနှုန်းသက်သက်သာသာနဲ့ ချေးနိုင်တော့ ကျွန်မအတွက် အမြတ်လည်းကျန်တယ်၊ သမီးလေးကိုလည်း ကျောင်းထားနိုင်ခဲ့တယ်၊ အခုဆို ကျွန်မ ခေါင်းရွက်ဈေးသယ်ဘဝကနေပြီး အိမ်ဆိုင်လေးပါ ရောင်းနိုင်တဲ့အဆင့် ရောက်ခဲ့ရပါပြီ၊ ဒါကတော့ ဆေးမားလ်အူအွန်ဒုံ စီမံကိန်းရဲ့ ကျေးဇူးတွေဆိုလည်း မမှားပါဘူး"ဟု ခေါင်းရွက်ဈေးသည်မလေးဘဝကနေ အိမ်ဆိုင်လေးတစ်ဆိုင် ပိုင်ဆိုင်သွားသည့် မခိုင်က ဆက်လက် ပြောပြသည်။

ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းတွင် စံပြကျေးရွာများကို ရွေးချယ်ပုံမှာ ရွာသူ ရွာသားများသည် နိုးကြားတက်ကြွပြီး အလုပ်လုပ်ချင်စိတ်ရှိသူများ ဖြစ်ရမည်၊ ကျေးရွာများသည် မြို့နှင့် အလှမ်းသိပ်မဝေးသည့် နေရာများတွင် တည်ရှိရမည်၊ တစ်ရွာနှင့် တစ်ရွာ သွားလာသည့်အခါ မဝေးသည့်ကျေးရွာများ ဖြစ်ရမည်၊ ရွာတစ်ရွာတွင် အိမ်ထောင်စု ၁၀၀ မှ ၃၀၀ အတွင်း ရှိသည့် ကျေးရွာများ ဖြစ်ရမည်၊ စိုက်ပျိုးရေးတွင် အခြေခံကောင်းများရှိသည့် ကျေးရွာများဖြစ်ရမည်ဟူ၍ ဖြစ်သည်။ စံပြကျေးရွာ ၁၁၀ အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းတွင် မြေပြန့်ဒေသမှ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တောင်တန်းဒေသတွင် ရှမ်းပြည်နယ်၊ မြစ်ဝကျွန်းပေါ်ဒေသတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပင်လယ်ကမ်းရိုးတန်းဒေသတွင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပူပြင်းခြောက်သွေ့ဒေသတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ စုပေါင်းပါဝင်အောင် ရွေးချယ်ထားကြောင်း သိရသည်။

### ကျေးရွာသစ်လှုပ်ရှားမှုသင်တန်း

"မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်မှာ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးတဲ့ ကျေးရွာတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့ရည်ရွယ်ပြီး ဒီအစီအစဉ်ကို ရေးဆွဲရခြင်းဖြစ်ပါတယ်၊ စိုက်ပျိုးပညာပေးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတည်ဆောက်ဖို့ သင်ကြားရေးအထောက်အကူပြုပစ္စည်းတွေအပါအဝင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းတန်တဲ့ သင်တန်းကျောင်းကြီးကို နေပြည်တော် ရေဆင်းနယ်မြေထဲမှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ဖွင့်လှစ်နိုင်ခဲ့လို့ အဲဒီကျောင်းမှာပဲ ကျေးရွာခေါင်းဆောင်တွေကို ကိုရီးယားပညာရှင်တွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေစုပေါင်းပြီး ကျေးရွာသစ်လှုပ်ရှားမှုသင်တန်းတွေ ပို့ချခဲ့ပါတယ်၊ သင်တန်းကျောင်းကြီး ဆောက်လုပ်မပြီးသေးခင် ၂၀၁၅ ခုနှစ်ကစပြီး စီမံကိန်းကျေးရွာခေါင်းဆောင်တွေကို ဆေးမားလ်အူစိတ်ဓာတ်ဖြစ်တဲ့ လုံ့လဝီရိယရှိဖို့၊ ကိုယ့်အားကိုယ်ကိုးဖို့နဲ့ ပူးပေါင်းဆောင်ရွက်တတ်စေဖို့၊ စာရင်းဇယားကိုင်တွယ်တတ်ဖို့အတွက် သင်တန်းတွေကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုစိုက်ပျိုးရေးသုတေသနနဲ့ လေ့ကျင့်ပညာပေးရေးဌာနမှာ ယာယီဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်၊ သင်တန်းတွေမှာ ခေါင်းဆောင်မှုသင်တန်းတွေပေးသလို ကိုယ်ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးဖို့ စီမံချက်ကို ရေးဆွဲတတ်အောင်လည်း သင်ပေးတယ်၊ နောက်ပြီး ကျေးရွာပြည်သူတွေ စုပေါင်းဆောင်ရွက်တတ်အောင်၊ ကိုယ့်ကျေးရွာကို ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင်လုပ်မလဲဆိုတဲ့ အတွေးအခေါ်ပိုင်းတွေကို သင်ကြားပေးပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။

**ရွာသူရွာသားများသည် နိုးကြားတက်ကြွပြီး အလုပ်လုပ်ချင်စိတ်ရှိသူများ ဖြစ်ရမည်၊ ကျေးရွာများသည် မြို့နှင့် အလှမ်းသိပ်မဝေးသည့် နေရာများတွင် တည်ရှိရမည်၊ တစ်ရွာနှင့် တစ်ရွာ သွားလာသည့်အခါ မဝေးသည့်ကျေးရွာများ ဖြစ်ရမည်၊ ရွာတစ်ရွာတွင် အိမ်ထောင်စု ၁၀၀ မှ ၃၀၀ အတွင်းရှိသည့် ကျေးရွာများ ဖြစ်ရမည်၊ စိုက်ပျိုးရေးတွင် အခြေခံကောင်းများရှိသည့် ကျေးရွာများ ဖြစ်ရမည်**

စီမံကိန်းကျေးရွာ ၁၁၀ တွင် ပထမနှစ်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေး စသောခေါင်းစဉ်များအလိုက် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ အကဲဖြတ်အမှတ်ပေးကာ ထူးချွန်သောကျေးရွာများကို A အဆင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ B အဆင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပိုမိုထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

### အကဲဖြတ်အမှတ်ပေး

ထိုသို့ အကဲဖြတ်အမှတ်ပေးရာတွင် အဓိကအားဖြင့် အရေအတွက်ပိုင်းဆိုင်ရာ အမှတ်ပေးခြင်းအတွက် ကျေးရွာများတွင် ဆောင်ရွက်ထားသော လုပ်ငန်းခေါင်းစဉ်ခွဲသုံးခုအလိုက် စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍတွင် အစည်းအဝေးကျင်းပနိုင်မှု၊ သင်တန်းဖွင့်လှစ်နိုင်မှု၊ လေ့လာရေးသွားရောက်နိုင်မှု၊ သတင်းအချက်အလက်ထုတ်ပြန်နိုင်မှုဆိုသည့် အချက်များအပေါ် မူတည်ပြီး အမှတ်ပေးသွားခြင်းဖြစ်ကြောင်း၊ ထို့အတူ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတွင် စီမံကိန်းလုပ်ငန်းများပြီးစီးမှု၊ ကျေးရွာမှ လုပ်အားငွေ၊ ပစ္စည်းများထည့်ဝင်မှု၊ ကျေးရွာသန့်ရှင်းရေး စုပေါင်းဆောင်ရွက်မှုစသော အချက်များပေါ်မူတည်၍ အမှတ်ပေးသွားခြင်းဖြစ်ကြောင်း၊ ဝင်ငွေတိုးပွားရေးလုပ်ငန်းများတွင်လည်း ရန်ပုံငွေတိုးပွားလာမှု၊ ပါဝင်သည့် အိမ်ထောင်စုဦးရေ၊ အစုအဖွဲ့လုပ်ငန်းဆောင်ရွက်မှုများ စသည့် လက်တွေ့ဆောင်ရွက်ထားရှိမှုများအပေါ်မူတည်ပြီး ၇၀ ရာခိုင်နှုန်း အမှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အရည်အသွေးပိုင်းဆိုင်ရာ အနေဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ တက်ကြွစွာပါဝင်မှု၊ ခေါင်းဆောင်မှုတို့အပေါ် ရုံးချုပ်နှင့် စီမံကိန်းမန်နေဂျာ ကိုရီးယားလူငယ် လုပ်အားပေးများက ၂၀ ရာခိုင်နှုန်း အကဲဖြတ် အမှတ်ပေးကြောင်း သိရှိရသည်။

"ကျေးရွာခေါင်းဆောင် ရွေးချယ်ဖို့နဲ့ ကော်မတီဖွဲ့စည်းဖို့ လူရွေးချယ်ပေးတဲ့အခါမှာလည်း ကျေးရွာလူထုအားလုံးပါဝင်တဲ့ ရွေးချယ်မှုမျိုးတွေနဲ့ ရွေးချယ်ပေးခဲ့ပါတယ်၊ မိမိကျေးရွာရဲ့ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ကျေးရွာရဲ့ ဝင်ငွေတိုးပွားရေးအဖွဲ့၊ ကျေးရွာသူ ကျေးရွာသားတွေရဲ့စွမ်းဆောင်မှုမြင့်မားရေးအဖွဲ့ ဆိုပြီး ဖွဲ့စည်းခဲ့ပါတယ်၊ အဲဒီလို ရွေးချယ်ထားတဲ့သူတွေကို ခုနကသင်တန်းတွေမှာ တက်ရောက်စေခဲ့ပါတယ်၊ ပထမရွေးချယ်ထားတဲ့ ရွာပေါင်း ၁၀၀ အတွက် ၂၀၁၆ ခုနှစ်မှာ တစ်ရွာကို ကွိုက်ကာကနေပြီး အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကို သူတို့ချမှတ်ထားတဲ့ စီမံကိန်းအကောင်အထည်ဖော်နိုင်ဖို့အတွက် ကျေးရွာအသီးသီးကို တိုက်ရိုက်ချပေးခဲ့ပါတယ်၊ အဲဒီမှာ ပတ်ဝန်းကျင်ဖွံ့ဖြိုးရေးအပိုင်းမှာ ၆၅ ရာခိုင်နှုန်း၊ ဝင်ငွေတိုးပွားရေးမှာ ၃၀ ရာခိုင်နှုန်း၊ စွမ်းဆောင်ရည်မြင့်မားရေးမှာ ငါးရာခိုင်နှုန်းဆိုပြီး ခွဲဝေသုံးစွဲစေခဲ့ပါတယ်၊ ၆၅ ရာခိုင်နှုန်းက လမ်းတွေ၊ တံတားတွေ၊ ကျေးရွာခန်းမတွေ ဆောက်မယ်၊ ၃၀ ရာခိုင်နှုန်းက စိုက်ပျိုးရေး၊ မွေးမြူရေးတွေမှာ အသေးစားချေးငွေလုပ်ငန်းတွေ လုပ်ကိုင်ကြတယ်၊ ငါးရာခိုင်နှုန်းကတော့ ရွာမှာ သင်တန်းတွေပေးဖို့၊ အစည်းအဝေးတွေ လုပ်ဖို့အတွက် အသုံးပြုကြတယ်၊ ဒါက ၂၀၁၆ ခုနှစ်မှာ ချမှတ်ထားတဲ့ သူတို့ရေးဆွဲထားတဲ့ စီမံချက်အရ အသုံးပြုရတာ ဖြစ်ပါတယ်၊ တချို့တတ်နိုင်တဲ့ ရွာတွေက ကျေးရွာကပြည်သူလူထုပါ တတ်နိုင်သလောက် ထည့်ဝင်ကြတာတွေရှိတယ်၊ တချို့ကလည်း ရွာမှာ အသင်းဝင်ကြေးအနေနဲ့ တစ်ယောက်ကို ၂၀၀၀၊ ၃၀၀၀ ဆိုပြီး ကောက်ခံပြီး ဝင်ငွေတိုးပွားရေးအတွက် ဆောင်ရွက်ကြတယ်၊ တချို့ ပိုက်ဆံမရှိတဲ့သူကလည်း ငွေမထည့်နိုင်ပေမယ့် လုပ်အားနဲ့ လာရောက်ဝိုင်းကူလုပ်ကြတယ်၊ ဥပမာ ကွန်ကရစ်လမ်းခင်းမယ်ဆိုရင် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်တဲ့သူကို အခကြေးငွေနဲ့ ငှားရမ်းပြီး ကျန်တဲ့ ဘိလပ်မြေသယ်၊ ကျောက်သယ်တဲ့ လုပ်ငန်းတွေမှာ ရွာသူ ရွာသားတွေ ဝိုင်းကူလုပ်ကြတယ်၊ ဒါက ပူးပေါင်းဆောင်ရွက်စေတဲ့ အလေ့အကျင့်ကိုလည်း ဖော်ဆောင်ပေးလိုက်နိုင်တယ်၊ ရွာသူ ရွာသားတွေ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေကိုပါ ပြုပြင်ပေးနိုင်တဲ့ စီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

"ဒီကျေးရွာစီမံကိန်းကြောင့် ပြောင်းလဲသွားရတာကတော့ ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး၊ ကျွန်မတို့ရွာမှာ အရင်ကထက် အများကြီး တိုးတက်ပြောင်းလဲသွားပါတယ်၊ ရွာမှာ ကွန်ကရစ်လမ်းတွေ ခင်းလာနိုင်တယ်၊ လျှပ်စစ်မီးလည်း ရလာတယ်၊ ကျေးရွာမှာ ခန်းမတွေ၊ ဆေးပေးခန်းတွေလည်း ဖြစ်လာတယ်၊ ဒါတွေကတော့ ကျွန်မတို့ရွာရဲ့ တိုးတက်ပြောင်းလဲမှုတွေပါပဲ၊ အရင်က ရွှံ့ဗွက်ထဲရုန်းပြီး မီးမှောင်မှောင်မှာ နေခဲ့ရတဲ့ဘဝကနေ လျှပ်စစ်မီးတထိန်ထိန်နဲ့ ဗွက်တောထဲ ဖြတ်စရာမလိုတော့ တစ်ရွာလုံးပျော်မဆုံးပြီပေါ့" ဟု မခိုင်က သူတို့ရွာလေး တိုးတက်ပြောင်းလဲလာပုံကို အပြုံးပီတိနှင့် ပြောပြသည်။

### အထောက်အပံ့ကောင်းတစ်ခု

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များကို ကိုယ်တိုင်ရေးဆွဲရာတွင် ကျေးရွာခေါင်းဆောင်များ အချင်းချင်းတိုင်ပင်၍ မိမိကျေးရွာအတွက် လိုအပ်သော စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရွာသူ ရွာသားများအား ချပြအတည်ပြုပြီးနောက် မိမိကျေးရွာ၏ ဖွံ့ဖြိုးရေး စီမံချက်ကို ကိုယ်တိုင်ရေးဆွဲလျက် အဆင့်ဆင့်တင်ပြအတည်ပြု အကောင်အထည်ဖော်ရကြောင်း၊ ဝင်ငွေတိုးပွားရေးဆောင်ရွက်မှုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းမှုလုပ်ငန်းများ အသေးစားငွေစုငွေချေးပုံစံဖြင့် ချေးငွေများကို ကျေးရွာလူထုမှ သဘောတူထားသော ပမာဏနှင့် အတိုးနှုန်းအတိုင်းထုတ်ချေးခြင်းများ ဆောင်ရွက်ရကြောင်း သိရသည်။

အဆိုပါစီမံကိန်းမှာ ကျေးလက်နေပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုကိုသာမက စိတ်ပိုင်းဆိုင်ရာကို ပြောင်းလဲပေးနိုင်သည့်အတွက် မြန်မာနိုင်ငံအတွက် တန်ဖိုးရှိသည့် စီမံကိန်းပင်ဖြစ်သည်။ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းမှ တစ်ဆင့် ကျေးလက်နေပြည်သူများမှာ စုပေါင်းဆောင်ရွက်တတ်စိတ်၊ ခေါင်းဆောင်ကောင်းဖြစ်စေသည့်စိတ်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့်အတွက် ၎င်းတို့၏ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေပါ တိုးတက်လာသည်ကိုလည်း တွေ့မြင်ရ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းတစ်ခုပင်ဖြစ်သည်။

ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာမှုသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ မြှင့်တင်ပေးနိုင်သည့် ဆေးမားလ်အူအွန်ဒုံစီမံကိန်းသည် မြန်မာ့ကျေးလက်နေ လူတန်းစားများအတွက် လူနေမှုဘဝ တိုးတက်ပြောင်းလဲလာနိုင်သည့် စီမံကိန်းကောင်းတစ်ခုပင်ဖြစ်သည်။ စီမံကိန်းတွင် မပါဝင်သေးသည့် ကျန်ကျေးရွာများလည်း ယင်းစီမံကိန်း၏ တိုးတက်ပြောင်းလဲလာသည့် အသီးအပွင့်များကို ခံစားလာနိုင်အောင် စီမံကိန်းတွင် ပါဝင်သော ကျေးရွာများကို စံနမူနာယူကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်နှင့် လုပ်ကိုင်နိုင်ကြရန် လိုအပ်ပါသည်။ ဆေးမားလ်အူအွန်ဒုံစီမံကိန်း ကြောင့် ဘဝအခြေအနေ တိုးတက်ပြောင်းလဲသွား သည့် အိမ်ဆိုင်ပိုင်ရှင်မလေး မခိုင် ကဲ့သို့ပင် နောက်ထပ် မခိုင် ပေါင်းများစွာ ပေါ်ပေါက်လာနိုင်ပါစေရန် ဆန္ဒပြုရင်း။ ။

# ငြိမ်းချမ်းသာယာ ကျောက်စိမ်းလိုဏ်ဂူတော်ကြီး ဖွင့်လှစ်

**မန္တလေး ဧပြီ ၁၄**



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာရှိ ဝေရောစန ကျောက်စိမ်း စေတီတော်အတွင်း တည်ဆောက်လှူဒါန်းခဲ့သော ငြိမ်းချမ်းသာယာ ကျောက်စိမ်းလိုဏ်ဂူတော်ကြီး ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်နံနက် ၉ နာရီခွဲက အဆိုပါလိုဏ်ဂူတော်မုခ်ဦးရှေ့တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်သီနှင့် အတွင်းရေးမှူး ဦးထွန်းထွန်းဦးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝေရောစန ကျောက်စိမ်း စေတီတော်နှင့် ငြိမ်းချမ်းသာယာ ကျောက်စိမ်းလိုဏ်ဂူတော် အလှူရှင် ဦးစိုးနိုင်နှင့် မိသားစုဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး တိုင်းဒေသကြီး သာသနာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လှိုင်က မင်္ဂလာအခါတော်ကြား စာတမ်းကို ဖတ်ကြားပူဇော်သည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေး မြို့တော်ဝန် ဒေါက်တာရဲလွင်၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သီတို့က ငြိမ်းချမ်းသာယာ ကျောက်စိမ်းလိုဏ်ဂူတော်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးကို ရည်ရွယ်၍ ငြိမ်းချမ်းသာယာ ကျောက်စိမ်း လိုဏ်ဂူတော်ကြီး မော်ကွန်းကျောက်စာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူးတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရေများဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ယင်းနောက် ငြိမ်းချမ်းသာယာ ကျောက်စိမ်း လိုဏ်ဂူတော်ကြီးဖွင့်ပွဲ မင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုး ရွှာသွန်းဖြိုးကြပြီး ကျောက်စိမ်းလိုဏ်ဂူတော်အတွင်း လှည့်လည်ကြည့်ရှုရာ အလှူရှင် ဦးစိုးနိုင်က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မော်လမြိုင်မြို့ ကျိုက်မရောအကျဉ်းထောင်မှ နိုင်ငံခြားသားတစ်ဦး လွတ်ရက်ပြည့်၍ ပြန်လည်လွှတ်ပေး

**မော်လမြိုင် ဧပြီ ၁၄**

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အရှေ့တပ်မြေလမ်း ကျိုက်မရောအကျဉ်းထောင်(မော်လမြိုင်)မှ လွတ်ရက်ပြည့်နိုင်ငံခြားသားတစ်ဦးကို ဧပြီ ၁၂ ရက် နံနက် ၉ နာရီခွဲက ပြန်လည်လွှတ်ပေးခြင်း အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျိုက်မရောအကျဉ်းထောင်(မော်လမြိုင်)မှ တာဝန်ခံအရာရှိ ဦးတင်ချို၊ အထူးသတင်းတပ်ဖွဲ့မှ ရဲအုပ်မောင်မောင်လင်း၊ မွန်ပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဒုဦးစီးမှူး ဦးစိုးအောင်နှင့် လွတ်ရက်ပြည့် ထိုင်းနိုင်ငံအကျဉ်းသား မစ္စတာဗစ်တိုးအာခါလခူစမွန်ခွန်အပါအဝင် ၃၀ ခန့် တက်ရောက်ခဲ့ကြပြီး တာဝန်ခံအရာရှိ ဦးတင်ချိုက ဆုံးမသြဝါဒစကားပြောကြားသည်။ ထိုင်းနိုင်ငံ အကျဉ်းသားမစ္စတာဗစ်တိုးအာခါလခူစမွန်ခွန်သည် ထိုင်းနိုင်ငံ ပက်ဖလောင်းမြို့နယ် ဘန်ကပိရပ်တွင် နေထိုင်၍ အမှုကြီးအမှတ်စဉ် မတရရေး ၅၅၄/ ၂၀၁၆ ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး(လက်တလော)ပြဋ္ဌာန်းချက်များ ဥပဒေပုဒ်မ (၁၃/က)ဖြင့် ထောင်ဒဏ်နှစ်နှစ်ကျခံခဲ့ရပြီး ယခုအခါ လွတ်ရက်ပြည့်သွားပြီဖြစ်သောကြောင့် ပြန်လည်လွှတ်ပေးခဲ့ပြီး မွန်ပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယဦးစီးမှူးဦးစိုးအောင်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

# ဖျာပုံမြို့၌ ဆိုင်ကယ်ဘေးတွဲ၊ နောက်တွဲများ အရေးယူသွားရန် စီစဉ်လျက်ရှိ

**ဖျာပုံ ဧပြီ ၁၄**

မြန်မာပြည်တစ်ဝန်း မြို့ပြများတွင်မက ကျေးလက်များတွင် ဆိုင်ကယ်၏ ဘေးနှင့် နောက်ဘက်တို့တွင်တွဲလျက် လူတင်ရန်၊ ကုန်ပစ္စည်းတင်ရန်နှင့် ရေသယ်ယာဉ်အဖြစ် အသုံးပြုနေကြသည့် ဆိုင်ကယ်ဘေးတွဲနှင့် နောက်တွဲများကို မြင်တွေ့နေရသည်။

တစ်နယ်နှင့်တစ်နယ် တည်ဆောက်ထားသည့် စနစ်မတူညီကြသဖြင့် အန္တရာယ်များကြောင်း၊ အချို့ဆိုင်ကယ်က လိုင်စင်ရှိပြီး အချို့ဆိုင်ကယ်က လိုင်စင်မရှိ၍ ယာဉ်တိုက်မှု ဖြစ်ပေါ်လာပါက တာဝန်ရှိသူများမှ တစ်ပြေးညီအရေးယူဆောင်ရွက်ရန် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း ကြားသိရသည်။

ပုံစံအမျိုးမျိုးဖြင့်ဆိုင်ကယ်၏ ဘေးနှင့် နောက်ဘက်တို့တွင် တွဲလျက်တပ်ဆင်ထားသည့် ယာဉ်များနှင့်ပတ်သက်၍ ဧပြီ ၁၂ ရက်က ဖျာပုံခရိုင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက“ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေပုဒ်မ-၂၄အရ ယာဉ်တည်ဆောက် မှု ညွှန်ကြားချက်နှင့် မညီညွတ်သည့် ယာဉ်များဟူ၍ ပုဒ်မပြဋ္ဌာန်းထားပြီး ၂၀၁၅ခုနှစ် မော်တော်ယာဉ်နည်းဥပဒေပုဒ်မ-၆၅ အရ ဒဏ်ငွေသုံးသောင်းကျပ်အထိ သတ်မှတ် ထားကြောင်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့က စစ်ဆေးဖမ်းဆီးပြီး တင်ပြလာပါက ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် လိုအပ်သည်များ စစ်ဆေးပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဆက်လက်အရေးယူရမည်ဖြစ်ကြောင်း ပြောသည်။

ဖျာပုံခရိုင် ယာဉ်ထိန်းတာဝန်ခံ အမှတ်(၈၀) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူးရဲအုပ်ဇာနည်ထွန်းက “ဆိုင်ကယ်ဘေးတွဲ၊ နောက်တွဲယာဉ်များနှင့် ပတ်သက်၍၂၀၁၅ ခုနှစ်မော်တော်ယာဉ်ဥပဒေနှင့်မညီညွတ်ကြောင်း၊ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြောသည်။ အချို့မြို့များတွင် ဆိုင်ကယ်ဘေးတွဲနှင့် နောက်တွဲများ ဖမ်းဆီး၍ဒဏ်ငွေကျပ် နှစ် သောင်းပေးဆောင်စေပြီး ဘေးတွဲ၊ နောက်တွဲများကို ဖြုတ်ယူသိမ်းဆည်း၍ လိုင်စင်ရှိသည့် ဆိုင်ကယ်များ ပြန်လည်ပေးအပ်ပြီး လိုင်စင်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေသည်။

**အောင်ဝင်း(ဖျာပုံ)**



# အရည်အသွေးကောင်းမွန်ပြီး အာဟာရပြည့်ဝသော အစားအစာများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၄**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရန်၊ မျိုးစေ့အပါအဝင် သွင်းအားစု စရိတ်သက်သာပြီး အထွက်နှုန်းနှင့် သီးနှံအရည်အသွေး တိုးတက်စေမည့် စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲကျင့်သုံးဆောင်ရွက်ရေးအတွက် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည်တို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တောင်သူလယ်သမားများက ထုတ်လုပ်လိုက်သည့် သီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်မှုစနစ်ကို အခြေခံ၍ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးကောင်းမွန်ပြီး အာဟာရပြည့်ဝသော အစားအစာများ စံချိန်စံညွှန်းပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့အတွက်လည်း နိုင်ငံတကာနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် နယ်သာလန်-ဂျာမန် လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(The Deutsche Gesellshafd for Internationale Zusammen-arbeit- GIZ) တို့ ပူးပေါင်းဆောင်ရွက်မည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစားအစာအရည်အသွေးမြင့်မားရေးဆိုင်ရာ စီမံကိန်း (Sustainable Agricultural Development and Food Quality Initiative Project-SAFI) သဘောတူညီမှုလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဧပြီလ ဒုတိယပတ်က နေပြည်တော် ရုံးအမှတ် ၁၅ ရှိ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ GIZ မှ Country Director ဖြစ်သူ Dr. Petra Schill ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ခေတ်သစ်အစားအစာ ဈေးကွက် လိုအပ်ချက်အရ မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုစနစ်ကို အခြေခံ၍ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် အရည်အသွေး ကောင်းမွန်ပြီး အာဟာရ ပြည့်ဝသော အစားအစာများ စံချိန်စံညွှန်းပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့အတွက် ရည်ရွယ်၍ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစားအစာအရည်အသွေးမြင့်မားရေးဆိုင်ရာစီမံကိန်း (SAFI) ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် GIZ မှ Country Director ဖြစ်သူ Dr. Petra Schill တို့က နှစ်ဖက် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ပုတိမ်ရိုးကျေးရွာ၌ တပ်မတော်နယ်လှည့် ဆေးကုသပေး

**သုဝဏ္ဏဝတီ ဧပြီ ၁၄**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပုတိမ်ရိုးကျေးရွာ အထက(ပုတိမ်ရိုး)



ကျောင်း၌ ဧပြီ ၁၂ ရက် နံနက် ၈ နာရီမှ စတင်၍ အမှတ်(၅)စစ်မြေပြင် ဆေးတပ်ရင်း(မော်လမြိုင်)နှင့် အမှတ်(၅)တပ်မတော်ဆေးရုံ ခုတင်(၃၀၀)တို့ ပူးပေါင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးကုသအဖွဲ့သည် လူနာပေါင်း စုစုပေါင်း ၂၁၂ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုများ ပေးခဲ့သည့်အပြင် ထောက်ပံ့ပစ္စည်းဖြစ်သော ကြက်ဥများ၊ သတင်းစာ/ ဂျာနယ်များ ပေးအပ်ခဲ့သည့်အပြင် ဆေးဝါးကုသမှု ထပ်မံလိုအပ်သူ လူနာများအား ဆက်လက်ကုသနိုင်စေရန်အတွက် လွှဲပြောင်းကုသမှုကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ခွဲစိတ်ကုသမှု၊ အရိုး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိ၊ သွား၊ သားဖွား/ မီးယပ်၊ အထွေထွေရောဂါများအား ခေတ်မီစက်ကိရိယာများဖြင့် နယ်လှည့်တပ်မတော် အထူးကုအဖွဲ့မှ အထူးကုဆရာဝန်ကြီး ကိုးဦး၊ သူနာပြုအရာရှိ သုံးဦးနှင့်အတူ တပ်မတော်ဆေးဝါးကျွမ်းကျင်သူ လေးဦးတို့က ဒေသခံပြည်သူများအား ကုသပေးခဲ့ပြီး နယ်မြေခံတပ်ရင်းမှ အရာရှိ/စစ်သည်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာ ၂၈ ရွာ နှစ်ပတ်လည်သုံးသပ်ဆွေးနွေး

**ကျောက်ဖြူ ဧပြီ ၁၄**

ကျောက်ဖြူမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာ ၂၈ ရွာ၏ နှစ်ပတ်လည် သုံးသပ်ဆွေးနွေးပွဲကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၆ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့် မြစိမ်းရောင်အကောင်အထည်ဖော်ဆောင်ရေး ကော်မတီဝင်များနှင့် ကျေးရွာ ၂၈ ရွာမှ မြစိမ်းရောင်ကျေးရွာ အကောင်အထည်ဖော်ဆောင်ရေး ကော်မတီဝင်များ တက်ရောက်ပြီး ကျေးရွာ၏ အားနည်းချက်၊ အားသာချက်များနှင့် ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များကို ထောက်ပြဆွေးနွေး ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ကြက်ခြေနီအမှတ်အသား ပေါ်ပေါက်လာပုံနှင့် အသုံးပြုပုံများ

**ဟင်နရီဒူးနန့်၏ ဆိုဖာရီနိုသတိရဖွယ် စာအုပ်ထွက်ရှိပြီး ၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဟုခေါ်တွင်မည့် ဂျီနီဗာလူကြီးလူကောင်းများအဖွဲ့ကို ဖွဲ့စည်းခဲ့၏။ ယင်းအဖွဲ့မှ ဦးဆောင်ကာ ဂျီနီဗာမြို့တွင် နိုင်ငံတကာဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် စစ်မြေပြင်၌ စေတနာ့ဝန်ထမ်း သူနာပြုစုသူများသည် လူနာများ ပြုစုစောင့်ရှောက်ရာတွင် မည်သည့်ဘက်မှ ဘက်မလိုက်ကြောင်း သိရှိရန် ထင်ရှားပြီး ကြားနေအမှတ်သားတစ်ခု သတ်မှတ်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြ၏။**

ယင်းအမှတ်အသားသည် ရှင်းလင်းပြတ်သားပြီး အဝေးမှ မြင်လျှင် သိနိုင်ရမည့်အပြင် ရန်သူမိတ်ဆွေ မခွဲခြားသည့် သဘောသက်ရောက်သော အမှတ်အသားဖြစ်ရန်လည်း လိုအပ်သည်။

ရှေးအခါက အလံဖြူကို လက်နက်ချသူနှင့် စေ့စပ်ဆွေးနွေးသူများက သုံးစွဲခဲ့ကြ၏။ ထုံးတမ်းဓလေ့ဥပဒေအရ အလံဖြူပြသူအား၊ အရှုံးပေးအညံ့ခံသူအဖြစ် သတ်မှတ်ကြသည်။ ထို့အပြင် တိုက်ခိုက်မှု သို့မဟုတ် ငြင်းခုံမှုများတွင်လည်း အလံဖြူကိုပြကာ စေ့စပ် ဆွေးနွေးခဲ့ကြသည်။

ဂျီနီဗာ လူကြီးလူကောင်းများအဖွဲ့၏ ငါးဦးကော်မတီဝင်တစ်ဦးဖြစ်သူ ဒေါက်တာ လူးဝစ်အပီးယားက အကြံပြုရာတွင် စစ်မြေပြင်ဆေးအဖွဲ့များသည် အဖြူရောင်အောက်ခံပေါ်တွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပါသော လက်ပတ်ကို သင့်လျော်မည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ထို့အပြင် ကြက်ခြေနီအတွေးအခေါ်နှင့် ယင်းလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သူ ဟင်နရီဒူးနန့်မှာ ဆွစ်ဇာလန်နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံတကာကြက်ခြေနီအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် စတင်ကျင်းပခဲ့ခြင်းတို့ကြောင့် ဂုဏ်ပြုသည့်အနေဖြင့် ဆွစ်ဇာလန်နိုင်ငံအလံကို ပြောင်းပြန်လှန်ကာ အဖြူရောင်အောက်ခံတွင် အနီရောင်ကြက်ခြေခတ်ကို ပြောင်းလဲကာ သတ်မှတ်သင့်ကြောင်း အကြံပြုခဲ့ကြသည်။

**နိုင်ငံအတော်များများက လက်ခံသုံးစွဲလာ**

၁၈၆၄ ခုနှစ်တွင်ကျင်းပသော သံတမန်ညီလာခံတွင် ဥရောပ ၁၂ နိုင်ငံတို့က လက်မှတ်ရေးထိုးကာ ဂျီနီဗာအများသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်အရ ကြက်ခြေနီအမှတ်အသားကို လက်နက်ကိုင်အဖွဲ့များ၏ ဆေးတပ်ဖွဲ့များက ကြားနေအမှတ်အသားအဖြစ် သတ်မှတ် သုံးစွဲရန် ပြဋ္ဌာန်းခဲ့သည်။

ကြက်ခြေနီအမှတ်အသားကို ၁၈၆၄ ခုနှစ်တွင် ဖြစ်ပွားသော ရှဲယ်ဆင်းနှင့် ဟော်စတန်စစ်ပွဲတွင် ပရပ်ရှား၊ ဩစတြီးယားနှင့် ဒိန်းမတ်စစ်မြေပြင်ဆေးအဖွဲ့များက ပထမဆုံး အသုံးပြုခဲ့၏။ ထိုစစ်ပွဲသို့ ငါးဦးကော်မတီမှ ဒေါက်တာလူးဝစ်အပီးယားကိုစေလွှတ်ခဲ့ရာ ကြက်ခြေနီလက်ပတ်ကို တပ်ဆင်ကာ သွားရောက်ခဲ့၏။ သို့နှင့်ကြက်ခြေနီဟူသော အမည်သညာသည် ကမ္ဘာတစ်ဝန်းတွင် ကျယ်ပြန့်လာကာ နိုင်ငံအတော်များများက လက်ခံသုံးစွဲလာကြသည်။

သို့သော် တူရကီနိုင်ငံကမူ ကြက်ခြေနီအမှတ်အသားသည် ခရစ်ယာန်ဘာသာရေး အမှတ်အသားနှင့် ဆင်တူသယောင်ရှိနေ၏၊ သို့အတွက် အစ္စလာမ်ဘာသာ ကိုးကွယ်သော နိုင်ငံများအနေဖြင့် မိမိတို့အထွတ်အမြတ်အမှတ်အသားဖြစ်သော လခြမ်းနီအမှတ်အသားကို ကြက်ခြေနီအစား အသုံးပြုရန် တင်ပြခဲ့သည်။

**တူရကီဆေးအဖွဲ့များက စတင်အသုံးပြုခဲ့**

၁၇၇၆ ခုနှစ် အော်တိုမင်အင်ပါယာ ဘော်လကန်ဒေသတွင်ဖြစ်ပွားသော ရုရှားနှင့် တူရကီစစ်ပွဲတွင် လခြမ်းနီအမှတ်အသားကို တူရကီဆေးအဖွဲ့များက စတင်အသုံးပြုခဲ့၏။ ၁၉၉၈ ခုနှစ်တွင် ဖြစ်ပွားသော စပိန်နှင့်အမေရိကန်စစ်ပွဲတွင် စစ်သင်္ဘောများ၌ ကြက်ခြေနီအလံကို စတင်အသုံးပြုခဲ့ကြပြီး၊ ပထမ ကမ္ဘာစစ်အတွင်း၌လည်း ဆေးအဖွဲ့များရှိ ဆရာဝန်၊ သူနာပြု၊ သူနာတင်ယာဉ်နှင့် ယာဉ်မောင်းသူတို့ ကြက်ခြေနီတံဆိပ်ကို တပ်ဆင်ခဲ့ကြသည်။

ပါရှားနိုင်ငံ (အီရန်နိုင်ငံ)ကမူ မိမိတို့နိုင်ငံ အမှတ်အသားဖြစ်သော ခြသေ့်နှင့်နေဝန်းနီအမှတ်အသားကို အသုံးပြုရန် တင်ပြလာ၏။ သို့အတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက ၁၈၂၄ ခုနှစ်တွင် အသုံးပြုခွင့်ပေးခဲ့၏။ သို့သော်လည်း ၁၉၈၀ ပြည့်နှစ်တွင်မူ လခြမ်းနီအမှတ်အသားကို ပြောင်းလဲသုံးစွဲခဲ့သည်။ ၁၉၂၉ ခုနှစ် ဂျီနီဗာအများသဘောတူစာချုပ်တွင် အဆိုပါ နိုင်ငံများ၏ တောင်းဆိုချက်များကို သီးသန့်ထည့်သွင်းစဉ်းစားကာ ၁၉၄၉ ခုနှစ်တွင် ပြန်လည်သုံးသပ်ရေးဆွဲကြရာ ပထမစာချုပ်၏ အပိုဒ် ၃၈ အရ အဖြူရောင် အောက်ခံတွင် ကြက်ခြေနီ၊ လခြမ်းနီ၊ ခြသေ့်နှင့်နေဝန်းနီ အမှတ်အသားများကို အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြသည်။

ကြက်ခြေနီနှင့်လခြမ်းနီဟူ၍ အမှတ်အသားနှစ်မျိုးကို သုံးစွဲနေကြသော်လည်း အဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ လုပ်ငန်းရပ်များမှာအတူတူပင်ဖြစ်၏။ အမျိုးသားကြက်ခြေနီအသင်း၊ အမျိုးသားလခြမ်းနီ အသင်းဟူ၍ သတ်မှတ်ခေါ်ဝေါ်ကြ၏။ အစ္စလာမ်ဘာသာကိုးကွယ်သော နိုင်ငံများက လခြမ်းနီအမှတ်အသားကို အသုံးပြုကြပြီး အခြားဘာသာကိုးကွယ်သော နိုင်ငံများတွင် ကြက်ခြေနီတံဆိပ်ကို သုံးစွဲခဲ့ကြ၏။ ရုရှားနိုင်ငံတွင်မူ တံဆိပ်နှစ်မျိုးစလုံးကို အသုံးပြုသည်။

ကြက်ခြေနီလှုပ်ရှားမှုတွင် ကြက်ခြေနီနှင့် လခြမ်းနီ အမှတ်အသားကို လက်ခံအသုံးပြုလာခဲ့ရာမှ အစ္စရေးနိုင်ငံက အနီရောင် ခရစ္စတယ်အမှတ်အသားကို အသုံးပြုခွင့်ပေးရန် တောင်းဆိုတင်ပြလာ၏။ သို့နှင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ညီလာခံတွင် အဆိုပါတံဆိပ်အား ၁၉၄၉ ခုနှစ် ဂျီနီဗာအများသဘောတူစာချုပ်၏ နောက်ဆက်တွဲ တတိယစာချုပ်အဖြစ်



Red Cross Red Crescent Red Crystal

လက်ခံခဲ့ကြသည်။

အဆိုပါ အနီရောင်ခရစ္စတယ်အမှတ်အသားမှာ၊ စတုရန်းပုံ အနီရောင်ပုံသဏ္ဌာန်ဖြစ်ပြီး အဖြူရောင် အောက်ခံပေါ်တွင် ရေးဆွဲထားကာ ထောင့်တစ်ခုဖြင့် ထောင်ထားသည့်ပုံဖြစ်သည်။ အဓိပ္ပာယ်မှာ လူမျိုးရေး၊ ဘာသာရေးနှင့် အခြားမည်သည့် ဩဇာသက်ရောက်မှုမှ မရှိခြင်းကို ဖော်ညွှန်းသည်။ ယင်းကို ၂၀၀၆ ခုနှစ် ဇွန်လ ၂၀ရက်နေ့မှ ၂၃ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသော (၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ညီလာခံမှ အတည်ပြုကာလက်ခံခဲ့၏။ ထို့အပြင် အစ္စရေးနိုင်ငံနှင့် ပါလက်စတိုင်းနိုင်ငံတို့အား အမျိုးသား ကြက်ခြေနီအသင်းများအဖြစ် အသိအမှတ်ပြုခဲ့သည်။ အဆိုပါ ကြက်ခြေနီအမှတ်အသားအသစ်တစ်ခုဖြစ်သော အနီရောင်ခရစ္စတယ်အမှတ်အသား (Red Crystal) ကို အစ္စရေးနိုင်ငံက အသုံးပြုလျက်ရှိသည်။

**ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ အမှတ်အသားမဟုတ်**

ကြက်ခြေနီနှင့် လခြမ်းနီအမှတ်အသားသည် စစ်မက်ဖြစ်ပွားချိန်၌လည်းကောင်း၊ ဘေးအန္တရာယ်ကျရောက်ချိန်၌ လည်းကောင်း၊ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီများ ဖက်ဒရေးရှင်း၊ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများမှ လူပုဂ္ဂိုလ်များနှင့် တပ်မတော်ဆေးဝန်ထမ်းများက လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရသည်။ ကြက်ခြေနီအမှတ်အသားသည် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ အမှတ်အသားမဟုတ်ပေ။ ထိုအမှတ်အသားကို မည်သူတို့က မည်သည့်အချိန်တွင်၊ မည်သို့ အသုံးပြုရမည်ကို နိုင်ငံတကာဥပဒေနှင့် သက်ဆိုင်ရာ နိုင်ငံ ဥပဒေများတွင် ပြဋ္ဌာန်းပေးထား၏။ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်နေသူများအနေဖြင့် ဤအမှတ်အသားကို အသုံးပြုနေခြင်းသည် ကြက်ခြေနီအခြေခံမူ (၇)ချက်နှင့် အညီ လုပ်ကိုင်နေခြင်းဖြစ်ကြောင်း အဓိပ္ပာယ်သက်ရောက်စေသည်။

ဂျီနီဗာအများသဘောတူစာချုပ်များအရ ပေါ်ပေါက်လာသော ကြက်ခြေနီနှင့် လခြမ်းနီအမှတ်အသားကို -

၁ ။ ရည်ညွှန်းဖော်ပြလိုမှု (Indicative Used)

၂ ။ အကာအကွယ်ရယူလိုမှု (Protective Used) အတွက် အသုံးပြုသည်။

**ရည်ညွှန်းဖော်ပြလိုမှုအတွက် အသုံးပြုခြင်း**

ငြိမ်းချမ်းစဉ်ကာလ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်အပြည်ဆိုင်ရာ လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ ယင်းတို့နှင့် ဆက်နွယ်ကာ ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်သော လူပုဂ္ဂိုလ်များ၊ အဆောက်အအုံများ၊ ယာဉ်များတွင် တပ်ဆင်နိုင်သည်။ ရည်ညွှန်းဖော်ပြလိုမှုအတွက် ကြက်ခြေနီအမှတ်အသားကို တပ်ဆင်ဖော်ပြရာတွင် အဆိုပါ လူပုဂ္ဂိုလ်၊ အဆောက်အအုံ၊ ပစ္စည်းကိရိယာတို့သည် ကြက်ခြေနီအဖွဲ့ သို့မဟုတ် ကြက်ခြေနီပိုင်လုပ်ငန်းများနှင့် နီးနွယ်ပတ်သက်နေရမည် ဖြစ်သည်။ ရည်ညွှန်းဖော်ပြလိုမှုအတွက် ရည်ရွယ်ကာ အသုံးပြုသည့်အတွက် ဂျီနီဗာအများသဘောတူစာချုပ်များ သို့မဟုတ် ယင်းနောက်ဆက်တွဲ စာချုပ်များအားဖြင့် ရရှိနိုင်သည့် အကာအကွယ်ပေးမှုမျိုးကို ခံစားပိုင်ခွင့်မရရှိနိုင်ပေ။ ရည်ညွှန်းဖော်ပြခြင်းမျိုးဖြစ်သည့်အတွက် တပ်ဆင်ချိတ်ဆွဲသည့်အခါ တပ်ဆင်သူ သို့မဟုတ် ပစ္စည်းအရွယ်အစားထက်နှိုင်းစာလျှင် အချိုးအစားမှာ သေးငယ်ရမည်။ (ဥပမာ-ရင်ထိုးတံဆိပ်)

ရည်ညွှန်းဖော်ပြမှုအတွက်အသုံးပြုသော အမှတ်အသားကို လက်မောင်းပတ်၊ အဆောက်အအုံခေါင်မိုးစသည်တို့တွင် ဖော်ပြအသုံးပြုခွင့်မရှိပါ။ အကာအကွယ်ရရှိရန် ရည်ရွယ်အသုံးပြုသော အမှတ်အသားဖြင့် ပုံမှားရိုက် အသုံးပြုခြင်းမျိုး လုံးဝမရှိစေရန် ရှောင်ကြဉ်ရမည်ဖြစ်သည်။ ကြက်ခြေနီနှင့် ပိုင်ဆိုင်ပတ်သက်မှုကို ရည်ညွှန်းဖော်ပြသော အမှတ်အသားတံဆိပ်ကို အသုံးပြုရာတွင် အသုံးပြုခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီရမည်။ လုပ်ငန်းဆောင်ရွက်မှုများမှာ ကြက်ခြေနီ အခြေခံမူများနှင့် ကိုက်ညီရမည်ဖြစ်သည်။

**အကာအကွယ်ရယူလိုမှုအတွက် အသုံးပြုခြင်း**

စစ်မက်ဖြစ်နေစဉ် ဂျီနီဗာအများသဘောတူစာချုပ်များနှင့် ယင်းနောက်ဆက်တွဲ စာချုပ်များအရ အကာအကွယ်ရရှိရန်အတွက် အသုံးပြုခြင်းဖြစ်၏။ ယင်းသို့ အသုံးပြုရာတွင် နှစ်ဖက်စစ်တိုက်သူများ၏ အမျိုးသားကြက်ခြေနီအသင်းဝင်များ၊ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်များ၊ အိုင်စီအာစီ ကိုယ်စားလှယ်များ၊ ဆေးရုံဆေးခန်းများ၊ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းများတွင် အသုံးပြုမည့် သူနာတင်ယာဉ်များတွင် တပ်ဆင်ရသည်။ အကာအကွယ်ရရှိရန်အတွက် ရည်ရွယ်သည့် အမှတ်အသားဖြစ်သည်နှင့်အညီ အဝေးကမြင်သာစေရန် ထင်ရှားစွာရေးဆွဲရ၏။ ရေးဆွဲချိတ်ဆွဲထားသော အဆောက်အအုံ၊ အရာဝတ္ထုများနှင့် နှိုင်းစာလျှင် အချိုးအစားအားဖြင့် ကြီးမားရမည်။ (ဥပမာ-ဆေးရုံခေါင်မိုးတွင် ရေးဆွဲထားခြင်း)၊ ကြက်ခြေနီအမှတ်အသား၏ အကာအကွယ်ပေးမှုတန်ဖိုးအား အလွဲသုံးပြုခြင်းမှ ကာကွယ်ရန်အတွက် အောက်ပါအခြေအနေမျိုးတွင်သာ တပ်ဆင်ချိတ်ဆွဲရမည်ဖြစ်သည်။

- အသုံးပြုသူများသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်အရ အသုံးပြုခြင်းဖြစ်ရမည်။
- အသုံးပြုသူများသည် သက်ဆိုင်ရာအာဏာပိုင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အသုံးပြုရမည်။
- ဆေးဘက်ဆိုင်ရာလုပ်ငန်းများအတွက် အသုံးပြုခြင်း ဖြစ်ရမည်။

ကြက်ခြေနီအမှတ်အသားကို မည်သူတို့ အသုံးပြုခွင့်ရှိသနည်း။

**ပြဋ္ဌာန်းချက်များအရ အသုံးပြုခွင့်ရှိ**

ငြိမ်းချမ်းစဉ်ကာလတွင် ရည်ညွှန်းဖော်ပြလိုမှုအတွက်၊ ကြက်ခြေနီအမှတ်အသားကို အောက်ပါအဖွဲ့အစည်းများ အသုံးပြုခွင့်ရှိသည်။ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများသည် ၁၉၉၁ ခုနှစ် အမျိုးသားအသင်းများ တံဆိပ်အမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအရ အသုံးပြုခွင့်ရှိသည်။ အသုံးပြုရာတွင် ကြက်ခြေနီအခြေခံမူများနှင့်အညီ ဖြစ်ရမည်။ အကူအညီလိုအပ်သူများကို ခွဲခြားမှုမရှိဘဲ စေတနာလုပ်အားပေးအဖြစ် ဆောင်ရွက်ပေးရမည်။

အမျိုးသားကြက်ခြေနီအသင်းများသည် ကြက်ခြေနီအမှတ်အသားအသုံးပြုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် အပိုဒ် (၂၃) အပိုဒ်ခွဲ (၁)နှင့် (၂) တို့အရ လုပ်ငန်းနှင့် ရန်ပုံငွေရှာဖွေရေးအတွက် အသုံးပြုနိုင်သည်။ ထို့အပြင် ပြဋ္ဌာန်းချက် အပိုဒ်(၂၃) အပုဒ်ခွဲ (၃) နှင့် အပိုဒ် (၂၄)၊ (၂၅) အရ ပုဂ္ဂလိကအကျိုးအမြတ်ခံစားရရှိမှုအတွက် မဟုတ်ဘဲ လူမှုရေးလုပ်ငန်းများကို ကြက်ခြေနီနှင့် ပူးပေါင်းဆောင်ရွက်သော အခြားအဖွဲ့အစည်းများလည်း အသုံးပြုခွင့်ရှိသည်။ သူနာတင်ယာဉ်များနှင့် ရှေးဦးပြုစုပေးသော ဌာနများအနေဖြင့် အမျိုးသားကြက်ခြေနီအသင်း၏ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါက တပ်ဆင်ခွင့်ပြုသည်။ သို့သော် အခမဲ့ဝန်ဆောင်မှုပေးခြင်းမျိုး ဖြစ်ရမည်။ ငြိမ်းချမ်းစဉ်ကာလတွင် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ရရှိရန်အတွက် အောက်ပါတို့တွင် အသုံးပြုခွင့်ရှိသည်။

အမျိုးသားကြက်ခြေနီအသင်းများ၏ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော ဆေးရုံများ၊ ရှေးဦးပြုစုပေးသည့် စခန်းများ၊ ဆေးဘက်ဆိုင်ရာအတွက် အသုံးပြုမည့် မော်တော်ယာဉ်၊ သင်္ဘော၊ လေယာဉ်ပျံစသည့်ယာဉ်များတွင် သက်ဆိုင်ရာအာဏာပိုင်၏ သဘောတူညီမှုဖြင့် တပ်ဆင်အသုံးပြုခွင့်ရှိသည်။ စစ်မက်ဖြစ်ပွားနေချိန်တွင် ရည်ညွှန်းဖော်ပြသော ကြက်ခြေနီအမှတ်အသားကို အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများကသာ အသုံးပြုခွင့်ရှိ၏။ ထိုသို့အသုံးပြုရာတွင် ရှုပ်ထွေးဝေဝါးမှု မရှိစေရန် သတိပြုရမည်ဖြစ်ပြီး လက်ပတ်နှင့် အဆောက်အအုံခေါင်မိုးတွင် တပ်ဆင်ခြင်း မပြုလုပ်ရပါ။ စစ်မက်ဖြစ်ပွားနေစဉ် အကာအကွယ်ရရှိရန်အတွက် ကြက်ခြေနီအမှတ်အသားကို အောက်ပါတို့တွင် အသုံးပြုတပ်ဆင်နိုင်သည်။

- **စစ်တပ်များ၏ ဆေးတပ်ဖွဲ့များ၊**
- အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများသည် သက်ဆိုင်ရာအစိုးရ စစ်ဘက်ဆိုင်ရာဆေးအဖွဲ့၏ အရန်အင်အားအဖြစ် အသိအမှတ်ပြုထားပါက အသုံးပြုနိုင်သည်။ သို့သော် စစ်ဘက်ဆိုင်ရာ ဆေးအဖွဲ့များ၏ သတ်မှတ်ချက်များကို လေးစားလိုက်နာဆောင်ရွက်ရမည်။ ဂျီနီဗာအများသဘောတူစာချုပ်များအရ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာ ဥပဒေအရ ကြက်ခြေနီအမှတ်သားနှင့် အလံကို ခွင့်ပြုခြင်းမရှိသော အောက်ဖော်ပြပါအသုံးပြုခြင်းများကို လွဲမှားစွာအသုံးပြုမှု (သို့မဟုတ်) အလွဲသုံးစားပြုမှု (Misuse) ဟု သတ်မှတ်သည်။

- **အတုအယောင်ပြုလုပ်ခြင်း (Imitation)**

ကြက်ခြေနီအမှတ်အသား (သို့မဟုတ်)တံဆိပ်နှင့် အလားတူထင်ယောင်ထင်မှားဖြစ်စေသည့် ပုံသဏ္ဌာန်နှင့် အရောင်ဖြင့် အမှတ်အသားပြုလုပ်ကာ အသုံးပြုနေမှုများ၊

- **အဓမ္မပြုခြင်း (Usurpation)**

သက်ဆိုင်ခြင်းမရှိသူများနှင့် အဖွဲ့အစည်းများက ကြက်ခြေနီအမှတ်အသားကို တပ်ဆင်ဖော်ပြ အသုံးပြုနေမှု၊ (စီးပွားရေးအဖွဲ့အစည်းများ၊ ပြင်ပဆေးရုံဆေးခန်း၊ ဆေးတိုက်၊ ဆေးဆိုင်၊ သာမန်ပုဂ္ဂိုလ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်း)

- **သစ္စာမဲ့ခြင်း(Perfidy)**

ကြက်ခြေနီအမှတ်အသား (သို့မဟုတ်) အလံကို အကာအကွယ်ယူ၍ စစ်သည်၊ လက်နက်ခဲယမ်းများအား သယ်ဆောင်ခြင်းသည် ကြီးမားသော ချိုးဖောက်မှုဖြစ်သည်။ ။

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး၊ မကွေးမြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း မူလတန်းဆင့်သင် ကျောင်းသား ကျောင်းသူအားလုံးအတွက် အခမဲ့ထောက်ပံ့ပေးရန် လိုအပ်သော ဗလာစာအုပ်များ တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့်ဗလာစာအုပ်ဒါဇင်
- (က) ၁၅၉၀၀၂ ဒါဇင်
- (ခ) **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၆-၄-၂၀၁၈ရက်(ကြာသပတေးနေ့) ၁၆း၀၀ နာရီ
- (ဂ) **တင်ဒါဖွင့်မည့်ရက်၊အချိန်** - ၂၇-၄-၂၀၁၈ရက်(သောကြာနေ့) ၁၀း၀၀ နာရီ
- (ဃ) **တင်ဒါဖွင့်မည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

၃။ တင်ဒါပုံစံများကို ၁၂-၄-၂၀၁၈ ရက်မှစ၍ ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ မကွေးမြို့**
**ဖုန်း-၀၆၃-၂၀၂၈၆၇၁၊ ၀၆၃-၂၀၂၈၃၀၈၊**
**၀၉-၄၀၁၅၀၉၈၅၉၊ ၀၉-၄၅၈၀၃၂၄၈၂**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါစက်ပစ္စည်းကိရိယာများအား ဌာနအရောက် တန်ဖိုး (D.D.P) (နေပြည်တော်)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအမည် အရေအတွက်**

| စဉ် | ပစ္စည်းအမျိုးအမည် | | အရေအတွက် |
|---|---|---|---|
| (က) | Differential GPS (Survey Grade) | | (1)Set |
| | (Base Receiver | - 1 Unit, | |
| | Rovers Receiver | - 2 Units, | |
| | External Radio System (UHF 35W) | - 1 Set, | |
| | Tripod | - 3 Nos., | |
| | Data processing Software | - 1 No.) | |
| (ခ) | Total Station (Survey Grade) | | (3)Sets |
| | (Total Station | - 1 Unit, | |
| | Circular Prism and holder | - 2 Sets, | |
| | Telescopic Carbon Fiber & Aluminum Pole | - 2 Nos., | |
| | Mini Prism Pole | - 1 No., | |
| | Tripod | - 3 Nos.) | |
| (ဂ) | Digital Level (Survey) Grade) | | (5)Sets |
| | (Digital Level | - 1 Unit, | |
| | Staves | - 2 Nos., | |
| | Tripod | - 1 No. | |
| | External Memory | - 1 No.) | |
| (ဃ) | Handheld GPS | | (10)Nos. |
| | (Channel-At least 12 channel. | | |
| | Waypoints-At least 2000 Pts | | |
| | Route-At least 200 rts) | | |
| (င) | Laser Plotter | | (1)Set |
| | Size=84cm x 118.9cm | | |
| | (A-0 Size) | | |

၂။ အိတ်ဖွင့်တင်ဒါများအား ၁၄-၅-၂၀၁၈ရက်၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၈

ဒေါ်ခင်အုန်း နှင့် ၁။ ဦးဇော်ဝင်း
၂။ ဒေါ်ခင်မာဝင်း
၃။ မောင်ဇော်ရဲအောင်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၁)ရပ်ကွက်၊ ပန်းခြံ(၂)လမ်း၊ အမှတ်(၆၀)နေ တရားပြိုင်များ ဦးဇော်ဝင်း ပါ(၃) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ခင်အုန်းက ငွေကျပ် (၃၅)သိန်းတိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၃ ရက် (၁၃၈၀ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်) နံနက် ၁၀း၀၀ နာရီတွင် အထက်ကအမည်ပါသူ တရားလို အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဧပြီ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခိုင်ကျော်စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး
## တင်ဒါခေါ်ယူရေးကော်မတီ

၁။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးလက်အောက်ရှိ မြို့နယ်များအတွက် အောက်ဖော်ပြပါ မီးသတ်လုပ်ငန်းဆိုင်ရာ ယာဉ်/စက်ပစ္စည်းများ၊ မန္တလေးတိုင်းရုံးအတွက် ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | 3D-Nozzle | ၇၀ |
| ၂ | Casualty Search (2 in 1 Camera/Detector) | ၂ စုံ |
| ၃ | Harness | ၁၀၀ ခု |
| ၄ | Search Light | ၂၃၂ ခု |
| ၅ | Pulley & MPDL | ၁၀၀ ခု |
| ၆ | Chain Saw | ၁၈ ခု |
| ၇ | BA Set | ၃၅ ခု |
| ၈ | Hydraulic Rescue Tool | ၁၀ ခု |
| ၉ | Air Shooter | ၁၀ ခု |
| ၁၀ | Air Shelter (၁၀၀ ဆံ့) | ၆ ခု |
| ၁၁ | Drilling Machtne | ၁၀၀ ခု |
| ၁၂ | Engine Cutter | ၁၀၀ ခု |
| ၁၃ | Resuce Power Generator | ၁၀ ခု |
| ၁၄ | Air Filling Bag | ၁၀ ခု |
| ၁၅ | Glass Management | ၁၀ ခု |
| ၁၆ | Stabilizer | ၁၀ ခု |
| ၁၇ | Oxygen Filling Machine | ၁၆ ခု |
| ၁၈ | မီးသတ်ဆေးဘူးဆေးဖြည့်စက် | ၇ ခု |
| ၁၉ | မီးငြိမ်းသတ်ယာဉ် | ၂၅ စီး |
| ၂၀ | မီးသတ်ရေသယ်ယာဉ် ၁၆၀၀ ဂါလန် | ၂၅ စီး |
| ၂၁ | Fire Fighting Vehicle ၂၈၀၀ ဂါလန် | ၂ စီး |
| ၂၂ | မီးသတ်ရေသယ်ယာဉ် ၃၂၀၀ ဂါလန် | ၇ စီး |

၂။ အိတ်ဖွင့်တင်ဒါနှင့် စည်းကမ်းချက်များကို ၂၃-၄-၂၀၁၈ ရက်မှစတင်၍ (ရုံးချိန်အတွင်း) မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၂၁-၅-၂၀၁၈ ရက် ၁၈း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရန်နှင့် ၃၁-၅-၂၀၁၈ ရက်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးရုံး၏ ဖုန်း-၀၂-၆၀၇၄၀၊ ၀၂-၆၀၇၃၈၊ ၀၉-၂၀၀၀၁၅၂သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃၉၇

Best Luck Co., Ltd. **နှင့်** ဦးစိုးသိန်း
ကုမ္ပဏီမှတာဝန်ပေးအပ်ခြင်းခံရသူ
ဒေါ်ပန်းနုလှိုင်(အရောင်းမန်နေဂျာ)

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၃×၆၄လမ်းကြား၊ စိန်ခြယ်လမ်း၊ ဏ-၇/၅၃နေ တရားပြိုင် ဦးစိုးသိန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက စက်ဆီ၊ ချောဆီဖိုးကျန်ငွေနှင့် နစ်နာကြေးရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၁၀ ရက် (၁၃၈၀ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၁၁ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နီဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁၅)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်တရားရုံး
### ၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁

မခန်းရာထွန်း (ခ) မမိုးဦး **နှင့်** မသန္တာမင်း

**တရားလို** **တရားပြိုင်**

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂) စေတီကုန်းရပ်နေ မသန္တာမင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မခန်းရာထွန်း(ခ)မမိုးဦးက ကတိပြုထားသော စုကြေးကျန်ငွေ ၁၅၇၉၀၀၀/- ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၁၈ ခုနှစ် ဧပြီ ၂၇ ရက် (၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သွင်းလိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယုံငိုင်ခင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ရွှေကူမြို့နယ်တရားရုံး**

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး
## တင်ဒါခေါ်ယူရေးကော်မတီ

၁။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် အရန်မီးသတ်ဝတ်စုံ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
- (က) တူညီဝတ်စုံ (ဘူးလော့ပိတ်ထူ) ၃၄၀၀၀ ထည်
- (ခ) လက်မောင်းတံဆိပ်အစုံ ၃၄၀၀၀ စုံ
- (ဂ) ဦးထုပ် + တံဆိပ် ၃၄၀၀၀ လုံး
- (ဃ) ခါးပတ် (Logo) ပါ ၃၄၀၀၀ ချောင်း
- (င) ပတ္တူဖိနပ် (လည်ရှည်) ၃၄၀၀၀ ရန်

၂။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ရာဖွေကယ်ဆယ်ရေးဝတ်စုံအတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
- (က) လိမ္မော်ရောင် (အင်္ကျီ) ၄၂၀ ထည်
- (ခ) လိမ္မော်ရောင် (ဘောင်းဘီ) ၄၂၀ ထည်
- (ဂ) ဖိုက်ဘာဦးထုပ် (အဖြူရောင်) ၄၂၀ လုံး
- (ဃ) ခါးပတ်အကြီး ၄၂၀ ချောင်း
- (င) စစ်ဖိနပ် (နံပါတ်-၁) (လည်ရှည်) ၄၂၀ ရန်
- (စ) လက်အိတ် (ပတ္တူစ) ၄၂၀ အိတ်

၃။ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန လက်အောက်ရှိ သီးကုန်း (အမြန်လမ်း) မီးသတ်စခန်းတွင် ၂၀၁၈ခုနှစ် (ဧပြီလမှစက်တင်ဘာလ) (၆)လအထိ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
- (က) သီးကုန်းအမြန်လမ်း ရှေ့မျက်နှာစာလမ်း အရှည်ပေ ၁၀၀၊ အကျယ် ၁၅ပေ၊ ထုထည် (၉)လက်မ ကွန်ကရစ်လမ်း ခင်းခြင်း
- (ခ) မန္တလေးတိုင်း မီးသတ်ဦးစီးမှူးရုံးအတွက် တယ်လီဖုန်း/တိုင်/ကြိုးစသည်များ ပြုလုပ်ခြင်း

၅။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
- (က) **တင်ဒါလျှောက်လွှာဝယ်ယူရန်** - ၂၃-၄-၂၀၁၈ ရက်မှ
- (ခ) **တင်ဒါတင်သွင်းရက်** - ၂၁-၅-၂၀၁၈ ရက်ထိ
- (ဂ) **တင်ဒါဖွင့်မည့်ရက်** - ၁-၆-၂၀၁၈ ရက်

၆။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံး၏ ဖုန်း-၀၂-၆၀၇၄၀၊ ၀၉-၂၀၀၀၁၅၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရမည်းသင်းမြို့နယ်တရားရုံးတော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်(၆)

ဒေါ်သန်းသန်းဌေး **နှင့်** ၁။ ဒေါ်ခင်လေးနွယ်
(မကေကေခိုင်နှင့်မောင်ဝေလျှံ ၂။ မပန်းအိစံ(၎င်း၏အုပ်ထိန်းသူ
တို့၏ အုပ်ထိန်းသူ) ဒေါ်ခင်လေးနွယ်)
၃။ ကိုဌက်ထူးစံ
၄။ ဦးကျော်စွာဝင်း
၅။ ကိုချစ်ဦးဆွေ
၆။ ဒေါ်မန်းရီ

**တရားလို** **တရားပြိုင်များ**

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပုဗ္ဗသီရိမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်ဟု သိရသော ကိုချစ်ဦးဆွေ (ယခုနေရပ်လိပ်စာမသိ) နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၅)နေ ဒေါ်မန်းရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ကိုဌွန်ထူးစံက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် ဧပြီ ၁၉ ရက် (၁၃၈၀ခုနှစ် တန်ခူးလဆန်း ၅ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူများ တရားလို၏ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မျိုးဝင်း)**
**ဒုမြို့နယ်တရားသူကြီး**
**ရမည်းသင်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက် အကွက်အမှတ် (၄၁)၊ ဦးပိုင်အမှတ် ၆၄၊ မြေချိန်ဧရိယာ ၀ဒသမ၀၈၂၈ဧက ဒေါ်လုပါ အမည်ပေါက်မြေကွက်ကို ဦးဉာဏ်လင်းထွန်းမှ တရားဝင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ ဒေါ်လုပါ အမည်မှ ဦးဉာဏ်လင်းထွန်း ၁/ဗမန(နိုင်)၀၇၃၉၉၇ အမည်ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်းမြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဉာဏ်လင်းထွန်း**
**ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၄၁)၊ ဦးပိုင်အမှတ် ၅၆၊ မြေချိန်ဧရိယာ ၀ဒသမ၆၄၁ဧက အမည်ပေါက်မြေကွက်ပိုင်ဆိုင်သူကို ဦးတင်မော်ကွယ်လွန်ခဲ့၍ ဇနီး ဒေါ်ခင်ညိုက ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ချုပ်ဆိုခဲ့ပြီး ဦးတင်မော်အမည်မှ ဒေါ်ခင်ညို ၁/ဗမန(နိုင်)၀၃၆၂၇၅ အမည်ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အမည်ပြောင်းမြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ညို**
**ကုက္ကိုတောရပ်၊ ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက် အကွက်အမှတ် ၈၃၊ ဦးပိုင်အမှတ် ၁၅၊ မြေချိန်ဧရိယာ ၀ဒသမ၀၈၃ဧက ဒေါ်ဝင်းကြည် အမည်ပေါက်မြေကွက်ကို ဒေါ်လှိုင်လှိုင်သန်းမှ တရားဝင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်၍ ဒေါ်ဝင်းကြည် အမည်မှ ဒေါ်လှိုင်လှိုင်သန်း ၁/ဗမန(နိုင်)၀၀၅၆၈၀ အမည်ဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လှိုင်လှိုင်သန်း**
**ကန်တော်-ဟန်းတဲရပ်ကွက်၊ ဗန်းမော်မြို့**

## အမည်ပြောင်းလဲခြင်း

ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက် အလက(ခွဲ)၊ အမှတ်(၉၇) စတုတ္ထတန်း ဖြေဆိုထားသော (ဘ) ဦးမောင်ငယ်၏ သမီး မယမင်းအဥ္ဇလီအား မထက်သူဇာ မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မထက်သူဇာမောင်**

## အမည်ပြောင်း

မိုင်းယုမြို့၊ မြို့မရပ်ကွက်နေ ဦးနန်ဒီး-ဒေါ်အီကိန်းတို့၏သမီး မအီလာဖောင်း ၁၃/မယတ(နိုင်) ၀၂၃၀၀၃ အား မနန်းဘိုးဖောင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မနန်းဘိုးဖောင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းပြင်မြို့နယ်၊ မင်းယားကျေးရွာနေ ဦးဘအောင်၏သား ဦးကျော်ဆင့် ၅/ဖပန(နိုင်)၀၀၇၀၆၂ နှင့် ဦးကျော်ကောင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ကောင်း (ခ) ဦးကျော်ဆင့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၃၆၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးခင်သောင်း အမည်ပေါက်မြေကွက်အား ဦးတင်ထွန်းအောင် (ဘ) ဦးမြင့်ထွေး ၇/ညလပ(နိုင်) ၁၀၉၀၇၇မှ ပျဉ်းမနားမြို့ မြို့မြေတိုင်းချဲ့ရေးကော်မတီသို့ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်သူကျမ်းကျိန်လွှာ၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ ပတ်ဝန်းကျင်မြေကွက်ပိုင်ရှင်များ၏ သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ် ၁၇၉၆၊ ဧရိယာ ၀ဒသမ ၀၈၂ ဧကရှိ ဦးကျော်လင်းခိုင် အမည်ပေါက် ပါမစ်မြေအား ဦးချစ်ကိုကို (ဘ) ဦးအောင်ညွှန့် ၈/ခမန(နိုင်)၁၁၃၈၈၄မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်ယူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၇၇၉၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးသန်းဝေ အမည်ပေါက်မြေကွက်အား ဦးအေးမင်းသန့်(ဘ)ဦးစံမင်း ၉/မနတ(နိုင်)၀၀၅၄၂၇မှ မြို့မြေနေရာချထားရေးကော်မတီ ပျဉ်းမနားမြို့၏မြေကွက်တန်ဖိုးပေးသွင်းပြေစာမူရင်း၊ အရောင်းအဝယ်စာချုပ်၊ ဝယ်သူကျမ်းကျိန်လွှာ၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

သာသနာတော်နှစ် ၂၅၆၁ - ၆၂ ခရစ်နှစ် ၂၀၁၈ မြန်မာသက္ကရာဇ် - ၁၃၇၉/၈၀

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၅ ရပ်ကွက်၊ ကျောက်ရေတွင်း တောင်ပိုင်း၊ သုခလမ်းတွင်
အဘွားလေး ဒေါ်စမ္မေသီ တည်ထားကိုးကွယ်တော်မူသော

# သဗ္ဗညု ပုထိုးတော်ကြီး – ဓမ္မေသက စာသင်တိုက်

ဒေါက်တာ ဒေါ်ပညာသိရီ သာသနဓဇ ဓမ္မာစရိယ၊ Ph.D, သဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်း ပြည်ပ သာသနပြု၏



## သဗ္ဗညုပုထိုးတော်ကြီး အလှူရှင်များအား ဖိတ်ခေါ်ခြင်း

သဗ္ဗညုပုထိုးတော်ကြီးတည်နေစဉ် ဆေးဖြူသကန်းကပ်ခြင်းနှင့် အတွင်းပိုင်းတွင် မပြီးသေးသော လုပ်ငန်းများစွာ ကျန်ရှိနေပါသေးသည်၊ သဗ္ဗညုပုထိုးတော်ကြီးအတွင်း၌ နိဗ္ဗာန်ကိုရည်မှန်း၍ ဂဂါဝါဠုသဲစုမက ပွင့်ထွန်းတော်မူကြသော ရွှေပေါင်းမြတ်စွာဘုရားရှင်များ ငါးသိန်းတစ်သောင်းနှစ်ထောင့်နှစ်ကျိပ်ရှစ်ဆူ (၅၁၂၀၂၈-ဆူ) နိဗ္ဗူဇိနေ သီတင်းသုံးပူဇော် တော်စံမည်ဖြစ်ပါသည်၊ ဘုရားရှင်နံပါတ်စဉ်အလိုက် ဘုရားရှင် တစ်ဆူလျှင် ကျပ်တစ်သိန်းဖြင့် လှူတိုင်း ဘုရားဒါယကာ ၊ ဒါယိကာမအဖြစ် ခံယူနိုင်ကြပါပြီ၊ ရှေးပုဂံခေတ် မြန်မာကြီးများသည် သာသနာထွန်းကား ပြန့်ပွားခဲ့သည့် အစဉ်အလာ လှူတိုင်း ဘုရားတည်နိုင်ခွင့်ရှိခဲ့ပါသည်၊ ယခုခေတ်အခါလှူတိုင်းဘုရားတည်ကုသိုလ် ယူနိုင်ကြပါသည်၊

**သဗ္ဗညု ပုထိုးတော်ကြီးဘုရားတည် ကုသိုလ်ဝေစု ဘုရားတစ်ဆူလျှင် (၁) သိန်း ကျပ်**

ဆက်သွယ်နိုင်သောဖုန်းနံပါတ် – ဒေါက်တာ ဒေါ်ပညာသိရီ – ၀၉ ၇၉၉ ၆၆၈ ၂၂၀၊ ၀၉ ၄၅၀၀ ၄၆၂၉၀၊ ၀၉ ၄၂၇ ၅၆၂ ၁၂၀၊ ၀၉ ၄၂၆ ၈၉၃ ၆၄၀
မြောက်ဥက္ကလာ ကမ္ဘောဇဘဏ် PINNYASIRI-KBZ Bank (Account No.070-301-0700085501, 070-501-07000085501) ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်းလှူဒါန်းနိုင်ပါသည်။

---

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

အမှတ်(၃၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၄၁၇၉၅၊ ၅၅၈၄၃၇

## အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ငွေအလှူ၊ ပစ္စည်းအလှူ၊ လုပ်အားဒါနတို့ဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်း ပြည်ပအလှူရှင်များအားလုံးတို့ ၁၃၈၀ ပြည့်နှစ်၊ နှစ်သစ်မင်္ဂလာ အခါသမယတွင် အန္တရာယ် အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

---

အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိ ဝိပဿနာအဖွဲ့
ဓမ္မဇောတိဂိပဿနာရိပ်သာ

## သံဃာတရားပွဲ ပင့်ဖိတ်လွှာ

လယ်တီဆရာတော်ကြီးဘုရားကြီး၏နည်းနိဿယအတိုင်း ကမ္ဘာ့ဝိပဿနာသာသနာပြု မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးဂိုအင်ကာ၏ ဓမ္မဇောတိဂိပဿနာရိပ်သာတွင် ၁၈-၄-၂၀၁၈ ရက်မှ ၂၉-၄-၂၀၁၈ ရက်အထိ သံဃာ(၁၀)ရက်တရားပတ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်၊

သို့ဖြစ်ပါ၍ တရားပတ်ဝင်ရောက်လိုသော သံဃာတော်အရှင်သူမြတ်များအနေဖြင့် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်၍ စာရင်းပေးသွင်းကြပါရန် ရှိသေလေးမြတ်စွာ လျှောက်ထားဖိတ်ကြားအပ်ပါသည်၊

ဆက်သွယ်ရန်၊ ဓမ္မဇောတိဂိပဿနာရိပ်သာ၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊ဖုန်း ၀၁-၅၄၉၂၉၀၊ ၀၁-၅၄၆၆၆၀၊

---

## မြေတူးစက်မောင်း (ဘက်ဟိုးသမား) အလိုရှိသည်

၂၅ တန်နှင့်အထက် မောင်းရမည်။
**ဆက်သွယ်ရန်**
ဖုန်း-၀၉-၇၉၇၄၀၉၀၆၉၊ ၀၉-၇၈၉၄၇၇၉၂၄

---

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၆၄၅ နှင့်ဆက်နွှယ်သည့်
၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၈

| | | |
|---|---|---|
| ဒေါ်မာလွင်ကြည် | နှင့် | ဦးသိန်းအေး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀/ခ)ရပ်ကွက်၊ ဇီဝကလမ်း၊ အမှတ် ၃၄၄/ခ နေ ဦးသိန်းအေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၆၄၅ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်မာလွင်ကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် မေ ၁၈ရက် (၁၃၈၀ ခုနှစ် နယုန်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်နှင်းရီ)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၄၆၈

| | | |
|---|---|---|
| ၁။ ဦးခင်မောင်ဦး | နှင့် | ၁။ ဦးဝင်းနိုင် |
| ၂။ ဦးဇော်ဇော်မျိုး | | ၂။ ဦးတေဇအောင် |
| | | ၃။ ဒေါ်မြင့်မြင့်သန်း |
| | | ၄။ ဒေါ်ခင်သန်းနွယ် |
| | | ၅။ မြေပိုင်ဝယ်ယူရေးအဖွဲ့ (မြေပိုင်မြေဝယ်ယူရေး (၉)ဦးကော်မတီအဖွဲ့) |
| **တရားလိုများ** | | **တရားပြိုင်များ** |

အထက်အမည်ပါအမှုမှ မြေပိုင်ဝယ်ရေးအဖွဲ့ (မြေပိုင်မြေဝယ်ယူရေး(၉) ကော်မတီအဖွဲ့)၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ အမှတ် (၅) တရားပြိုင် (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုများက စွဲဆိုထားသော ၂၀၁၇ ခုနှစ်၊ တရားမကြီးမှုအမှတ် (၄၆၈)တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့် ရှေ့နေနှင့်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၈ ခုနှစ် မေ ၈ ရက် (၁၃၈၀ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

၂၀၁၈ခုနှစ် ဧပြီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းထွေး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**အနောက်ပိုင်းခရိုင်တရားရုံး**

---

## ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၉၀

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စက်မှုလက်မှုငွေချေးဌာန (၎င်း၏လက်ထောက်အထွေထွေမန်နေဂျာ) ရန်ကုန်မြို့ (ယခု)မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)၊ရန်ကုန်မြို့ | နှင့် | ၁။ အမ်အိတ်ချ်အယ်လ်ဂျီထရေးဒင်း ကုမ္ပဏီလီမိတက် |
| | | ၂။ အမ်အိတ်ချ်အယ်လ်ဂျီထရေးဒင်း ကုမ္ပဏီလီမိတက် (၎င်း၏မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဟိန်း) |
| | | ၃။ အမ်အိတ်ချ်အယ်လ်ဂျီထရေးဒင်း ကုမ္ပဏီလီမိတက် (၎င်း၏ဒါရိုက်တာ ဒေါ်ခင်ချို) |
| | | ၄။ အမ်အိတ်ချ်အယ်လ်ဂျီထရေးဒင်း ကုမ္ပဏီလီမိတက် (၎င်း၏ဒါရိုက်တာ ဦးခင်မောင်ဌေး) |
| **တရားနိုင်** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီးတရားရုံး ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၁၅၇၉ တွင်၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်စွဲပါ ဒီကရီကိုအတည်ပြုရာတွင် တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၈ ခုနှစ် မေ ၂၅ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇုန်(၁)ရှိ မြေကွက်အမှတ် ၁၀၇(က)၊၁၀၈(က)၊၁၀၉(က)၊ မြေဧရိယာ ၁ဒသမ၁၉၇ဧကရှိ နှစ်၆၀ စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အားလုံး။ **ကြမ်းခင်းဈေးကျပ် ၉၈၂သန်း**

၂။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇုန်(၁)ရှိ မြေကွက်အမှတ် ၁၀၇(ခ)၊ ၁၀၈(ခ)၊ ၁၀၉(ခ)၊ မြေဧရိယာ ၂ ဒသမ ၄၄၀ဧကရှိနှစ် ၆၀ စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး။
**ကြမ်းခင်း ဈေး ကျပ် ၂၃၅၂သန်း**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇုန်(၁)ရှိ မြေကွက်အမှတ် ၁၀၇(ဂ)၊ ၁၀၈(ဂ)၊ ၁၀၉(ဂ)၊ မြေဧရိယာ ၂ ဒသမ ၃၇၅ ဧကရှိ နှစ် ၆၀ စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး။
**ကြမ်းခင်း ဈေး ကျပ် ၂၁၁၆ သန်း**

အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံများအားလုံး၏ စုစုပေါင်းကြမ်းခင်းဈေး ကျပ်သန်း ၅၄၅၀ဖြစ်ပါသည်။

**ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ**

၁။ အမည်စာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက် ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ခုနှစ် ဧပြီ ၁၀ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ရီရီဆွေ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးထိန်လင်း-ဒေါ်အေးအေးမော် တို့၏သား ကိုကျောက်ခဲ (ခ)ကိုကျော်မျိုးထက် ၉/မခန(နိုင်)၂၁၈၃၂၅သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘညီအစ်ကို မောင်နှမများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထိန်လင်း ၉/မခန(နိုင်)၁၃၃၃၅၃**
**ဒေါ်အေးအေးမော် ၉/မခန(နိုင်)၁၃၃၁၄၄**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

မိတ္ထီလာမြို့နယ်၊ နန်းတော်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် ၁၃-င/ကန်နားရပ်၊ ဦးပိုင်အမှတ်၃၂၊ မြေကွက်အမှတ် ၃/၉၄၊ ဧရိယာ ၀ဒသမ ၀၄၆ဧကရှိမြေကွက်သည် မူလက ဦးစံတင့်အမည်ဖြင့်အမှုတွဲအမှတ် ၁၈၂/၁၉၆၂-၁၉၆၃အရ ၇-၈-၁၉၆၉ရက်အထိ (၃)နှစ် လိုင်စင်ရရှိခဲ့ပါသည်။ ဦးစံတင့်မှာ ၁၉၇၃ ခုနှစ်က ကွယ်လွန်ခဲ့ပြီး ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ပန်းရီ မှာလည်း ၁၉၆၉ခုနှစ်က ကွယ်လွန်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူ သမီးအကြီး ဒေါ်အေးကြွယ်မှာ ၁၅-၂-၂၀၀၆ ရက်ကလည်းကောင်း၊ သမီးအငယ်ဖြစ်သူ ဒေါ်တင်လှိုင်မှာ ၁၅-၁၂-၂၀၁၄ ရက်ကလည်းကောင်း၊ အသီးသီးကွယ်လွန်သွားခဲ့ကြပါသည်။ ယခုအခါ အဆိုပါလိုင်စင်မှာ ပျောက်ဆုံးသွားခဲ့ရာ ကျန်ရစ်သူ မြေး/မြစ်များဖြစ်ကြသည့် ဒေါ်မြင့်မြင့်ဝေ၊ ဒေါ်သန်းသန်းဝေ၊ ဦးအောင်ဆန်းဝင်း၊ ဒေါ်သိမ့်သိမ့်အောင်တို့ လေးဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မွေကဟကြေညာစာချုပ်ချုပ်ဆို၍ မြေငှားဂရန်အသစ်လျှောက်ထားလာပါသဖြင့် အဆိုပါလျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၃၀၊ တစ်လအတွင်း ဤရုံးသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာမြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံးတော်၌
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၄

| | | |
|---|---|---|
| ဒေါ်ချစ်မြတ်နိုးနိုး | နှင့် | ဦးကြည်ဝိုင် (သေဆုံးသူဒေါ်သင်းသင်းမြိုင်၏ တရားဝင်ကိုယ်စားလှယ်) |
| **တရားလို** | | **တရားပြိုင်** |

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆမားဒူးဝါးရပ်ကွက်၊ ဆမားဒူးဝါးအပိုင်း (၄)၊ အမက (၁၂)၊ ကျောင်းလမ်းနေ ဦးကြည်ဝိုင် (သေဆုံးသူ ဒေါ်သင်းသင်းမြိုင်၏ တရားဝင် ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ငွေကျပ် ၃၅၀၀၀၀၀/-ရလိုကြောင်းဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဧပြီ ၃၀ ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မတ် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်မာအောင်)**
**မြို့နယ်တရားသူကြီး**
**ဆိပ်ကြီးခနောင်တိုမြို့နယ်တရားရုံး**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/3993 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၂၀၀၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးကျော် အမည်ပေါက် မြေကွက်အား ဦးလှထွန်း (ဘ)ဦးဖိုးခွေး ၉/တကန(နိုင်)၀၆၇၄၈၃မှ မြို့မြေနေရာချထားရေးကော်မတီပျဉ်းမနားမြို့၏ မြေကွက်တန်ဖိုးပေးသွင်းပြေစာမူရင်း၊ အရောင်းအဝယ်စာချုပ်၊ဝယ်သူကျမ်းကျိန်လွှာ၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၄၂၄၈၊ ၄၂၇၅၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ ဦးကျော်ဇော်လင်း အမည်ပေါက်မြေကွက်အား ဦးနေရဲလင်း(ဘ)ဦးဖိုးရီ ၉/ပမန(နိုင်)၁၈၈၅၈၈မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက် လျှောက်ထားသူ၏ကိုယ်တိုင်ကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ ဒေါ်ခင်ညိုညို ၇/ဒဥန(နိုင်)၀၈၇၂၆၃ (ဘ) ဦးတင်သိန်းသည် ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် ကျွန်တော် ဦးနေအောင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မိမိသဘော ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပြီး ယနေ့ထိတိုင် ပြန်မလာ/ဖုန်းနှင့်ဆက်သွယ်သော်လည်း အကြောင်းမပြန်သဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**
**ဦးနေအောင်(ခ)အောင်အောင် ၁၄/မမန(နိုင်)၀၀၄၅၇၉**

## ကျောင်းစာရင်းဆိုင်ရာ

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဗညားနိုင် ၁၀/ကထန(နိုင်)၁၂၉၁၈၁သည် ခရီးသွားရင်း ကျွန်တော်၏ CDC စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၃၁၀၅၂၆၉၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/2890 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/5809 SUZUKI SWIFT ZC7IS, Hatch Back(4x2) ယာဉ်လက်ဝယ်ရှိသူဒေါ်စုဝါဝါပိုင် ၁၂/မဂဒ(နိုင်)၁၀၅၇၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/4599 TOYOTA LEXUS GRS 191, SALLON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်းသန့် ၁၂/သဃက(နိုင်)၀၀၀၅၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/6346 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/5846 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/9124 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/9786 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/9213 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်

ကျွန်တော်၏မိတ်ဆွေဦးဝင်းနိုင်(ဘ)ဦးတင်စိုး ၁၂/ရကန(နိုင်)၀၁၆၀၆၄၊ ၆၇လမ်း၊ ၄၀×၄၁ ကြား၊ မဟာမြိုင်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နေသူက ၅-၃-၂၀၁၅ ပေးအပ်ခဲ့သော မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၆၃/၁၅ လွှဲအပ်ခံရသူ ဦးဝမ်ကွယ်တား(ခ)ဦးမြင့်လွင် (ဘ) ဦးဝမ်လောက်ပန် ၁၃/ကခန(နိုင်)၀၁၀၀၀၉ ဈေးရပ်၊ တာမိုးညီ၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်နေသူအား ပေးအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယဉ်မင်းထက်(စဉ်-၁၀၂၉၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၉၊ ဘောဂလမ်း၊ အမှုထမ်းရပ်ကွက်၊ အောင်ချမ်းသာ၊ သန်လျင်မြို့**

## ဒေါ်ခင်ချိုချိုနှင့် သက်ဆိုင်သူများသိစေရန်ကြေညာခြင်း

ဒေါ်ခင်ချိုချိုအမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ ၈ လမ်း၊ အမှတ် ၂၄၅/ကဟုခေါ်တွင်သည့် ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေနှင့်အကျိုးခံစားခွင့်တို့အား အမည်ပေါက်ဒေါ်ခင်ချိုချိုထံမှ ကျွန်ုပ်အမှုသည်က အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပါသည်။ ယခုအချိန်တွင် ကျွန်ုပ်အမှုသည် ဒေါ်ဆုမွန် ၁၂/ဗတထ(နိုင်)၀၂၀၈၈၀ ကိုင်ဆောင်သူမှ အရပ်စာချုပ်ဖြင့်ဝယ်ယူခဲ့ပြီးလက်ရောက်ရရှိပိုင်ဆိုင်ထားသော အထက်ဖော်ပြပါ မြေကွက်အား အမည်ပြောင်း ဆောင်ရွက်လိုပါသောကြောင့် အမည်ပေါက် ဒေါ်ခင်ချိုချိုမှ မှတ်ပုံတင်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ဆောင်ရွက်ရန်ရှိသည်များကို ယခုကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်ပေးခြင်းမရှိပါက အမည်ပြောင်းဆောင်ရွက်ပြီးသည်အထိ ဥပဒေနှင့်အညီ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ခင်ချိုချိုနှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာလှဲ့လှဲ့ထွန်း LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၈)**
**ရုံး-တိုက် (၉/၁၁)၊ အခန်းအမှတ်၊ 005-B၊ ၃၆လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၇၆၆၀၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုမြတ်အောင် ၉/ပကခ(နိုင်)၀၀၆၇၉၁၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

အကြောင်းမှာ ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးကျော်ဘုန်းမို ၁၂/မရက(နိုင်) ၁၃၄၈၅၈တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ၂၁-၁၂-၂၀၁၇ ရက်တွင် ထိမ်းမြားလက်ထပ်ခဲ့ပြီး ပေါင်းသင်း ခဲ့ရာ သားသမီးထွန်းကားခြင်းမရှိပါ။

ထိုသို့ ကျွန်ုပ်၏မိတ်ဆွေနှင့်ဦးကျော်ဘုန်းမိုတို့သည် အတူတကွပေါင်းသင်းနေထိုင်ခဲ့ရာ စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ဆက်လက်ပေါင်းသင်းလိုစိတ်မရှိ၍ ၉-၃-၂၀၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် တရားရုံး၊ ဒုမြို့နယ်တရားသူကြီး ဒေါ်မြတ်သီရိလှိုင်ရှေ့မှောက်တွင် တရားဝင်နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ချုပ်ဆိုပြီးချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးလူမှုရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း ပတ်သက်ဆက်နွယ်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်စုမြတ်အောင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန်းမြင့် B.A(Law),LL.B (စဉ်-၁၅၄၉)**
**ဒေါ်ခင်စန်းမူ B.A(Law),LL.B (စဉ်-၈၂၅၇)**
**ဒေါ်ဖြူဖြူလှိုင် LL.B (စဉ်-၁၁၇၆၃)**
**ဒေါ်နီလာဝင်း LL.B (စဉ်-၁၂၉၂၃)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်အိခိုင်ဖြိုး LL.B (စဉ်-၄၁၀၅၂)**
**အထက်တန်းရှေ့နေ**
**အမှတ် ၅၆၅၊ အခန်း၆/၁၀၄(ပထမထပ်)၊ MAC Tower၊**
**ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၂၄၈၆၈**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၆ယ/၉၁၈၁၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မောနီးကာ ၂/လကန(နိုင်)၀၅၁၈၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (လွိုင်ကော်)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၄၂ယ/၂၇၃၀၀ Toyomax DT, ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၇/ပခန (နိုင်)၀၂၃၉၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

## အမည်ပြောင်း

ဦးထွန်းထွန်းအောင်၏သား လွိုင်ကော်မြို့၊ အထက (၆)၊ န၀မတန်း (က)မှ မောင်လင်းလက်ပြည့်အောင်အား မောင်ထက်ဝေဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်ဝေ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထက်ဇော်ဦး ၁၀/ခဆန(နိုင်)၁၃၉၃၈၁၏ Passport No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးခေါင်လွှမ်း၏သမီး ဝိုင်းမော်မြို့နယ်၊ နန့်ဝါကျေးရွာနေ မလွှမ်းညွယ် ၁/ဝမန(နိုင်)၀၄၆၁၁၄နှင့် မလညွှဲလွှမ်းညွယ်သည် တစ်ဦးတည်းဖြစ်ပါသည်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အမှတ် ၁၂၉၉နေ ဦးဆွတ်ဗဟာဒူး ၁/မကန(နိုင်)၀၈၀၃၆၀၏သား မောင်စီကူမာရ်(ခ)ထွန်းနိုင်ဦး ၁/မကန(နိုင်)၁၈၃၁၀၆သည် မိဘအား စိတ်ဆင်းရဲ၊ စိတ်ထိခိုက်အောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးဆွတ်ဗဟာဒူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/5754 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/4122 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည်(ခ)ဒေါ်သက်ရှည်
### အသက်(၈၃)နှစ်

(ဦးအေးကြည်-ဒေါ်စု)တို့၏သမီး၊ (ဦးဖိုးသာ-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ် ၄၂ နေ (ဗိုလ်မှူးကြီးမင်းလွင်)၏ချစ်လှစွာသောဇနီး၊ ဦးသက်လွင်-ဒေါက်တာမူယာစိုး၊ ဒေါ်ဖြူဖြူလွင်-ဦးအောင်မြင့်၊ (ဦးဝင်းလွင်)-ဒေါ်ခင်မာသက်၊ ဦးဝေလွင်-ပါမောက္ခဒေါက်တာဝင်းမင်းသစ်၊ ဒေါ်သီတာလွင်-ဦးသိန်းဝင်းတို့၏ချစ်လှစွာ သောမိခင်၊ ကိုလင်းလွင်-မတင်မိုးအေး၊ (ကိုသက်ဝင်းလွင်)၊ ကိုအောင်ခိုင်လွင်၊ မဝေသစ်လွင်-ကိုဇော်လတ်၊ မနှင်းဝင်းလွင်၊ မခိုင်သစ်လွင်-ကိုဥက္ကာငွေ၊ မခင်ချမ်းမြေ့စိုးလွင်၊ ဒေါက်တာအေးအေးအောင်(အိဖြူလွင်)၊ ဒေါက်တာတင်ဇာအောင်၊ မောင်နေဝင်းလွင်၊ မဆောင်ဝင်းလွင်၊ မလဝင်းလွင်တို့၏အဘွား၊ မမေမိုးသက်၊ မဇော်သစ်လွင်၊ မသစ်ဇော်လွင်၊ မောင်ဉာဏ်လင်းတို့၏ ဘွားဘွားကြီးသည် ၁၂-၄-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄း၄၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၈ရက်(စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးကြည်လင်း B.Sc, H.G.P, R.L, C.B.L, D.B.L
### တရားလွှတ်တော်ရှေ့နေ
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းငွေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် (၄၁)နေ (ဦးအုန်းမောင်-ဒေါ်မြသန်း)တို့၏သား၊ ဒေါ်တင်တင်ညိမ်း၏ခင်ပွန်း၊ (ဦးထိန်လင်း)-ဒေါ်သန်းသန်းစိုး၊ ဦးစိန်လင်းတို့၏ညီ၊ ဒေါ်ခင်မျိုးသန်း၊ ဦးသန်းလင်း (Bio)-ဒေါ်သန်းနုစိန်တို့၏အစ်ကို၊ ဦးကျော်စွာလင်း-ဒေါ်တင်တင်မော်၊ ဒေါ်နှင်းနှင်းအေး တို့၏ဖခင်၊ မစုသီရိ၊ မသိမ့်ဟန်သူ၊ မောင်လင်းမြန်မာတို့၏အဘိုးသည် ၁၃-၄-၂၀၁၈ရက် (သောကြာနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဦးတင့်နိုင်ဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
### မကွေးတိုင်းဒေသကြီးလွှတ်တော်
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးစိန်လှ)-ဒေါ်တင်တင်တို့၏သား၊ ဦးမြညွှန့်-ဒေါ်အေးကြွယ်တို့၏သားသမက်၊ ဒေါ်အေးသီတာညွှန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်နိုင်ဦး(ဗဟိုဘဏ်)-ဒေါ်မာလာမြင့်၊ဦးသန်းနိုင်ဦး(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်မီမီမူတို့၏ညီ၊ ဒေါ်ပြုံးပြုံးနိုင်(ထ-၁၊ ဒဂုံတောင်)၊ ဒေါ်အေးအေးနိုင်(ရိုးမဘဏ်)၊ ကိုအောင်မြင့်နိုင်-မသိမ့်သိမ့်ခင်တို့၏ အစ်ကိုသည် ၁၃-၄-၂၀၁၈ရက် နံနက်၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ် ၄၉၅နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ် ကနောင်လမ်း တိုက်အမှတ်(၁/၁၂၆)၊ တတိယအလွှာခြေရင်းခန်းကို လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်ဆာယာလွင်ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယနေ့မှ နောက်ခုနစ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမြင့်-တရားလွှတ်တော်ရှေ့နေ**
**၁၈-မဟာဗောဓိလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/6409 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/1663 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅) ရပ်ကွက်၊ မြေကွက်အမှတ် (၃/၂၁၁)ဟု ခေါ်တွင်သော အလျားပေ ၂၀×အနံပေ ၆၀အကျယ်ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာစိုး ၁၂/ဥကတ(နိုင်)၁၅၈၁၀၁တစ်ဦးတည်းသာ တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်းနှင့် ၎င်းမြေကွက်နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်းမပြုလုပ်ကြရန်နှင့် အကယ်၍ ဤတားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်သူ မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်သန္တာစိုး**
**၁၂/ဥကတ(နိုင်)၁၅၈၁၀၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုစံ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၁၈၅)**
**အခန်းအမှတ် ၁၁၊ ဝေဟင်လမ်း၊**
**ဝေဘာဂီမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၈၃၆၆၇၅၂၂၊**
**၀၉-၄၂၀၆၅၄၁၅**

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စက်ရေတွင်း၊ ရပ်ကွက်လမ်း၊ ဆွမ်းဒါယိကာမကြီး
## ဒေါ်တင်တင်ဝင်း

(၁၅-၄-၂၀၁၇) - (၁၅-၄-၂၀၁၈)ချစ်မိသားစု၊ မိတ်ဆွေများနှင့် ခွဲခွာသွားတာ ဒီနေ့ (၁)နှစ်ပြည့်ခဲ့ပြီ၊ အချိန်တွေကြာခဲ့ပေမယ့်တစ်နေ့တစ်ရက်မှ မမေ့နိုင်ခဲ့ပါ။ အချိန်တိုင်း အမြဲသတိရနေ၍ တရားနဲ့ဖြေခဲ့ပါတယ်။ လစဉ်မိသားစုများက မဟာသုဝဏ္ဏဘုန်းတော်ကြီးကျောင်းတွင် နေ့ဆွမ်းကပ်ခြင်းနှင့် ယနေ့ ၁၅-၄-၂၀၁၈ရက်တွင် ရဟန်း၊ ယောဂီများကို တစ်နေ့တာဆွမ်းလှူဒါန်းပါသည်။ ကုသိုလ်ကောင်းမှုအစုစုအတွက် ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**အမျှ-အမျှ-အမျှ**

**ခင်ပွန်း ဦးမောင်ထီနှင့်သား သမီးမြေးများ**
**အမှတ် ၁၇၂ (A)၊ ၄၀ါလမ်းသွယ်၊ တောင်ထိပ်ပန်းလမ်း၊**
**ရပ်ကွက် (၃၀)၊ သုဝဏ္ဏ**

## ဒေါ်မြင့်မြင့် (ပဲခူး-ကျောက်တန်း)
### အသက်(၇၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တန်းရွာနေ (ဦးဘတင်-ဒေါ်တင့်)တို့၏ သမီး၊ (ဦးကျင်စိန်-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ (ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်)(ငြိမ်း)(သမဝါယမညွှန်ချုပ်၊ ငြိမ်း)- ဒေါ်ဖြူဖြူစိန်၊ဦးဘိုသန်း၊ စက်မှု-၁(ငြိမ်း)-ဒေါ်နီ၊ (ဦးငွေစိုး) (လဝကမြို့နယ်ဦးစီးမှူး၊ ငြိမ်း)-ဒေါ်ရင်မေ၊ (ဦးတိုးအောင်) (ဆောက်လုပ်ရေး-ငြိမ်း)-ဒေါ်ပန်တို့၏ညီမ၊ (ဦးဝင်းမော်)(အကောက်ခွန်ဦးစီးမှူး-ငြိမ်း)-ဒေါ်မြင့်မြင့်ဆွေ(အထ-ပြ၊ ငြိမ်း)၊ ဦးထိန်ဝင်း(ဘရေ၊ငြိမ်း)-ဒေါ်တင်အေးမူ(အလပြ၊ ငြိမ်း)တို့၏ အစ်မ၊ ဗိုလ်မှူးရဲမြင့်(ငြိမ်း) (ဒုအထွေထွေမန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)၏ဇနီးသည် ၁၂-၄-၂၀၁၈ရက် ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၈ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြင့်မြင့်
### (ပဲခူး၊ ကျောက်တန်း)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂၀) ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၅၂ နေ (ဦးဘတင်-ဒေါ်တင့်)တို့၏သမီး၊ (ဦးကျင်စိန်-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဗိုလ်မှူးရဲမြင့် (တပ်မတော်လေ-ငြိမ်း)၏ဇနီး၊ ဦးဇင်မင်းဦး၊ ဦးနိုင်အောင်မိုး-ဒေါ်နန်းမီမီသွင်၊ ဦးအောင်မြင့်စိုး (ခရိုင်အုပ်ချုပ်ရေးမှူး၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်သန္တာဦး၊ ဦးအောင်ဇော်ထွန်း(ရွှေစန္ဒာကုမ္ပဏီ)၊ ဦးအောင်ချိုထွန်း၊ ဦးအောင်ရည်ထွန်းတို့၏မိခင်၊ မောင်ကောင်းမြတ်အောင်စည်၊ မကြည်ရှင်းသန့်၊ မမေဖူးသန့်၊ မောင်မြင့်မြတ်အောင်စည်တို့၏အဘွားသည် ၁၂-၄-၂၀၁၈ ရက် မွန်းတည့် ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၄-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်ထွန်း(ခ)ဦးနီတွတ် (ထားဝယ်)
### တနင်္သာရီတိုင်း ဘောလုံး၊ ဘတ်စကတ်ဘောလက်ရွေးစင်ဟောင်း
### အသက်(၆၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ တလိုင်းထိန်ရပ်နေ (ဦးခွမ်းပိုင်-ဒေါ်ကျင်ဟို)တို့၏ ချစ်လှစွာသောသား၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပုံကျွန်းရပ်၊ သီလလမ်း၊အမှတ် ၅၁၄နေ (ဦးစံထွန်းအောင်-ဒေါ်နှင်းမြိုင်)တို့၏ သား သမက်၊ဒေါ်ညွှန့်ညွှန့်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းဆွေ(C/E KCK Shipping)-မဆွေဆွေသက်(Swe Swe Thet & Associates CPA Firm)၊ ကိုစိုးမိုးအောင်(လောကချမ်းသာသင်္ကန်းတိုက်)-မအိမွန်မွန်ကျော် (2I/C KBZ ထားဝယ်)-ကိုကျော်စွာအောင် (တရားလွှတ်တော်ရှေ့နေ)-မမြတ်စုမွန်(တရားလွှတ်တော်ရှေ့နေ)တို့၏ချစ်လှစွာသောဖခင်၊ မချမ်းမြေ့နေခြည်(PII, ILBC)တို့၏ အဘိုးသည် ၁၁-၄-၂၀၁၈ရက် ည ၇း၁၅နာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၈ရက် မွန်းလွဲ၂နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြား အပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ မသဇင်ဦး ၁၂/ဥကမ(နိုင်)၁၈၈၂၂၃အား ယနေ့မှစ၍ မသဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသဇင်**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းထွေးလင်း ၁၃/တကန(နိုင်)၂၃၉၈၃၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၁၇၀၃၈၁၉**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စိုးတင့်

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ် ၁၅နေ (ဦးဘိုးကျွန်း-ဒေါ်ချစ်)တို့၏သမီး၊ (ဦးဘိုးစိန်-ဒေါ်ထား)တို့၏သမီးချွေးမ၊ (ဦးသိန်းမောင်)၏ဇနီး၊ ဦးမင်းပေါ်ဦး-ဒေါ်တင်မာသိန်း၊ ဒေါက်တာခင်ဇော်သိန်း-ဒေါက်တာခင်သန်းဆွေ၊ ဒေါ်ရီမာသိန်း၊ ဦးလှမိုး-ဒေါ်ချိုမာသိန်းတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၄-၄-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိန်ဘန်း

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးဘဏ်**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် ၄၉(ငါးလွှာ)နေ (ဦးလှဘော်-ဒေါ်ကြင်)တို့၏သား၊ ဒေါ်ဖြူဖြူဝင်း(မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်အေးမြင့်၊ ဦးစိန်အန်း-(ဒေါ်ထွေးထွေး)တို့၏ အစ်ကိုသည် ၁၃-၄-၂၀၁၈ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပြည်သူ့ဝန်ထမ်းကောင်းဆုရ**

## ဦးစိန်ဘန်း

**သထုံခရိုင်အာရှလူငယ်အမှုဆောင် (၁၉၄၃-၄၅)**

**တ·က·သနှင့် ဗ·က·သ ဥက္ကဋ္ဌ (၁၉၅၁-၅၂)**

**မြန်မာ့စိုက်ပျိုးရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**(၁၉၈၆-၈၈)**

**မြန်မာ့စိုက်ပျိုးရေးဘဏ် အကြံပေးပုဂ္ဂိုလ် (၁၉၈၈-၈၉)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ် ၄၉နေ (ဦးလှဘော်-ဒေါ်ကြင်)တို့၏သား၊ အမှတ် ၁၀၊ မဟာဗေယျလမ်းနေ (ဦးကျော်ညွှန့်-ဒေါ်ခင်ခင်အေး)တို့၏သားသမက်၊ ဒေါ်ဖြူဖြူဝင်း(မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၄-၂၀၁၈ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း)

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့)ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**

**ဝန်ထမ်းမိသားစုများ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း) အသက်(၆၃)နှစ်

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့)ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၉)**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း) အသက်(၆၃)နှစ်

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့)ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၂)**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း) အသက်(၆၃)နှစ်

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့) ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၆)**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း)

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ (ဦးမောင်ကို-ဒေါ်ခင်မေ)တို့၏သား၊ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဒုဗိုလ်မှူးကြီးမင်းသိမ်းထွဋ်-ဒေါ်ဝေဝေခိုင်၊ ဗိုလ်မှူးဇော်မျိုးထွဋ် (ဒုတပ်ရင်းမှူး)-ဒေါက်တာအေးမွန်သန့်မြင့်တို့၏ဖခင်၊ မရွှန်းလဲ့ရည်သန့်၊ မောင်မင်းမြတ်မောင်၊ မောင်မိုးသန့်ထွဋ်၊ မောင်အောင်မြင်ထွဋ်ခိုင်တို့၏အဘိုးသည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့) ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၅၇၂၊ A-2၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်နေ ဒေါ်စုနွယ်ခိုင်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးသန်းထွဋ်(ငြိမ်း)သည် ၁၃-၄-၂၀၁၈ရက် ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂)မှ သူငယ်ချင်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း)

**ညွှန်ကြားရေးမှူး(စီမံ၊ ငြိမ်း)**

**ဆည်မြောင်းဦးစီးဌာန**

**အသက်(၆၃)နှစ်**

ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (စီမံ၊ ငြိမ်း)၊ ဗိုလ်မှူးသန်းထွဋ်(ငြိမ်း)သည် ၁၃-၄-၂၀၁၈ရက် ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(စက်မှု)နှင့် ဝန်ထမ်းမိသားစုများ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း)

**ညွှန်ကြားရေးမှူး(စီမံ၊ ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက်(၆၃)နှစ်**

ဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး (စီမံ၊ ငြိမ်း)၊ ဗိုလ်မှူးသန်းထွဋ်(ငြိမ်း)သည် ၁၃-၄-၂၀၁၈ရက် ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**စက်မှုတိုင်း(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်မြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း) အသက်(၆၃)နှစ်

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့) ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၄)**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း) အသက်(၆၃)နှစ်

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့) ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၇)**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း) အသက်(၆၃)နှစ်

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့) ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(စီမံ)နှင့် ဝန်ထမ်းမိသားစုများ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဦးရွှေဖော်သူ

**မြန်မာ့အသံ(ငြိမ်း)**

**(စည်းရုံးရေးဌာနခွဲ-၄၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်)**

**ဥက္ကဋ္ဌ-လုပ်ငန်းစစ်ဆေးရေးအဖွဲ့ မော်လမြိုင်ကျွန်းမြို့နယ်(ငြိမ်း)**

**မောင်တောမြို့နယ်အသင်း**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင် ၉လမ်း၊ အမှတ် ၄၊ ဒုတိယထပ်နေ (ဦးစောလှဖြူ-ဒေါ်သစ္စာဦး)တို့၏သား၊ (ဦးထွန်းမြိုင်-ဒေါ်ငြိမ်းမြ)တို့၏သားသမက်၊ ဒေါ်မြင့်သွင်၏ခင်ပွန်း၊ ဦးသာညွှန့်-(ဒေါ်နှင်းနှင်းဝေ)၊ (ဦးဝင်းအောင်ထွန်း)-ဒေါ်ဝေဝေမြင့်၊ ဦးသိန်းဝင်းဇံ-ဒေါ်ဆွေဆွေမြင့်၊ (ဦးသိန်းဝင်း)-ဒေါ်စောရွှေမြင့်၊ဦးကြည်ထွန်း-ဒေါ်သီတာရွှေ၊ (ဦးမျိုးမြင့်ရွှေ)-ဒေါ်နီနီအောင်၊ ဦးကျော်နိုင်-ဒေါ်ချိုသီထွေးတို့၏ဖခင်၊ မြေး ၂၇ယောက်တို့၏အဘိုး၊မြစ် ၁၂ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၄-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

## ဒေါ်သန်းကျင်(ခ) ရပ်ချင်ကော

**အသက်(၉၀)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၁လမ်း၊ အမှတ် ၅၉နေ (ဦးချန်ကွန်စိန်)၏ဇနီး၊ (ဦးမြတ်ဦး)-ဒေါ်မေအောင်၊ ဒေါ်သန်းသန်းရီ၊ ဦးအောင်ညွှန့်-ဒေါ်နှင်းနှင်း၊ ဦးထွန်းစိန်-ဒေါ်ငွေငွေရီ၊ (ဦးသိန်းညွှန့်)-ဒေါ်မြင့်မြင့်စိန်၊ ဒေါက်တာသောင်းညွှန့်-ဒေါ်တင့်တင့်နွယ်၊ ဦးကြည်ဝင်း-ဒေါ်ခင်ခင်ရီ၊ ဦးငြိမ်းချမ်း-ဒေါ်နွဲ့နွဲ့ကြူတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၄-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၈ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၄-၂၀၁၈ရက်(သောကြာနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးကျော်လင်း(ခ) ဦးရှိမုန်ကျော်လင်း

**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အထက(၁)၊ ပန်းဘဲတန်းကျောင်းဝင်းနေ (ဦးမောင်ရှိန်-ဒေါ်မိုးသူ)တို့၏သား၊ (ဦးကြွေ - ဒေါ်တင်တင်)တို့၏ သားသမက်၊ (ဦးဝင်းမြင့်)-ဒေါ်တောသူတို့၏ညီ၊ ဦးဇော်မျိုးအောင်-ဒေါ်အုန်းမြင့်၊ ဦးမောင်ကံ-ဒေါ်စန်းငွေ၊(ဦးမောင်သန်းလွင်)-ဒေါ်အိတုန်၊ ဦးကျော်မင်း-ဒေါ်ချိုမာ၊ ဦးစိန်လင်း-ဒေါ်ဝင်းမော်တို့၏အစ်ကို၊ စောဘွဲ့စေး-မဝင်းဝင်းအေး၊ စောဘွဲ့ထူး-နန့်ခင်မို့မို့ကျော်၊ နန့်ရှသရွှန်းရွှေရည်လင်းတို့၏ ဖခင်၊ နန့်သော်တာ၏ခင်ပွန်း၊ စအိုက်ဇက်ပြည့်စုံ၊ စမာကုမြင့်မြတ်ထူးတို့၏အဘိုး၊ တူ၊ တူမ ၃၃ယောက်တို့၏ ဦးလေးသည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့)ညနေ ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင်ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ယဉ်ရွှေ (တောင်တွင်းကြီးမြို့)

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံရိပ်ငြိမ် ၅လမ်း၊ အမှတ် ၄၈နေ (ဦးညိမ်-ဒေါ်တင့်)တို့၏သမီး၊ (ဦးဘချို)၏ဇနီး၊ ဦးရဲမြင့်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးရဲညွှန့်-ဒေါ်တင်တင်ဝင်း၊ ဦးရဲသိန်း၊ ဒေါ်သန်းသန်းဌေး၊ ဦးဖုန်းလွင်(ဒုတိယညွှန်ကြားရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်)-ဒေါ်ခင်မမ(ဦးစီးအရာရှိ၊ မြောက်ပိုင်းခရိုင်ပညာရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး)တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၃ယောက်တို့၏အဘွားသည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့) ည ၁၁း၄၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၄-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက်တွင် အမှတ် ၄၈၊ စံရိပ်ငြိမ် ၅လမ်း၊ ကမာရွတ်မြို့နယ်၊ ဦးဖုန်းလွင်-ဒေါ်ခင်မမ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှကျင် (ရှင်ကီးစတိုး)

**ကျုံပျော်၊ ဇရပ်လှ**

**အသက်(၉၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ အမှတ် ၁၃၇၊ ဗိုလ်ချုပ်လမ်းနေ [ဒေါ်သန်းရင်(ခ)ဒေါ်နွေးပု]၏ခင်ပွန်း၊ ဒေါ်ခင်မာသန်း-(ဒေါက်တာကြည်လှိုင်)၊ (ဒေါ်သန်းသန်းနု)၊ ဒေါ်မိမိမော်-ဗိုလ်မှူးချုပ်တင်မောင်ဆွေ(စစ်သံမှူး၊ လန်ဒန်မြို့)တို့၏ဖခင်၊ ဒေါက်တာသော်သော်လှိုင်(လက်ထောက်ကထိက၊ ဓာတ်မှန်ဌာန၊ ဆေးတက္ကသိုလ်-၁)-ကိုကျော်ဇင်မြင့်၊ ဒေါက်တာဇင်ဇင်ညိမ်း-ဗိုလ်ကြီးတေဇာထွန်း(စခန်းမှူးရုံး၊ နေပြည်တော်)၊ မောင်ကောင်းဇော်ထွေး၊ မောင်ကောင်းခန့်သော်(နောက်ဆုံးနှစ်၊ အပိုင်း-ခ၊ ဆေးတက္ကသိုလ်-၁)တို့၏အဘိုး၊ မသျှင်မဒီစံ၏ဘိုးဘိုးကြီးသည် ၁၄-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၄-၂၀၁၈ရက်(တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် အုန်းသုံးပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးမန်းဘာပန်း(ခ)ဦးဒဲနစ်

**အသက်(၈၃)နှစ်**

ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးဝင်းနိုင်၏ဖခင် ဦးမန်းဘာပန်း(ခ)ဦးဒဲနစ် အသက်(၈၃)နှစ်သည် ၁၁-၄-၂၀၁၈ရက် ညနေတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရတနာပုံတက္ကသိုလ်မိသားစု**

**မြင်းခြံဒီဂရီကောလိပ်မိသားစု**

**မန္တလာဒီဂရီကောလိပ်မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ကြည်(ခ)ဒေါ်သက်ရှည်

**အသက်(၈၃)နှစ်**

ဦးဝေလွင်-ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်တို့၏ ချစ်လှစွာသောမိခင်သည် ၁၂-၄-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၄း၄၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော်-မသက်**

**သားသားနှင့်မီးမီး**

## ဦးထွန်းအေး

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ (ဦးကျင်မာ-ဒေါ်မြအေး)တို့၏သား၊ (ဦးသွင်-ဒေါ်ကျင်ရွှေ)တို့၏သားသမက်၊ ဒေါ်စိန်စိန်၏ခင်ပွန်း၊ ဒေါ်မြသီတာ-(ဦးစိန်သန်း)၊ ဦးဥက္ကာကျော်-ဒေါ်မို့မို့ခိုင်၊ ဦးအာကာကျော်-ဒေါ်ထိုက်ထိုက်ဝေ၊ ဦးသတိုးအောင်-ဒေါ်ခိုင်မာလာကျော်၊ ဦးအောင်အောင်-ဒေါ်ပေမာကျော်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၃-၄-၂၀၁၈ရက် (သောကြာနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၆၀/က၊ မဋ္ဌူလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း) အသက်(၆၃)နှစ်

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့) ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၁)**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးသန်းထွဋ်(ငြိမ်း) အသက်(၆၃)နှစ်

**ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ဖလမ်း၊ ၉မိုင်၊ အမှတ် ၅၇၂၊ A-2 နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ရက်(သောကြာနေ့)ည ၁၀း၀၅နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**စီမံကိန်းနှင့် လုပ်ငန်းဌာနခွဲ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီးများ ရခိုင်ရိုးရာမဟာသင်္ကြန် ရေလောင်းမဏ္ဍပ်ဖွင့်ပွဲတွင် ပျော်ရွှင်စွာပါဝင်ရေပက်ကစားစဉ်။ သတင်းစဉ်

# နေပြည်တော်ရှိ ရခိုင်ရိုးရာမဟာသင်္ကြန် ရေလောင်းမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကျင်းပ

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်းနှင့်အဖွဲ့ ပျော်ရွှင်စွာရေပက်ကစား

**နေပြည်တော် ဧပြီ ၁၄**

ရခိုင်ရိုးရာမဟာသင်္ကြန် ရေလောင်းမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်အကျနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ရာဇသင်္ဂဟလမ်းမပေါ်ရှိ အဆိုပါမဏ္ဍပ်၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်းတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်အဖွဲ့က ရခိုင်စည်တော်တီးခတ်၍ ဖွင့်လှစ်ပြီး အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်တို့က ရခိုင်ရိုးရာမဟာသင်္ကြန်ရေလောင်းမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❒

## မာတိကာ


**သင်္ကြန်ကာလ ယာဉ်စီးခပိုမိုတောင်းခံနေသော YBS ယာဉ်များ တိုင်ကြားလာပါက ထိထိရောက်ရောက် အရေးယူမည်** — စာမျက်နှာ - ၇

**ပုဂံမြို့တွင် ခြင်ဆေးခွေမီးမှတစ်ဆင့် ဟိုတယ်အဆောက်အအုံမီးလောင်** — စာမျက်နှာ - ၁၂

**အနောက်နိုင်ငံများက ဆီးရီးယားကို လေကြောင်းမှ တိုက်ခိုက်မှုအပေါ် အီးယူထောက်ခံ** — စာမျက်နှာ - ၁၄


# နေပြည်တော်၌ မဟာသင်္ကြန်အကျနေ့ ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲ



မဟာသင်္ကြန်အကျနေ့က နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်သို့ လာရောက်သည့် ရေပက်ခံကားပေါ်၌ လူငယ်များ ပျော်ရွှင်မြူးထူးနေသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၁၄**

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်အကျနေ့တွင် နေပြည်တော်မြို့တော်သူ မြို့တော်သားများသည် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေပက်ခံကားများ၊ ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ Sky Net ရေကစားမဏ္ဍပ်၊ နေပြည်တော်၊ ပျဉ်းမနား၊ လယ်ဝေးနှင့် တပ်ကုန်းမြို့များရှိ လမ်းလျှောက်သင်္ကြန်များတွင် သင်္ကြန်ချစ်သူများ ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။

မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် လာရောက်ရေကစားကြသူများဖြင့် စည်ကားလျက်ရှိပြီး မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ

စာမျက်နှာ ၄ ကော်လံ ၁ ❖